# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ သောကြာနေ့ အတွဲ (၅၉)၊ အမှတ်(၀၂၅)


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့သော နည်းဟူမူကား အဆင်းအနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့်ဖြစ်၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့်အဖွဲ့ ဂျပန်နိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၄

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် ဂျပန်ဧကရာဇ် ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ဂျပန်နိုင်ငံမှ All Nippon Airways လေကြောင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီး တင်စိုး၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် သံရုံးမိသားစုများက နာရီတာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချီရို မာရူယားမားနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်

## မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စအတွက် ရေရှည်တည်တံ့မည့် နည်းလမ်းရှာဖွေဖြေရှင်းရာတွင် အထူးကိုယ်စားလှယ်နှင့် ဆက်လက်ပူးပေါင်းသွားမည်

*စာမျက်နှာ - ၃*

## အိန္ဒိယနှင့် ဖိလစ်ပိုင် ကာကွယ်ရေးဆိုင်ရာ ဆက်ဆံမှု အားကောင်းအောင် ဆောင်ရွက်လျက်ရှိ

*စာမျက်နှာ - ၁၄*


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# သမိုင်းနှင့် ဆက်စပ်နေသော မြကျွန်းညိုညို

ရန်ကုန်တက္ကသိုလ်ကို အမိတက္ကသိုလ်ဟု တင်စားခေါ်ဝေါ်ကြလေ့ရှိ၏။ မြန်မာနိုင်ငံအတွင်းက တက္ကသိုလ်များအားလုံး၏ မူလအရင်းအမြစ် မိခင်ကျောင်းကြီးအနေဖြင့် တင်စားကာ သုံးနှုန်းကြခြင်းဖြစ်ပါသည်။ သည်မိခင်ကြီး၏ သက်တမ်းက မကြာမီကာလတွင် နှစ်တစ်ရာပင် ပြည့်တော့မည်။

ဗြိတိသျှကိုလိုနီအစိုးရက တက္ကသိုလ်အက်ဥပဒေ ရေးဆွဲပြီး ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ်တွင် ဖွင့်လှစ်ပါသည်။ ငွေကြေးကုံလုံကြွယ်ဝတတ်နိုင်သူ လူတန်းစားများသာ အဆင့်မြင့်ပညာသင်ခွင့်ရမည်၊ ဗြိတိသျှအုပ်ချုပ်ရေးစနစ်ကို အထောက်အပံ့ပြုစေမည်ဆိုသည့်မျှော်မှန်းချက်များကို ဦးတည်ရေးဆွဲသည့် ဥပဒေဖြစ်သည့်အတွက် ဥပဒေအတည်မပြုခင်၊ ကျောင်းမဖွင့်ခင် ကောလိပ်ကျောင်းသားကြီးများက ကန့်ကွက်ကြ၏။ မိဘပြည်သူတို့ကလည်း ကျောင်းသားတို့ကို ထောက်ခံ၏။ သည်လိုကြားကပင် ဥပဒေကို အနည်းငယ်မျှ ပြင်ဆင်သည်ဆိုရုံမျှ ပြင်ဆင်ကာ အတည်ပြုပြီး ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်ခဲ့၏။ ကျောင်းသားကြီးတို့နှင့် ပြည်သူတို့ ဖြစ်စေချင်သလို ဥပဒေအပြောင်းအလဲမဖြစ်ခဲ့ရသော်လည်း အဆိုပါကောလိပ်ကျောင်းသားကြီးတို့၏ ဆန္ဒပြသပိတ်မှောက်ပွဲက ဗြိတိသျှနယ်ချဲ့ကို တုန်လှုပ်သွားစေသည့် တိုက်ပွဲတစ်ခုဖြစ်ခဲ့သည်။ ထို့ပြင် ပြည်သူလူထုအကြားတွင် အမျိုးသားလွတ်လပ်ရေးစိတ်ဓာတ်များ နိုးကြားသွားစေသည့် လှုပ်ရှားမှုတစ်ခုအဖြစ် သမိုင်းတွင်ခဲ့လေသည်။

ရန်ကုန်တက္ကသိုလ်ကျောင်းနှင့်အတူ အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲက အရေးပါသည့် သမိုင်းမှတ်တမ်းဖြစ်ခဲ့သည်ဟု ဆိုရပါမည်။ ဤသမိုင်းမှတ်တမ်းနှင့် ရန်ကုန်တက္ကသိုလ်သည် အနှစ်တစ်ရာ သက်တမ်းပြည့်တော့မည်။ လူတစ်ဦးအနေဖြင့်မူ အနှစ်တစ်ရာသက်တမ်းဆိုသည်မှာ အိုမင်းပြီ၊ စွမ်းအားများ ကျဆင်းလျော့နည်းလာပြီဟု ဖြစ်လေ့ရှိသော်လည်း ရန်ကုန်တက္ကသိုလ်က နုမျစ်နေဆဲ။ ပျိုနေဆဲ။

နိုင်ငံ၏ သမိုင်းအမွေအနှစ် ယဉ်ကျေးမှုအမွေအနှစ်၊ ရန်ကုန်၏ မြို့ပြအမွေအနှစ်အဖြစ် ထိန်းသိမ်းစရာများ၊ မေ့ပစ်ဖို့ မဖြစ်နိုင်အောင် ရှိခဲ့သော တန်ဖိုးများ၊ သဘာဝပတ်ဝန်းကျင် စိမ်းစိုလန်းဆန်းမှုတို့ကအစ ရန်ကုန်တက္ကသိုလ်နှင့် ဝန်းကျင်တစ်ခုလုံးသည် မြတ်နိုးစရာများချည်းသာ။

ကျောင်းသားခေါင်းဆောင် အမျိုးသားခေါင်းဆောင် ကိုအောင်ဆန်း နေထိုင်ခဲ့သော ပဲခူးဆောင်၊ ပညာတတ်များ၊ စာရေးဆရာ၊ အနုပညာရှင်များ စတည်းချခဲ့သော အင်းယားဆောင်၊ သီရိဆောင် အစရှိသော ကျောင်းသားဆောင်များ၊ အင်းလျားကန်၊ သစ်ပုတ်ပင်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်၊ ဖြိုချဖျက်ဆီးခံခဲ့ရသည့် ကျောင်းသားသမဂ္ဂမြေနေရာ အစရှိသည့် အမှတ်ရစရာများကလည်း လွမ်းမောဖွယ်များပင်။

မြန်မာနိုင်ငံအတွက် အရေးပါသော အထင်ကရ နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံတကာအထိ ဝင်ဆံ့ ကျယ်ပြန့်ခဲ့ကြသော ပညာတတ်ပညာရှင်ကြီးများ၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနယ်ပယ်အသီးသီးက ရှေ့တန်းခေါင်းဆောင်ခဲ့သူများ၊ စာပေနှင့် အနုပညာရှင်များ စသည်စသည် များစွာကို ရန်ကုန်တက္ကသိုလ်က မွေးထုတ်ခဲ့ပေသည်။

နိုင်ငံရေးအပြောင်းအလဲများ၊ မတည်ငြိမ်မှုများ၊ မရင့်ကျက်သူတို့၏ အာဃာတများ၊ အမြော်အမြင်နည်းပါးမှုများကြောင့် ကာလအပိုင်းအခြားတစ်ခု ယိုင်နဲ့သွားခဲ့သလို ရှိသော်လည်း ယခုအခါတွင်မူ ရန်ကုန်တက္ကသိုလ်သည် ရှေ့ခရီးဆက်ရန် အရှိန်ယူနေပြီ ဖြစ်ချေသည်။

အရောင်အသွေးစုံလင်သော ပျိုရွယ်သူ မျိုးဆက်သစ်တို့ ဝေဝေဆာဆာဖြင့် လှုပ်ရှားမှုများကို ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းတွင် တွေ့ မြင်နေရသည်။ အမိတက္ကသိုလ်၊ မြကျွန်းညိုညို၊ ကံ့ကော်တော စသည်ဖြင့် ခေတ်အဆက်ဆက်မှာ ပုံစံအမျိုးမျိုး၊ မြတ်နိုးမှုအစုံစုံဖြင့် တင်စားခဲ့သော ရန်ကုန်တက္ကသိုလ်မှာ နှစ်တစ်ရာပြည့် မွေးနေ့ပွဲကို ကျင်းပရန် အဆင်သင့်ပြင်နေပြီ။

ရန်ကုန်တက္ကသိုလ်ကို ဖြတ်သန်းခဲ့ကြဖူးသူများ၊ အဝေးမှသာ လွမ်းမောခဲ့ရသူများ၊ သမိုင်းမှတ်တမ်းများမှတစ်ဆင့် မြတ်နိုးတန်ဖိုးထားခဲ့ကြသူများ၊ တစ်နည်းဆိုရလျှင် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံးပါဝင်ဆင်နွှဲကြရမည့် ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အချိန်ကား နီးကပ်လာနေပြီတည်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၄၉/၂၀၁၉) ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၄**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၄၉/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး(၄၉/၂၀၁၉) ကျင်းပစဉ်။

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ခတ်ပြားနှင့် ခတ်ပြားစက်များ လှူဒါန်းနိုင်

**နေပြည်တော် အောက်တိုဘာ ၂၄**
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ အလှူရှင်များမှ ခေတ်ဟောင်း (အင်္ဂလိပ်/မြန်မာ) ခတ်ပြားများနှင့် ခတ်ပြားစက်များအား ဆက်သွယ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၂ ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း ရွှေကမ္ဘာတာဝါ အမှတ်(၁၇၈)(၁၈၀)နေ ဦးဝင်းမြင့်မိသားစုက ကက်ဆက်ခွေ (တရားတော်+တေးစီးရီး) အခွေ ၁၄၀၊ အောက်တိုဘာ ၅ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း အမှတ်(၈၅)နေ ဦးမင်းလွင်မိသားစုက မြန်မာခေတ်ဟောင်းခတ်ပြား အချပ် ၃၀၊ အောက်တိုဘာ ၁၁ ရက်တွင် မွန်ပြည်နယ် သထုံမြို့ လိပ်အင်းရွာဦးတာလမ်း အမှတ်(၁၀၃၃)နေ ဦးစံထိုက်မိသားစုက အင်္ဂလိပ်ခေတ်ဟောင်းခတ်ပြား ၂၃ ချပ်၊ အောက်တိုဘာ ၁၂ ရက်တွင် ရန်ကုန်မြို့ တာမွေမြို့နယ် (၁၆၂)လမ်း အမှတ်(၁၆)၊ (၃)လွှာနေ ဒေါ်ချိုချိုအုန်း မိသားစုက ကက်ဆက်ခွေ (တရားတော်+တေးစီးရီး) ၅၆ ခွေ၊ တေးစီးရီး CD အချပ် ၃၀ ၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ဓမ္မာရုံဖြတ်လမ်း၊ အမှတ်(၄၀)နေ ဖခင်ကြီး ဦးထွန်းအေး+မိခင်ကြီး ဒေါ်မြဝင်းအား ရည်စူး၍ သားသမီးမြေးမြစ်တစ်စုက ကက်ဆက်ခွေ (တရားတော်+တေးစီးရီး) ၈၆ ခွေ၊ တေးစီးရီး CD ၂၄ ချပ်၊ Sony ကက်ဆက် တစ်လုံး၊ Panasonic VCR တစ်လုံး၊ Sony DVD တစ်လုံး၊ SAMSUNG VCD တစ်လုံး၊ ဂြိုဟ်တုစလောင်း တစ်ခု၊ အောက်တိုဘာ ၁၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့ (၆)ရပ်ကွက် ခိုင်စံပယ်လမ်း အမှတ်(၅၆)နေ(ဦးတင်ဝင်း)+ဒေါ်ကြည်မိသားစုက (တရားတော်+တေးစီးရီး) ကက်ဆက်ခွေ ၄၉ ခွေ၊ အောက်တိုဘာ ၁၇ ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၁) ရပ်ကွက် မြရတနာလမ်း အမှတ်(၅၇၆)နေ ဗိုလ်မှူး ဒေါ်ခင်မျိုးနွယ်(အငြိမ်းစား)မိသားစုက မြန်မာခေတ်ဟောင်း ခတ်ပြား ၃၆ ချပ်၊ အောက်တိုဘာ ၂၂ ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ချမ်းသာပလာဇာ(၁၁)လွှာ အခန်း(၄)နေ ဒေါ်စန်းရီ မိသားစုက တရားတော်ကက်ဆက်ခွေ ၂၈ ခွေ၊ အောက်တိုဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅၁)လမ်း (အလယ်) ယူနိုက်တက် ကွန်ဒို အမှတ်(၁၂၆/၁၂၈)နေ ဦးဝင်းမြင့်၊ ဒု-မန်နေဂျာ(ငြိမ်း) မြန်မာ့သစ်လုပ်ငန်း Export + ဆရာမကြီး ဒေါ်ခင်မျိုးယဉ်၊ သမီး မခင်သူဇာဝင်းမိသားစုက မြန်မာခေတ်ဟောင်းခတ်ပြား ရှစ်ချပ်၊ အင်္ဂလိပ်ခေတ်ဟောင်းခတ်ပြား ၁၂၆ ချပ်တို့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးခွဲ (ရန်ကုန်)သို့ ဆက်သွယ်လှူဒါန်းခဲ့ကြသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် ခေတ်ဟောင်း(အင်္ဂလိပ်/မြန်မာ)ခတ်ပြားများနှင့် ခတ်ပြားစက်များအား ထိန်းသိမ်းထားရှိလိုသဖြင့် လှူဒါန်းလိုသူများရှိပါက ဦးရန်နိုင်ထွန်း လက်ထောက်ညွှန်ကြားရေးမှူး(မှတ်တမ်း) ဖုန်း-၀၆၇-၇၉၂၈၀၀၊ ဖုန်း-၀၉-၂၅၂၄၁၂၈၀၃၃၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)နှင့် ဦးတင်အုန်း(ဦးစီးအရာရှိ) ဖုန်း-၀၉-၄၂၀၂၅၂၀၆၈၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးခွဲ (ရန်ကုန်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် အောက်တိုဘာ ၂၄**
ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သီပေါမြို့တွင် ၀ ဒသမ ၉၀ လက်မနှင့် ကျောက်မဲမြို့တွင် ၀ ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

❐ *ရှေ့ဖုံးမှ*

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ရန်ကုန်မြို့သို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချီရို မာရူယားမားနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့်အဖွဲ့အား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီး တင်စိုးနှင့် တာဝန်ရှိသူများက နာရီတာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ သတင်းစဉ်

# (၇၄) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်ညှော့ခံပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

(၇၄) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်ညှော့ခံပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ MGallery ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၇၄) နှစ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

### သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေကိုယ်စားလှယ်၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ ကိုယ်စားလှယ်နှင့် ညွှန်ကြားရေးမှူး Mr. Andrew Kirkwood က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ကုလသမဂ္ဂအဖွဲ့အစည်းကြီး ဖွဲ့စည်းဖြစ်ပေါ်လာပုံ၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုများအား ဗီဒီယိုမှတ်တမ်းဖြင့် ပြသသည်။

ညှော့ခံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီး/သံရုံးအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း နိုင်ငံတော်သမ္မတထံမှ (၇၄) နှစ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စအတွက် ရေရှည်တည်တံ့မည့် နည်းလမ်းရှာဖွေဖြေရှင်းရာတွင် အထူးကိုယ်စားလှယ်နှင့် ဆက်လက်ပူးပေါင်းသွားမည်




ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း။

**နေပြည်တော် အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ်အရေးကိစ္စအား ရေရှည်တည်တံ့မည့် နည်းလမ်းများ ရှာဖွေဖြေရှင်းရာတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် အပါအဝင် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများနှင့် စိတ်ရင်းမှန်စွာဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်က ပြောကြားလိုက်သည်။

(၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီ (လူမှုရေး၊ လူသားချင်းစာနာမှုနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ) ၏ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး ဘာသာရပ်ဆိုင်ရာ အစည်းအဝေးများကို အောက်တိုဘာ ၂၃ ရက်တွင် ဆက်လက်ပြုလုပ်ခဲ့သည်။ ယင်းအစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Christine Burgener က အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာအား ကော်မတီသို့ တင်သွင်းခဲ့သည်။

အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာနှင့် ပတ်သက်ပြီး အပြန်အလှန်ဆွေးနွေးမှုပြုလုပ်ရာတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က သက်ဆိုင်ရာနိုင်ငံအနေဖြင့် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ အဆိုပါမိန့်ခွန်းတွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၊ အာဆီယံနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ လည်းကောင်း၊ နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ လည်းကောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ခံမှုတာဝန်ယူမှုနှင့် ပတ်သက်၍ လည်းကောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်နေမှုများနှင့် ပတ်သက်၍လည်းကောင်း ထည့်သွင်းပြောကြားခဲ့သည်။

နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် အမြဲတမ်းကိုယ်စားလှယ်က ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာပြည်သူများ၏ ရည်မှန်းချက်များကို အပြုသဘောဆောင်သည့် ချဉ်းကပ်မှုများဖြင့် ပံ့ပိုးကူညီပေးပါရန် တိုက်တွန်းပြောကြားခဲ့သည်။ **သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဂျပန်ဧကရာဇ်နာရူဟီတို၏ ထီးနန်းတက်ပွဲတက်ရောက်ရန် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ဂျပန်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်ဧကရာဇ် နာရူဟီတို၏ ထီးနန်းတက်ပွဲတက်ရောက်ရန်အတွက် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ဂျပန်နိုင်ငံသို့ တရားဝင်ခရီး သွားရောက်ခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ၂၀-၁၀-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာပြီး ဟာနေဒါအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ၂၁၅၀ နာရီတွင် ရောက်ရှိကြသည်။ လေဆိပ်တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ကီမီနိုရီ အီဝါမာ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူ၊ စစ်သံမှူး ဗိုလ်မှူးကြီးတင်စိုး၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတကာမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အဆင့်မြင့် ကိုယ်စားလှယ်များ ၂၂-၁၀-၂၀၁၉ ရက်က ဂျပန်ဧကရာဇ် နာရူဟီတို၏ ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။

၂၁-၁၀-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး အား နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံပါသည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆက်လက်တိုးမြှင့်ရေး၊ သီလဝါစက်မှုဇုန်အပါအဝင် မြန်မာ-ဂျပန် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများအား ဆက်လက်တိုးမြှင့်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ဂျပန်အစိုးရက ဆက်လက်အကူအညီပေးအပ်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နေ့လယ်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုကျိုမြို့ Meiji Kinenkan ခန်းမ၌ ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့ (JETRO) ဥက္ကဋ္ဌ မစ္စတာ ကာဇုရှိဂဲ နိုဘူတာနိနှင့်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် ဂျပန်နိုင်ငံမှ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ပိုမို လာရောက်ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များ၊ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍလုပ်ငန်းများတွင် လာရောက် ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များနှင့် JETRO မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Meiji Kinenkan ခန်းမ၌ JETRO မှ ကြီးမှူးကျင်းပပြုလုပ်သည့် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး အဖွင့်မိန့်ခွန်း ပြောကြားသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်မိန့်ခွန်းတွင် မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ထုံးလုပ်နည်း ဖြေလျှော့ရေး လုပ်ငန်းစဉ်နှင့်သက်ဆိုင်သည့် အချက်အလက်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့အတွက် မြန်မာအစိုးရ၏ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များနှင့် ကတိကဝတ်များ၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအလားအလာများနှင့် မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒပြုပြင်ပြောင်းလဲမှုများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေတွင်ပါဝင်သည့် အားသာချက်များနှင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်မြို့ရှိ JETRO ရုံးမှ မန်နေဂျင်းဒါရိုက်တာ မစ္စတာ ကာဇုဖုမိ တာနာကာမှ မြန်မာနိုင်ငံတွင် လုပ်ကိုင်နေကြသော ဂျပန်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် "မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပတ်ဝန်းကျင် အပေါ် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လျက်ရှိကြသော ဂျပန်ကုမ္ပဏီများ၏အမြင်" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပသည်။ ဆွေးနွေးပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသော ဂျပန်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် JETRO မှ မန်နေဂျင်းဒါရိုက်တာတို့က မြန်မာ-ဂျပန်နှစ်နိုင်ငံ စီးပွားရေးနှင့် ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၇၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် တိုကျိုမြို့ရှိ မြန်မာသံရုံး၌ မြန်မာသံအမတ်ကြီး ဦးမြင့်သူ ဦးဆောင်သော မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားပြီး မြန်မာသံရုံးမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၂-၁၀-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ်နှင့် ဂျပန်-မြန်မာလွှတ်တော်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ အိချိရို အိုင်ဆာဝါနှင့်အဖွဲ့အား ခေတ္တတည်းခိုသည့် Imperial Hotel ၌ တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေး၊ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရေး၊ သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတွင် ပါဝင်အထောက်အကူပြုရေး၊ ဂျပန်-မြန်မာလွှတ်တော်ချစ်ကြည်ရေးအသင်းမှဦးစီး၍ ဂျပန်-မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတွင် ချယ်ရီပင်များစိုက်ပျိုးနေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘူတန်နိုင်ငံဘုရင် Jigme Khesar Namgyel Wangchuck နှင့် မိဖုရား Jetsun Pema တို့အား ဟိုတယ်၌ တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဘူတန် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းရေး၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်တို့ တက်ရောက်ကြသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

နေ့လယ်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘုရင်နန်းတော်တွင် ကျင်းပသည့် ဂျပန်ဧကရာဇ် နာရူဟီတို၏ ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ထီးနန်းတက်ပွဲအခမ်းအနားတွင် ဂျပန်ဧကရာဇ် နာရူဟီတိုက မိန့်ခွန်းပြောကြားပြီး ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ဝမ်းမြောက်ဂုဏ်ယူစကား ပြောကြားသည်။ ထို့နောက် ဂျပန်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ဧကရာဇ် နာရူဟီတိုနှင့် မိဖုရား မာဆာကိုတို့အား ချီးမွမ်းထောမနာပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ညပိုင်းတွင် ဂျပန်ဧကရာဇ်နှင့် မိဖုရားတို့မှ ဘုရင်နန်းတော်၌ ထီးနန်းတက်ပွဲတက်ရောက်လာကြသော တော်ဝင်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်ဧကရာဇ်နှင့် မိဖုရားတို့အပြင် တော်ဝင်မင်းသမီး ယိုကိုနှင့်လည်း တွေ့ဆုံခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ၂၃-၁၀-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင် ဟိုတယ်၌ နီကေးသတင်းဌာနမှ မန်နေဂျင်းဒါရိုက်တာနှင့် အယ်ဒီတာချုပ် မစ္စတာ တက်စုရ အိဂုချိမှ လည်းကောင်း၊ မိုင်းအိနိချိသတင်းဌာနမှ ဒုတိယအယ်ဒီတာ မစ္စတာ ရှင်းနိချိ နိရှိဝါကီမှ လည်းကောင်း သီးသန့်တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။

နေ့လယ်ပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဟိုတယ်မှ နိုင်ငံတော်ဧည့်ဂေဟာသို့ ထွက်ခွာပြီး တော်ဝင်မင်းသမီး ယိုကိုနှင့် တွေ့ဆုံသည်။ ထို့နောက် တိုကျိုမြို့၊ မြန်မာသံရုံးသို့ ဆက်လက်ထွက်ခွာပြီး မြန်မာသံရုံးတွင် ဂျပန်နိုင်ငံသို့ ရောက်ရှိပညာသင်ကြားလျက်ရှိသည့် အစိုးရပညာတော်သင်များ၊ မိမိအစီအစဉ်ဖြင့် လာရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။

ညနေပိုင်းတွင် တည်းခိုရာဟိုတယ်မှ New Otani Hotel သို့ ထွက်ခွာခဲ့ပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဇနီးတို့က ဂျပန်ဧကရာဇ် ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ၂၄-၁၀-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင်Imperial Hotel မှ တိုကျိုမြို့၊ နာရီတာလေဆိပ်သို့ ထွက်ခွာကြသည်။ လေဆိပ်တွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူ၊ စစ်သံမှူး ဗိုလ်မှူးကြီးတင်စိုး၊ ဂျပန်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများက ပို့ဆောင်နှုတ်ဆက်ကြသည်။ ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိုကျိုမြို့မှ လေကြောင်းလိုင်းဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေပိုင်းတွင် ဆိုက်ရောက်သည်။ ရန်ကုန်လေဆိပ်တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး မစ္စတာ အိချီရို မာရူယားမားနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဂျပန်ဧကရာဇ် နာရူဟီတို၏ ထီးနန်းတက်ပွဲအခမ်းအနား တက်ရောက်ခဲ့သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဂျပန်နိုင်ငံခရီးစဉ်သည် မြန်မာနှင့် ဂျပန်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကိုလည်းကောင်း၊ နှစ်နိုင်ငံအကြီးအကဲများအကြား အစဉ်အလာအရ တည်ရှိသည့် ထိတွေ့ဆက်ဆံမှုကိုလည်းကောင်း ပိုမိုတိုးတက်ခိုင်မာလာစေခဲ့သည်။ ထို့အပြင် ခရီးစဉ်အတွင်း ဒုတိယအကြိမ် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပါဝင်တက်ရောက်ခဲ့မှုသည် ဂျပန်နိုင်ငံမှ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်နှင့် နှစ်နိုင်ငံအစိုးရများနှင့် ပြည်သူများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတို့ကို တိုးမြှင့်ပေးနိုင်မည့် အခွင့်အလမ်းကောင်းကိုလည်း ရရှိစေခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် တွေ့ဆုံနှုတ်ဆက်စဉ်။
သတင်းစဉ်

# ချီလီနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်းမှတစ်ဆင့် ဒီမိုကရေစီနိုင်ငံသို့ အကူးအပြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အခန်းကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

ချီလီနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်းမှတစ်ဆင့် ဒီမိုကရေစီနိုင်ငံသို့ အကူးအပြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အခန်းကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်က ယခုဆွေးနွေးပွဲတွင် ချီလီနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်း မတိုင်မီကာလ အာဏာရှင် နိုင်ငံရေးအခြေအနေ၊ ချီလီနိုင်ငံ၏ သက်တမ်းနုဒီမိုကရေစီ အသွင်ကူးပြောင်းကာလနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အခန်းကဏ္ဍအပြင် ချီလီနိုင်ငံ၏ အတွေ့အကြုံများကို အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာခြင်း စသည်တို့ကို ဆွေးနွေးတင်ပြမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးတင်ပြချက်များမှတစ်ဆင့် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေကြမ်းများကို ရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ အသိပညာ၊ ဗဟုသုတများ ရရှိမည်သာမက ခုံရုံးအနေဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ ချီလီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အတွေ့အကြုံများကို သိရှိရမည်ဖြစ်သည့်အတွက် ခုံရုံးအနေဖြင့် ဗဟုသုတများစွာ ရရှိလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း။

International IDEA Myanmar နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့သည် မိတ်ဖက်အဖွဲ့အစည်းများဖြစ်ပြီး International IDEA Myanmar အဖွဲ့အစည်းအနေဖြင့် ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော်သစ် ထူထောင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်မှုများ တိုးပွားလာစေရန် ပံ့ပိုးကူညီမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများအတွက် ခုံရုံးအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ထို့နောက် International Institute For Democracy and Electoral Assistance(IDEA) မှ Programme Manager Ms. Kimana Zulueta Fuelscher က နှုတ်ခွန်းဆက်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။**(အပေါ်ပုံ)**




ဆက်လက်၍ ချီလီနိုင်ငံ Universidad Diego Portales တက္ကသိုလ်မှ ပါမောက္ခ Javier Cousom က "ချီလီနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်းမှတစ်ဆင့် ဒီမိုကရေစီနိုင်ငံသို့ အကူးအပြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်က အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခုံရုံးသုတေသနအဖွဲ့မှ အရာထမ်းများ၊ IDEA မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် အတွေ့အကြုံနှင့် အသိပညာများ တိုးပွားလာစေရန်၊ ချီလီနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် သက်ဆိုင်သော အသိအမြင် ဗဟုသုတများ ရရှိလာစေရန်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အတွေးအခေါ်များမြင့်မားလာစေရန် ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် IDEA တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘာကူးမြို့၌ ကျင်းပလျက်ရှိသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၈)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးဆိုင်ရာ ဝန်ကြီးအဆင့် ကြိုတင်ပြင်ဆင်ရေးအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် အောက်တိုဘာ ၂၄

**အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့၌ ကျင်းပလျက်ရှိသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၈)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးအကြို ဝန်ကြီးအဆင့် ကြိုတင်ပြင်ဆင်ရေးအစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ၂၃-၁၀-၂၀၁၉ ရက်နေ့၌ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပြီး ယနေ့ ကမ္ဘာ့စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ကြရန်နှင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း၏ ပြဿနာများကို နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ဖြေရှင်းကြရန် လိုအပ်ကြောင်း အလေးပေးတိုက်တွန်းခဲ့သည်။**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၈)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးအကြို ဝန်ကြီးအဆင့် ကြိုတင်ပြင်ဆင်ရေးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

### စည်းလုံးညီညွတ်မှု ပိုမိုလိုအပ်လာ

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မိန့်ခွန်းပြောကြားရာ၌ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးကို စစ်အေးကာလ အရှိန်မြင့်တက်နေချိန်တွင် ဘန်ဒေါင်းမူဝါဒများကို အခြေခံ၍ စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၅၅ ခုနှစ်က ဘန်ဒေါင်းညီလာခံကို ဦးဆောင်ကျင်းပခဲ့သည့် နိုင်ငံ (၅)နိုင်ငံတွင် မြန်မာနိုင်ငံ ပါဝင်ခဲ့ကြောင်း၊ ဘက်မလိုက်အဖွဲ့ကြီးကို စတင်တည်ထောင်သူများအနေဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသည့် ကမ္ဘာကြီးပေါ်ပေါက်လာစေရန်နှင့် တရားမျှတခြင်း၊ သာတူညီမျှခြင်းတို့နှင့် အတူ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ ကံကြမ္မာကို လွတ်လပ်စွာဖြင့် စဉ်းစားဆုံးဖြတ်နိုင်စေရေးတို့ကို မျှော်မှန်းခဲ့ကြောင်း၊ စစ်အေးကာလ ပြီးဆုံးပြီးနောက် ကမ္ဘာကြီးတွင် ကြီးမားသော ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ သို့သော်လည်း ဘက်မလိုက်လှုပ်ရှားမှု၏ အခြေခံမူကြီးများမှာ ယနေ့တိုင် ဆီလျော်မှန်ကန်နေဆဲဖြစ်ကြောင်း၊ စစ်အေးကာလ ပြီးဆုံးချိန်နောက်ပိုင်း အနည်းငယ်မေ့မိန်သွားခဲ့သည့် ဘန်ဒေါင်းစိတ်ဓာတ်ကို ဘက်မလိုက်အဖွဲ့ဝင်အားလုံး၏ အကျိုးစီးပွားအတွက် ပြန်လည်၍ အင်အားဖြည့်တင်းရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘက်မလိုက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဖွဲ့ကြီး၏ အခြေခံမူကြီးများ၊ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာ အာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားလိုက်နာရေး၊ တရားမျှတမှု၊ သာတူညီမျှမှုနှင့် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် လေးစားမှုရှိရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရေး စသည့်အခြေခံမူဝါဒများကို အစဉ်အမြဲ လေးစားလိုက်နာရန် လိုအပ်ကြောင်း၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ နိုင်ငံရေးအရ အင်အားပြိုင်ဆိုင်မှုကြောင့် မကြာသေးမီက စစ်အေးပုံစံ အသွင်သစ်တစ်မျိုး ပြန်လည်၍ အသက်ဝင်လာခြင်းနှင့် လက်ရှိကုန်သွယ်ရေးနှင့် နည်းပညာစစ်ပွဲများသည် စိန်ခေါ်မှုများကို စုပေါင်းစွမ်းအားဖြင့် တုံ့ပြန်ဖြေရှင်းနိုင်စေရန်အတွက် ဘက်မလိုက်အဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှုကို အရှိန်အဟုန်မြှင့်တင်ရန် ပိုမိုလိုအပ်လာမှုကို ထပ်လောင်း၍ မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

### ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးတည်ဆောက်

ပြည်ထောင်စုဝန်ကြီးက ဘက်မလိုက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်နှင့် ၎င်းတို့၏ ပြည်တွင်းရေးပြဿနာများကို နိုင်ငံ၏ ပကတိအခြေအနေ၊ အနေအထားဖြင့် ဖြေရှင်းခွင့်ရရှိရန် အလှမ်းဝေးနေဆဲဖြစ်ကြောင်း၊ ကမ္ဘာကြီး၏ ဆက်စပ်လွှမ်းခြုံမှုကြောင့် နိုင်ငံအလိုက် နယ်နိမိတ်များအား ဝေဝါးမှေးမှိန်စေခဲ့ပြီး နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို တဖြည်းဖြည်းထိပါးလာမှုများကို တွေ့မြင်လာရကြောင်း၊ ယင်းကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာအပေါ် ထိပါးလာခြင်းကို လူ့အခွင့်အရေးကို ကာကွယ်ရေး ခေါင်းစဉ်အောက်တွင် အများဆုံးတွေ့မြင်နိုင်ကြောင်း၊ လက်ရှိ ကမ္ဘာ့ဖြစ်စဉ် (world order) တွင် မညီမျှမှုများ၊ တရားမမျှတမှုများ၊ စံနှုန်းနှစ်ထပ် သတ်မှတ်ခြင်းနှင့် ကမ္ဘာ့စီးပွားရေးဖြစ်စဉ်တွင် မညီမျှမှုများဖြင့် ပြည့်နှက်နေပြီး ယင်းတို့က ဖွံ့ဖြိုးမှုကွာဟချက်ကို ပိုမိုကြီးမားလာစေကြောင်း၊ ချမ်းသာပြီး အင်အားကြီးမားသည့်နိုင်ငံများက ကမ္ဘာ့သတင်းမီဒီယာကို ထိန်းချုပ်ခြယ်လှယ်၍ မမှန်မကန်... 

ထိပါးလာခြင်းကို လူ့အခွင့်အရေးကို ကာကွယ်ရေး ခေါင်းစဉ်အောက်တွင် အများဆုံးတွေ့မြင်နိုင်ကြောင်း၊ လက်ရှိ ကမ္ဘာ့ဖြစ်စဉ် (world order) တွင် မညီမျှမှုများ၊ တရားမမျှတမှုများ၊ စံနှုန်းနှစ်ထပ် သတ်မှတ်ခြင်းနှင့် ကမ္ဘာ့စီးပွားရေးဖြစ်စဉ်တွင် မညီမျှမှုများဖြင့် ပြည့်နှက်နေပြီး ယင်းတို့က ဖွံ့ဖြိုးမှုကွာဟချက်ကို ပိုမိုကြီးမားလာစေကြောင်း၊ ချမ်းသာပြီး အင်အားကြီးမားသည့်နိုင်ငံများက ကမ္ဘာ့သတင်းမီဒီယာကို ထိန်းချုပ်ခြယ်လှယ်၍ မမှန်တသည့်သတင်းများ ထုတ်လွှင့်နေခြင်းနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများ၏ သဘောထားအမြင်များကို ဖိနှိပ်ထားခြင်းသည် နိုင်ငံတကာ အသိုက်အဝန်း၏ မူဝါဒဆိုင်ရာဆုံးဖြတ်ချက်ချမှတ်မှုများအပေါ် ဆိုးရွားစွာ လွှမ်းမိုးလျက်ရှိကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးအကျိုးအမြတ်ရရှိရေးကို ရည်ရွယ်၍ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အား အလွဲသုံးစားပြုလုပ်ခြင်းကို ခွင့်မပြုသင့်ကြောင်း၊ လက်ရှိရင်ဆိုင်နေရသည့် ကမ္ဘာ့စိန်ခေါ်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် မတူညီသည့် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှုကို မြှင့်တင်ရန် လိုအပ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား ပြဿနာရပ်များကိုလည်း ချစ်ခင်၊ ရင်းနှီးစွာဖြင့် နှစ်နိုင်ငံအကြား ဖြေရှင်းရန် အထူးအရေးကြီးကြောင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ ထိလွယ်ရှလွယ်ကိစ္စရပ်များကို အဖွဲ့ကြီး၏ ဆွေးနွေးမှုအတွင်း၌ ထည့်သွင်းလာခြင်းကို ရှောင်ရှားရမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား စိန်ခေါ်မှုများနှင့် နက်နဲသိမ်မွေ့သည့် ကိစ္စရပ်များကို နားလည်နိုင်ရန် ကြိုးပမ်းခြင်းသည် အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးတည်ဆောက်နိုင်စေမည့် အဓိကအချက်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

### ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်

ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်အပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်တုံ့ပြန်ပြောကြားခဲ့ရာ၌ ရခိုင်ပြည်နယ်ကိစ္စသည် ဘာသာရေးဖိနှိပ်မှု ပြဿနာတစ်ရပ် မဟုတ်ကြောင်းကို အတိအလင်းပြောကြားလိုကြောင်း၊ ထို့ပြင် သတင်းမီဒီယာများ လွဲမှားစွာ ချဲ့ကားပုံဖော်နေကြသကဲ့သို့ တိုင်းရင်းသားမျိုးနွယ်စုတစ်ခုအား နိုင်ငံအတွင်းမှ မောင်းထုတ်နေခြင်းလည်း မဟုတ်ကြောင်း၊ ယင်းကိစ္စအား မျိုးနွယ်စုအား သုတ်သင်ရှင်းလင်းခြင်း (သို့မဟုတ်) လူမျိုးသုဉ်းသတ်ဖြတ်ခြင်းဟု ဘင်္ဂလားဒေ့ရှ်ဘက်မှ သုံးနှုန်းနေသည်ကို မြန်မာနိုင်ငံအနေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း၊ အမှန်စင်စစ် ယင်းသည် ကိုလိုနီခေတ်ကတည်းက ရှိနေခဲ့သည့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု ရောယှက်ပါဝင်နေသည့် နိုင်ငံရေးနှင့် စီးပွားရေးပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ ထိုအချိန်က ဆန်စပါးတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန်အတွက် ဘင်္ဂလားဒေသ အထူးသဖြင့် စစ်တကောင်းဘက်မှ ရွှေ့ပြောင်းလုပ်သားများကို ဗြိတိသျှအာဏာပိုင်များက ရခိုင်ပြည်နယ်အနောက်ပိုင်းရှိ မြို့နယ်များသို့ အလုံးအရင်းနှင့် ပို့ဆောင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ၁၉၇၁ ခုနှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုအတွင်း နယ်စပ်ဖြတ်ကျော်၍ အလုံးအရင်းနှင့် ဝင်ရောက်မှုနောက်တစ်ကြိမ် ထပ်မံပေါ်ပေါက်ခဲ့ကြောင်း၊ နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းပြဿနာတွင် ဆင်းရဲမှု၊ တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံမှုကင်းမဲ့ခြင်းတို့လည်း ထပ်လောင်းရောယှက် ပါဝင်နေကြောင်း၊ ဒေသခံတိုင်းရင်းသား အသိုက်အဝန်းများနှင့် ရွှေ့ပြောင်းနေထိုင်သည့် အသိုက်အဝန်းတို့အကြား တင်းမာမှု၊ အပြန်အလှန် ယုံကြည်မှုကင်းမဲ့ခြင်းနှင့် ကြောက်ရွံ့ခြင်းတို့သည် နက်ရှိုင်းစွာ အမြစ်တွယ်လာခဲ့ကြောင်း၊ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖြစ်ပွားနေသည့် ပြဿနာသည် မြန်မာတစ်နိုင်ငံလုံးကို ကိုယ်စားမပြုကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ အခြားနေရာများတွင် ကိုးကွယ်မှုအယူဝါဒကွဲပြားသူများသည် ငြိမ်းချမ်းစွာနှင့် သဟဇာတမျှတစွာဖြင့် အတူယှဉ်တွဲ နေထိုင်လျက်ရှိပြီး မတူညီသည့် ကိုးကွယ်ယုံကြည်သူများ၏ ဘာသာရေးအဆောက်အဦများသည်လည်း မြန်မာနိုင်ငံရှိ မြို့အများအပြားတွင် တစ်ခုနှင့်တစ်ခု နီးနီးကပ်ကပ် တည်ရှိနေကြကြောင်း၊ ပဋိပက္ခကြောင့် ထိခိုက်ခံခဲ့ရသည့် အသိုက်အဝန်းအားလုံး၏ဒုက္ခကို မိမိတို့အနေဖြင့် အထူးစိုးရိမ်ပူပန်မှုရှိကြောင်း၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတို့တွင် ရဲကင်းစခန်းအများအပြားကို ARSA အကြမ်းဖက်အဖွဲ့က တစ်ပြိုင်နက်တည်း ချိန်ကိုက်တိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့ခြင်းကြောင့် အကြမ်းဖက်မှုများ စတင်ဖြစ်ပေါ်လာရခြင်းဖြစ်သည်ကို မျက်ကွယ်မပြုသင့်ကြောင်း၊ နှစ်ဖက်စလုံး၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အသိုက်အဝန်းအားလုံး ထိခိုက်ခံစားခဲ့ရကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

### နိုင်ငံတကာမှ ဖိအားပေးရန် ကြိုးပမ်းနေ

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်သူအားလုံးအတွက် ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုရရှိစေမည့် ရေရှည်တည်တံ့သည့် ဖြေရှင်းမှုရရှိအောင်ဆောင်ရွက်ရေးကို အစိုးရအနေဖြင့် အပြည့်အဝ ကတိကဝတ် ထားရှိပါကြောင်း၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား အရေးအကြီးဆုံး ဆောင်ရွက်ရမည့်ကိစ္စရပ်မှာ နေရပ်စွန့်ခွာသူများ နေရပ်ပြန်လာရေးကို အနှောင့်အယှက်ပေးနေသည့် အတားအဆီးများကို နှစ်နိုင်ငံအကြား သဘောတူညီထားပြီးဖြစ်သည့် ယန္တရားများနှင့်အညီ အတူတကွ ဖြေရှင်းရေးပင်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း နေထိုင်ခဲ့ကြောင်း စိစစ်ပြီးသူများအားလုံးကို ပြန်လည်လက်ခံရန် အဆင်သင့်ရှိကြောင်းကို မြန်မာဘက်မှ ထပ်တလဲလဲ ထုတ်ဖော်ပြောကြားထားပြီးဖြစ်ကြောင်း၊ ယခုကိစ္စရပ်သည် လူဝင်မှုကိစ္စနှင့် သက်ဆိုင်သည့်ကိစ္စရပ်ဖြစ်သည့်အတွက် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်ကို အတိအကျလိုက်နာပါက ၁၉၉၂ ခုနှစ်က ဆောင်ရွက်ခဲ့သည့်နည်းတူ နေရပ်ပြန်လာရေးလုပ်ငန်းစဉ်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဓိက အတားအဆီးတစ်ခုမှာ ကော့ဇ်ဘဇားစခန်းများရှိ နေရပ်ပြန်လာရေးလုပ်ငန်းစဉ်ကို မလိုလားသည့် ARSA အကြမ်းဖက်အဖွဲ့နှင့် သဘောထားတင်းမာသည့်အုပ်စုများက ၎င်းတို့၏ နိုင်ငံရေးရည်ရွယ်ချက်ရရှိစေရန်အတွက် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ ဖိအားပေးရန် ကြိုးပမ်းနေမှုဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ကော့ဇ်ဘဇားရှိ စခန်းများတွင် ယင်းအကြမ်းဖက်အုပ်စုများ တည်ရှိနေခြင်းကို မျက်ကွယ်ပြုမထားသင့်ကြောင်း၊ ၎င်းတို့သည် နေရပ်စွန့်ခွာသူများအား ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်ပြည့်ဝစေရန်အတွက် အသုံးချလျက်ရှိပြီး ခြိမ်းခြောက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ARSA အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်မှုများရှိနေသော်လည်း နေရပ်စွန့်ခွာသူ ၃၅၀ ကျော်သည် ၎င်းတို့၏ အစီအစဉ်ဖြင့် ဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာခဲ့ပြီဖြစ်ကြောင်း၊ ယမန်နေ့က နေရပ်စွန့်ခွာသူနောက်ထပ် ၂၉ ဦး ရခိုင်ပြည်နယ်သို့ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် ဘေးကင်းစွာနှင့် ဂုဏ်သိက္ခာရှိစွာဖြင့် အခြေချနေထိုင်လျက်ရှိကြကြောင်း၊ နေရပ်သို့ ပြန်လာလိုကြောင်း အတိအလင်းဆန္ဒထုတ်ဖော် ပြောကြားထားပြီးဖြစ်သည့် ဟိန္ဒူလူမျိုး ၄၄၄ ဦးကို ပြန်လည်ပို့ဆောင်ပေးရန် အကြိမ်ကြိမ် ပြောကြားနေသော်လည်း ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်ပို့ပေးခြင်း မရှိသေးကြောင်း၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံ၊ ဒေသတွင်းနှင့် ပြင်ပမှ မိတ်ဖက်များနှင့် ပူးပေါင်း၍ နေရပ်ပြန်လာမည့်သူများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ခုဖန်တီးပေးရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စသည် နက်နဲရှုပ်ထွေးပြီး အသိုက်အဝန်းများအကြား ယုံကြည်မှုနှင့် သဟဇာတရှိမှု တည်ဆောက်နိုင်ရန်နှင့် အသိပညာပေးရန်အတွက် အချိန်နှင့် အခြေအနေပေးရန် လိုအပ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် လက်မှတ်ရေးထိုးထားသည့် နှစ်နိုင်ငံသဘောတူညီချက်ကို အခြေခံ၍ ဘင်္ဂလားဒေ့ရှ်နှင့် ပူးပေါင်း၍ လက်ရှိပြဿနာကို ဖြေရှင်းသွားရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

### ဆက်လက်ကျင်းပသွားမည်

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၈)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်မှ ၂၆ ရက်အထိ အဇာဘိုင်ဂျန်နိုင်ငံ၊ ဘာကူးမြို့၌ ဆက်လက်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ဂျပန်နိုင်ငံသို့ ရုပ်ရှင်၊ ရုပ်သံနှင့် သတင်းဌာနများ လေ့လာရန်နှင့် တိုကျိုနိုင်ငံတကာရုပ်ရှင်ပွဲတော် တက်ရောက်ရန် ထွက်ခွာ



**ရန်ကုန်  အောက်တိုဘာ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အဖွဲ့သည် ဂျပန်နိုင်ငံသို့ ရုပ်ရှင်စတူဒီယိုနှင့် သင်တန်းကျောင်းများ၊ ရုပ်ရှင်စာကြည့်တိုက်၊ ပြတိုက်နှင့် မော်ကွန်းတိုက်များ၊ ရုပ်သံနှင့် သတင်းဌာနများ၊ ရုပ်ရှင်ဝန်ဆောင်မှုနှင့် ထုတ်လုပ်မှုကုမ္ပဏီများ လေ့လာရန်နှင့် တိုကျိုနိုင်ငံတကာရုပ်ရှင်ပွဲတော် တက်ရောက်ရန်အတွက် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

**ပို့ဆောင်နှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချီရို မာရူယားမား၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ယာပုံ)

**လိုက်ပါ**

ပြည်ထောင်စုဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီလွှာစိုး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ စာတည်း ဒေါ်ခင်ရတနာ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ဒါရိုက်တာ အောဝမ်းဦးသိန်းထွဋ်၊ Save Myanmar Film မှ ဒါရိုက်တာ ဦးဥက္ကာ၊ Third Floor Film & Festival Service မှ ဒါရိုက်တာ ဦးသိဒ္ဓိနှင့် ဒေါ်သူသူရှိန်တို့ လိုက်ပါသွားကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၄**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီတွင် အောက်တိုဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ကမ္ဘာ့ဘဏ်၌ ကျင်းပ သည့် အရှေ့တောင်အာရှ မဲပေးအုပ်စု ဂါဗာနာများ အစည်းအဝေး (The Joint Governors' Meeting of the WBG–IMF Southeast Asia Voting Group) သို့ တက်ရောက်သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အစည်းအဝေးတွင် အရှေ့တောင်အာရှမဲပေးအုပ်စု၏ ကမ္ဘာ့ဘဏ်မှ အမှုဆောင် ဒါရိုက်တာ Ms. KulayaTentit–emit နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ Ms. Alisara Mahasandana တို့က မူဝါဒရေးရာများ၊ လုပ်ငန်းအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ တိုးတက်မှုများ၊ ကမ္ဘာ့ဘဏ်၏ Equitable Growth, Finance and Institutions မှ Vice President Ms. Ceyla Pazarbasioglu နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့၏ Monetary and Capital Mark–ets Department မှ Financial Counsellor နှင့် Director Mr. Tobias Adrian တို့က "Digital Economy: What Has Changed?" နှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို တင်ပြကြပြီး ဂါဗာနာများက အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ငွေကြေးနှင့် ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ထိုင်းနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးလဲလှယ်စဉ်။

၂၀၁၉ ခုနှစ် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ နှစ်ပတ်လည်အစည်းအဝေး (WBG–IMF Annual Meetings Plenary) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် DAR Constitution Hall ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ တက်ရောက်သည်။

**မြန်မာနိုင်ငံ၏ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ Asia – Pacific Department မှ ညွှန်ကြားရေးမှူး Mr. Changyong Rhee နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် IMF's Executive Board Room ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများ၏ တံခါးပိတ်အစည်းအဝေးသို့ တက်ရောက်သည်။

**ဒေသတွင်းတွေ့ကြုံနေရသည့်စိန်ခေါ်မှုများ**

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး Ms. Kristalina Georgieva က အဖွင့်အမှာစကားပြောကြားပြီး Asia – Pacific Department မှ ညွှန်ကြားရေးမှူး Mr. Changyong Rhee က အာဆီယံဒေသတွင်းနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုအခြေအနေနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို တင်ပြရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက ဒေသတွင်း ဖြစ်ပေါ်တိုးတက်မှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ အဓိကထား ဆွေးနွေးခဲ့ကြသည်။

**ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်**

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် ထိုင်းနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Veerathai Santiprabhob နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ထိုင်းနိုင်ငံဗဟိုဘဏ်တို့အကြား နိုင်ငံဖြတ်ကျော် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများတွင် မြန်မာကျပ်ငွေနှင့် ထိုင်းဘတ်ငွေအသုံးပြုမှု တိုးမြှင့်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ငွေရေးကြေးရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုနှင့် ငွေပေးချေမှုစနစ်များ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

**မျက်နှာစုံညီအစည်းအဝေးတက်ရောက်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် IMF HQ2 Conference Hall 1 ၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာငွေကြေးနှင့် ငွေရေးကြေးရေးကော်မတီ၏ မျက်နှာစုံညီအစည်းအဝေး (Inter–national Monetary and Financial Committee Meeting Plenary) သို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အရှေ့တောင်အာရှမဲပေးအုပ်စု၏ အမှုဆောင်ဒါရိုက်တာ Ms. Alisara Mahasandana နှင့် IMF HQ1–13–700 တွင် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမှ မြန်မာနိုင်ငံသို့ အောက်တိုဘာ ၂၂ ရက်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

**သတင်းစဉ်**

# သန်လျင်၌ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသော ၂၀၁၉ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၂၄ ရက်က သန်လျင်မြို့ သီဟဒီပအားကစားကွင်း၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်နှင့် သန်လျင်မြို့နယ် အခြေခံပညာကျောင်းအသီးသီးတို့က သရုပ်ပြဖျော်ဖြေတင်ဆက်ကြသည်။ အဆိုပါပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# မြန်မာပြည်သူတွေဟာ တိုင်းပြည်ရဲ့ အကြီးမားဆုံး အဖိုးထိုက်တန်တဲ့သူတွေပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကနေ မကြာမီ ကျွန်တော် ထွက်ခွာမှာဖြစ်ပေမယ့် မြန်မာပြည်သူတွေနဲ့ သူတို့ရဲ့ နွေးထွေးပျူငှာမှုတွေကို ကျွန်တော့် နှလုံးသားထဲမှာ ထာဝရသိမ်းဆည်းထားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ချက်သံအမတ်ကြီး Mr. Jaroslav Dolecek

၁၆-၁၀-၂၀၁၉ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိသည့် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Jaroslav Dolecek နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဘာသာပြန်ဆို ဖော်ပြအပ်ပါသည်။

**မေး။ ။ မြန်မာနိုင်ငံမှာ တာဝန်ထမ်းဆောင်တဲ့ကာလအတွင်း သံအမတ်ကြီးအနေနဲ့ သတိပြုမိတဲ့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှု ခြေလှမ်းနဲ့ အပြောင်းအလဲရဲ့ ထိရောက်မှုကို သိချင်ပါတယ်။**

ဖြေ။ ။ အထွေထွေရွေးကောက်ပွဲမတိုင်ခင် ၂၀၁၅ ခုနှစ် ဧပြီလမှာ မြန်မာနိုင်ငံကို ကျွန်တော် ရောက်ခဲ့ပြီးတော့ ပြုပြင်ပြောင်းလဲမှုနဲ့ အပြောင်းအလဲအတွက် မြန်မာပြည်သူတွေရဲ့ စိတ်အားထက်သန်မှု၊ မျှော်မှန်းချက်တွေနဲ့ မျှော်လင့်ချက်တွေကို တွေ့မြင်ခဲ့ရပါတယ်။ တချို့အပြောင်းအလဲတွေကတော့ စတင်နေပါပြီ။ တချို့အပြောင်းအလဲတွေကတော့ မတူညီတဲ့ ခြေလှမ်း၊ ကွဲပြားတဲ့ ခရီးပေါက်မှုတွေနဲ့ လမ်းခုလတ်မှာပဲ ရှိပါသေးတယ်။

ထုတ်ဖော်ပြောဆိုနိုင်တဲ့ အပြောင်းအလဲတွေကတော့ မိုဘိုင်းဖုန်းခေတ်၊ အင်တာနက် တွင်ကျယ်လာမှု၊ Facebook ကို စွဲလမ်းနှစ်ခြိုက်မှုတို့ဖြစ်ပါတယ်။ ဒါတွေဟာ ပြည်သူတွေရဲ့ အသိတရား နိုးကြားမှု၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တွေနဲ့ ဆက်စပ်နေပါတယ်။ နောက်ပြီးတော့ ပို့ဆောင်ရေးပိုမိုကောင်းမွန်လာမှု၊ အခြေခံအဆောက်အအုံတွေ ပိုမိုခေတ်မီလာမှု၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးတက်မှု၊ ကားအသစ်စက်စက်တွေ ရောင်းချမှု၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ပိုမိုတိုးတက်လာမှု၊ မြန်မာနိုင်ငံ နေရာအတော်များများမှာ လျှပ်စစ်မီးရရှိလာမှု၊ ပိုမိုများပြားလာတဲ့ ဈေးဝယ်စင်တာများနဲ့ ကုန်ပစ္စည်းအမျိုးအစားများစွာ ရရှိနိုင်မှု စတာတွေဖြစ်ပါတယ်။ ဒ့ါအပြင် မန္တလေးမြို့ဟာ အာဆီယံမှာ ပဋ္ဌမမြောက် စမတ်စီးတီးအဖြစ် ဆုချီးမြှင့်ခံရမှုနဲ့ ပုဂံဒေသကို ယူနက်စကိုကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဒေသအဖြစ် သတ်မှတ်ခံရတာတွေပဲ ဖြစ်ပါတယ်။

ဥပဒေအများအပြားကိုလည်း လွှတ်တော်မှာ အတည်ပြုခဲ့ပါတယ်။ ဥပမာအနေနဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများ ဥပဒေအသစ်ပေါ်ထွက်လာခဲ့ပြီး ငွေကြေးဝန်ဆောင်မှုကဏ္ဍနဲ့ အခြား ကဏ္ဍတွေမှာ ပြုပြင်ပြောင်းလဲမှု ပြုလုပ်ခြင်း ဖြစ်ပါတယ်။ အမှန်တကယ်တော့ လေးနှစ်သက်တမ်းကာလဆိုတာ ဘယ်အစိုးရအတွက်မဆို သူလုပ်ချင်တဲ့ ပြုပြင်ပြောင်းလဲမှုနဲ့ အပြောင်းအလဲအားလုံးကိုလုပ်ဖို့ အခက်အခဲရှိပါတယ်။ တချို့ အပြောင်းအလဲတွေကတော့ ဆက်လုပ်ဖို့ ကျန်ရှိနေပါသေးတယ်၊ ဒါပေမယ့် ကျွန်တော့်ရဲ့ အမြင်မှာတော့ အဲဒီပြုပြင်ပြောင်းလဲမှုနဲ့ အပြောင်းအလဲတွေရဲ့ ခြေလှမ်းနဲ့ ခရီးပေါက်ရောက်မှုဟာ ဒီမိုကရေစီကူးပြောင်းမှု အရှိန်အဟုန်၊ တရားဥပဒေစိုးမိုးမှုတို့နဲ့သက်ဆိုင်တယ်လို့ ပြောချင်ပါတယ်။ ဒီပြုပြင်ပြောင်းလဲမှုတွေကို ကမ္ဘာပေါ်က အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင်တော့ သိသာထင်ရှားပါတယ်။

ကျွန်တော်က လူမှုရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို ကြီးကြီးမားမား ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံကနေ ရောက်လာတာဖြစ်ပါတယ်။ အပြောင်းအလဲနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် အောင်မြင်အောင် လုပ်ဆောင်နိုင်စွမ်းရှိတယ်ဆိုတဲ့အချက်ကို ကျွန်တော်တို့နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုတွေက သာဓကပြသနိုင်ပါတယ်။ ကျွန်တော်တို့ဟာ နိုင်ငံတကာအကူအညီလက်ခံတဲ့နိုင်ငံကနေ လေးစားခံရတဲ့ အလှူရှင်နိုင်ငံများအဖွဲ့ဝင် ဖြစ်လာခဲ့ပါတယ်။ ဒါပေမယ့် ဒီလိုဖြစ်လာအောင် နှစ်ပေါင်း ၂၀ ပြင်းပြင်းထန်ထန် အလုပ်လုပ်ခဲ့ရပါတယ်။ အခုအချိန်မှာ မြန်မာနိုင်ငံဟာ အဲဒီကာလရဲ့ လေးပုံတစ်ပုံပဲ ရှိပါသေးတယ်။ ပြုပြင်ပြောင်းလဲမှုခြေလှမ်းကို ဆက်လှမ်းနေမယ်ဆိုရင်၊ နည်းနည်းလေး ရှေ့ကိုတိုးရင်တောင်မှ အောင်မြင်မယ့် အလားလာ အပြည့်အဝ ရှိပါတယ်။



မြန်မာနိုင်ငံဆိုင်ရာ ချက်သံအမတ်ကြီး Mr. Jaroslav Dolecek

**မေး ။ ။ ပြီးခဲ့တဲ့ ဇွန်လက ချက်သမ္မတနိုင်ငံကို တရားဝင် အလည်အပတ် သွားရောက်ခဲ့တဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ်နဲ့ ပတ်သက်ပြီးတော့ သံအမတ်ကြီးရဲ့ အတွေ့အကြုံကို မျှဝေပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော့်အတွေ့အကြုံကို ဝမ်းပန်းတသာ မျှဝေချင်ပါတယ်။ ပုဂ္ဂိုလ်ရေးအရရော၊ ကျွန်တော့်နိုင်ငံအတွက်ရော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ချက်သမ္မတနိုင်ငံ တရားဝင်ခရီးစဉ်ဟာ ချက်သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံ သံတမန်ဆက်ဆံရေးအထွတ်အထိပ်ကို ရောက်အောင် ပို့ဆောင်ပေးခဲ့တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ အဲဒီခရီးစဉ်ဟာ နှစ်ပေါင်း ၅၃ နှစ် ကြာပြီးနောက် မြန်မာဘက်ကနေ လာရောက်ခဲ့တဲ့ ပထမဦးဆုံး အဆင့်မြင့်ပုဂ္ဂိုလ် ခရီးစဉ်ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ဇွန်လနောက်ပိုင်းမှာ ဥရောပကိုသွားတဲ့ ပထမဆုံးခရီးစဉ်ကို နှစ်နိုင်ငံပြည်သူတွေအကြား အထူးသဖြင့် သူတို့ရဲ့ကိုယ်စားလှယ်များအကြား စစ်မှန်ပြီး ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုကိုအခြေခံတဲ့ ချစ်ကြည်ရေးခရီးစဉ် ဖြစ်တယ်လို့ ကျွန်တော်က ဆိုချင်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပရာ့ဂ်မြို့ကို ရောက်ရှိစဉ်မှာ ကျွန်တော်တို့ရဲ့ ချက်နိုင်ငံသမ္မတဟောင်း ဗာကလပ် ဟာဗယ် ရဲ့ အုတ်ဂူမှာ ပန်းစည်းချပြီး သူ့ခရီးစဉ် စတင်ခဲ့တာဟာ တိုက်ဆိုင်မှုမဟုတ်ပါဘူး။ သမ္မတဟောင်း ဗာကလပ် ဟာဗယ်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရင်းနှီးတဲ့မိတ်ဆွေဖြစ်ပြီးတော့ မြန်မာနိုင်ငံမှာ အခက်အခဲတွေ ကြုံတွေ့ခဲ့ရစဉ်ကာလက ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာပြည်သူတွေအပေါ် ထောက်ခံခဲ့တဲ့သူ ဖြစ်ပါတယ်။

အဲဒီခရီးစဉ်နဲ့ ပတ်သက်ပြီး အခြားသိသာထင်ရှားတဲ့အချက်တွေကတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော်တို့ရဲ့ ချက်သမ္မတနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်နဲ့ အခြားအဆင့်မြင့် ကိုယ်စားလှယ်တွေက တရားဝင်ဂုဏ်ပြုကြိုဆိုတဲ့ အခမ်းအနားများ၊ အလွန်အောင်မြင်တဲ့ စီးပွားရေးဖိုရမ်၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မမေ့နိုင်စရာ မိန့်ခွန်း၊ ချားစ်တက္ကသိုလ်ရဲ့ ဂုဏ်ထူးဆောင်ဆုတံဆိပ်လက်ခံရယူမှု၊ မြန်မာ့အလှအပများလို့ နာမည်ပေးထားတဲ့ ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနား၊ လက်ရှိအစိုးရသက်တမ်းအတွင်းမှာ ပထမဆုံး အသစ်ဖွင့်လှစ်ခဲ့တဲ့ သံရုံးအဖြစ် ပရာ့ဂ်မြို့မှာ မြန်မာသံရုံး ဖွင့်လှစ်မှုတို့ ဖြစ်ပါတယ်။

ခြုံပြီးကြည့်ရင် ဒီခရီးစဉ်က နှစ်နိုင်ငံအတွက် ဘာတွေဆောင်ကြဉ်းပေးခဲ့သလဲဆိုတော့ ပထမဆုံးအနေနဲ့ နှစ်နိုင်ငံကြားမှာ ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းလာပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံ နားလည်မှု ပိုမိုတိုးတက်ကောင်းမွန်လာပါတယ်။ ဒုတိယအချက်အနေနဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မှုဖြစ်ပြီးတော့ နှစ်နိုင်ငံ အကျိုးစီးပွားအတွက် အရာရာကို နှစ်နိုင်ငံ အပြန်အလှန် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါတင်မကဘဲ အီးယူနဲ့ အီးယူအဖွဲ့ဝင်နိုင်ငံများ ပါဝင်မှုနဲ့ပါ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ ။ ပရာ့ဂ်မြို့မှာ မြန်မာသံရုံး တရားဝင် ပြန်လည်ဖွင့်လှစ်ပြီးတဲ့နောက် ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် အမျိုးသမီးသံအမတ်ကြီး ဒေါ်ကေသီစိုးကို ခန့်အပ်ခဲ့ပါတယ်။ မြန်မာ-ချက် သံတမန်ဆက်ဆံရေးရဲ့ သိသာထင်ရှားတဲ့ အောင်မြင်တိုးတက်မှုအပေါ် သံအမတ်ကြီးရဲ့ ထင်မြင်ချက်ကို သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ ပရာ့ဂ်မြို့မှာ မြန်မာသံရုံး ပြန်လည်ဖွင့်လှစ်တာကို ကြိုဆိုပါတယ်။ ပြီးတော့ ဒီလိုသံရုံး ပြန်ဖွင့်တာဟာ အပြန်အလှန် ဆက်ဆံရေးတည်းဟူသော ရွက်လှေကြီး ရွက်လွှင့်ဖို့အတွက် အသစ်အသစ်သောလေတွေ ဆောင်ယူလာလိမ့်မယ်လို့ ရိုးသားစွာ ယုံကြည်ပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်း နှစ်ဖက်စလုံးမှာ သံတမန်လုပ်ငန်းတွေ မြန်မြန်တိုးတက်လာတာကို ကျွန်တော်တို့ မြင်တွေ့ခဲ့ရပြီးပါပြီ။ ချက်သမ္မတနိုင်ငံဝန်ကြီးများရဲ့ မြန်မာနိုင်ငံခရီးစဉ် နှစ်ကြိမ် အောင်မြင်မှု ရရှိခဲ့ပါတယ်။ မန္တလေးမြို့မှာ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ယခုနှစ် ဇွန်လက ပရာ့ဂ်မြို့ကို သွားရောက်တဲ့ အဆင့်မြင့်နိုင်ငံတော်ခရီးစဉ် အောင်မြင်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ရန်ကုန်မြို့မှာ ချက်သံရုံး ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ကျွန်တော် ရောက်လာတဲ့အချိန်ကစပြီး မြန်မာပြည်သူတွေ ချက်သမ္မတနိုင်ငံကို သတိမူလာအောင် ကြိုးစားခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဖွံ့ဖြိုးရေးနဲ့ အသွင်ကူးပြောင်းရေးစီမံကိန်း အများအပြားကို အကောင်အထည်ဖော်ခဲ့ပါတယ်။ သဘာဝကပ်ဘေးတွေ ဖြစ်ပွားပြီးနောက်မှာ လူသားချင်း ကူညီမှုအထောက်အပံ့တွေကို ပေးအပ်ခဲ့ပါတယ်။ အခြေခံအဆောက်အအုံတွေ တည်ဆောက်ရာမှာ ကူညီခဲ့ပါတယ်။ စာသင်ကျောင်းတွေကို တည်ဆောက်ပေးခဲ့ပါတယ်။ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစင်တာကို ပြန်လည်တည်ဆောက်ခဲ့ပါတယ်။ မြွေဆိပ်ဖြေဆေးတွေ ထောက်ပံ့ပေးပြီးတော့ လယ်သမားတွေရဲ့ အသက်တွေကို ကယ်တင်ပေးခဲ့ပါတယ်။ အစိုးရအဖွဲ့အချင်းချင်း၊ စီးပွားရေးလုပ်ငန်းတွေ အချင်းချင်း စီးပွားရေး သံခင်းတမန်ခင်းကိစ္စတွေမှာ အောင်အောင်မြင်မြင် ပါဝင်ခဲ့ပါတယ်။

သို့ပေမယ့်လည်း တိုးတက်အောင်လုပ်ဖို့ လိုနေသေးတယ်ဆိုတာကို ကျွန်တော်တို့ သိပါတယ်။ အခုချိန်မှာ ပရာ့ဂ်မြို့ မြန်မာသံရုံးမှာရှိတဲ့ ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့အတူ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို အမြင့်ဆုံးအဆင့်ထိ တိုးတက်ရောက်ရှိအောင် ကျွန်တော်တို့ ကြိုးစားအားထုတ်မှု ဆပွားမြှင့်တင်နိုင်တော့မှာ ဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံနဲ့ ချက်သမ္မတနိုင်ငံတွေဟာ အင်အားပြည့်ဝတဲ့ သံရုံးတွေကို အသင့်ဖွင့်ထားပြီး နိုင်ငံတွေဖြစ်တဲ့အတွက် နှစ်နိုင်ငံ၊ ဒေသဆိုင်ရာနဲ့ နိုင်ငံတကာအဆင့်မှာ နှစ်နိုင်ငံအကြား အနာဂတ်ပူးပေါင်းဆောင်ရွက်မှုကို သိပါရစေ။**

ဖြေ။ ။ ယခုနှစ်မှာ သမိုင်းဝင်မြင့်မားလာခဲ့တဲ့ မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးကို ချက်သမ္မတနိုင်ငံအနေနဲ့ ဆက်လက်တိုးမြှင့်လိုပါတယ်။ တူညီတဲ့ သမိုင်းကြောင်းနဲ့ နှစ်ဖက်အကြား အပြန်အလှန်နားလည်မှုအပေါ်အခြေခံပြီး

*စာမျက်နှာ ၉ သို့*

> " ယခုနှစ်မှာ သမိုင်းဝင်မြင့်မားလာခဲ့တဲ့ မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးကို ချက်သမ္မတနိုင်ငံအနေနဲ့ ဆက်လက်တိုးမြှင့်လိုပါတယ်။ တူညီတဲ့ သမိုင်းကြောင်းနဲ့ နှစ်ဖက်အကြား အပြန်အလှန်နားလည်မှုအပေါ် အခြေခံပြီး ယဉ်ကျေးမှု၊ ပညာရေး၊ စီးပွားရေးနဲ့ ကုန်သွယ်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတို့မှာ ပိုမိုကောင်းမွန်တဲ့ ထိတွေ့ဆက်ဆံမှုရရှိဖို့ ကြိုးပမ်းလုပ်ဆောင်ဖို့ အခွင့်အရေး အများအပြားဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်"

*စာမျက်နှာ ၈ မှ*

ယဉ်ကျေးမှု၊ ပညာရေး၊ စီးပွားရေးနဲ့ ကုန်သွယ်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတို့မှာ ပိုမိုကောင်းမွန်တဲ့ ထိတွေ့ဆက်ဆံမှုရရှိဖို့ ကြိုးပမ်းလုပ်ဆောင်ဖို့ အခွင့်အရေး အများအပြား ဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ ချက်သမ္မတနိုင်ငံဟာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအနေနဲ့ ဒေသဆိုင်ရာနဲ့ နိုင်ငံတကာအဆင့်မှာ ပိုမိုကောင်းမွန်တဲ့ နားလည်မှုဖြစ်ထွန်းနိုင်ဖို့ ဥရောပသမဂ္ဂနဲ့ မြန်မာနိုင်ငံနဲ့အကြားမှာ ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်လိုပါတယ်။

**မေး။ ။ မိမိတို့ရဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှာ ဘာတွေက ဦးစားပေးများဖြစ်မလဲဆိုတာကို သိပါရစေ။**

ဖြေ။ ။ ပုဂ္ဂလိက ကုမ္ပဏီတွေအကြား ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ပြုလုပ်နေတဲ့ သာဓကတွေ အများကြီးရှိပါတယ်။ လောလောဆယ် စီးပွားရေးလုပ်ဆောင်မှု အများစုကတော့ ဖန်ထည်၊ အစားအစာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ ဆေးဝါး စတဲ့နယ်ပယ်တွေမှာ အပြန်အလှန် ကုန်သွယ်ရေး ဖလှယ်မှုပုံစံ ဖြစ်ပါတယ်။ တချို့သော ချက်ကုမ္ပဏီတွေဟာ မြန်မာနိုင်ငံမှာ အထူးသီးသန့် ဖြန့်ဖြူးရေးကုမ္ပဏီတွေကို ရှာဖွေတွေ့ရှိခဲ့ပြီး ချက်သမ္မတနိုင်ငံရဲ့ ဖန်ချက်စက်ရုံများကဲ့သို့သော နယ်ပယ်တွေမှာ ရေရှည် မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်နေပါတယ်။ မိမိတို့ရဲ့သံရုံးက ပို့ကုန်တင်ပို့တဲ့ ချက်ကုမ္ပဏီတွေကို တက်တက်ကြွကြွကူညီနေသလို ဆက်လက်ပြီးတော့လည်း ကူညီသွားမှာပါ။ ဒါပေမယ့် ချက်ကုမ္ပဏီတစ်ခုကနေ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတစ်ခုနှင့်အတူ အကူအညီရဖို့ မိမိတို့ဆီ လာရောက်ဆက်သွယ်တာကို မိမိတို့အနေနဲ့ စောင့်ဆိုင်းနေပါတယ်။ ဒါဟာ အနာဂတ်အတွက် မိမိတို့ရဲ့ ရည်မှန်းချက်ပန်းတိုင် ဖြစ်ပါတယ်။ စီးပွားရေး ဖိုရမ်များ တက်ရောက်ခြင်း၊ ကုန်စည်ပြပွဲများ၌ ပါဝင်ခြင်းနဲ့ နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းတဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တည်ထောင်ခြင်းအားဖြင့် နှစ်နိုင်ငံစလုံးမှ ပိုမိုကြီးမားတဲ့ စီးပွားရေး အစုစပ်ကုမ္ပဏီတွေကို မိမိတို့အနေနဲ့ အားပေးအားမြှောက်ပြုဖို့ ရည်ရွယ်ထားပါတယ်။

**မေး။ ။ ချားလ်စ်တက္ကသိုလ် (Charles University) မှာ အသွင်ကူးပြောင်းရေးကာလရဲ့ စိန်ခေါ်မှုများ ဆိုတဲ့ ခေါင်းစဉ်နဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပို့ချမှုနှင့် ပတ်သက်ပြီး သံအမတ်ကြီးရဲ့ ထင်မြင်ယူဆချက်ကို ကျေးဇူးပြု၍ မျှဝေပေးနိုင်မလား။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီမိုကရေစီ နိုင်ငံရေးစနစ်ကူးပြောင်းမှု၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများနဲ့ ရခိုင်ပြည်နယ် ပြဿနာတွေကို မြန်မာနိုင်ငံ အသွင်ကူးပြောင်းမှုရဲ့အစိတ်အပိုင်းတွေအနေနဲ့ ညွှန်ပြပြောဆိုခဲ့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းမှုဟာ နိုင်ငံတကာက စိတ်ဝင်စားပြီးတော့ မီဒီယာတွေရဲ့ သတင်းခေါင်းစဉ် ဖြစ်လာခဲ့ပါတယ်။ အသွင်ကူးပြောင်းမှုမှ မြန်မာပြည်သူတွေရဲ့လိုအပ်ချက်တွေ၊ သောက်သုံးရေ အခြေခံလိုအပ်ချက်၊ လမ်း၊ လျှပ်စစ်မီး၊ ကျန်းမာရေးနဲ့ ပညာရေးတို့အပေါ် မီဒီယာအနည်းငယ်ကသာ အာရုံစိုက်တယ်လို့ ထင်ရပါတယ်။ ဒါတွေအပေါ် သံအမတ်ကြီးရဲ့ထင်မြင်ယူချက်တွေကို သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံမှာရှိနေတဲ့ စိန်ခေါ်မှုတွေကို ချက်သမ္မတနိုင်ငံအနေနဲ့ အများကြီး သိရှိထားပါတယ်။ ဒါ့အပြင် အချိန်ဟာ အလိုအပ်ဆုံး ဖြစ်တယ်ဆိုတာလည်း မိမိတို့အနေနဲ့ သိရှိနားလည်ထားပါတယ်။ စိန်ခေါ်မှုတွေ ရင်ဆိုင်ကြုံတွေ့တဲ့အခါ အခွင့်အရေးတစ်ခုပေးတဲ့အနေနဲ့ အချိန်ပေးရန် လိုအပ်သလို စိန်ခေါ်မှုတွေ ကိုင်တွယ်ဖြေရှင်းတဲ့အခါမှာလည်း အချိန်လိုအပ်ပါတယ်။ သတင်းခေါင်းစဉ်ဖြစ်စေတဲ့ ဖြစ်ရပ်တွေ ရှိနိုင်သလို နောက်ခံအကြောင်းတရားတွေလည်း ရှိနိုင်ပါတယ်။

ဆိုလိုတာကတော့ ရခိုင်အရေးကြောင့် အခြားပြဿနာတွေ ပေါ်လွင်ထင်ရှားမှုမရှိတော့ဘဲ နိုင်ငံတကာရဲ့ စိတ်ဝင်စားမှု ပျောက်ကွယ်တတ်တယ်လို့ ယူဆပါတယ်။ ဒါပေမယ့် မိမိရဲ့အမြင်နဲ့ ပြောရမယ်ဆိုရင် မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး တန်းတူညီမျှဖြစ်အောင် ဂရုစိုက်ဖို့တော့ လိုတယ်လို့ ယူဆပါတယ်။ ထိုနည်းတူ နေရာတိုင်းမှာ လိုအပ်တဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဦးတည်ပြီး လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက်နဲ့ ပတ်သက်ပြီးတော့ ဥပမာတစ်ခု ပြောပြပါရစေ။ ဟိုးတစ်ချိန်တုန်းက စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ကားလမ်းမရှိတဲ့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဒေသအစိတ်အပိုင်းတွေကို မြေပုံပေါ်မှာ ပြသခဲ့ဖူးပါတယ်။ ဒါ့အပြင် သူက မြေပုံပေါ်မှာရှိတဲ့ အဲဒီဒေသတွေကို လက်ညှိုးထိုးပြပြီး အဲဒီဒေသတွေမှာ လမ်းတွေဖောက်လုပ်ပြီးတဲ့အခါမှာ သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံ၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဒေသခံပြည်သူတွေရဲ့ ပိုမိုကောင်းမွန်တဲ့ လူနေမှု အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်မှုတွေ အလိုလို လိုက်ပါလာလိမ့်မယ်လို့ ပြောပြခဲ့တာကို မိမိအနေနဲ့ သဘောတူလက်ခံခဲ့ပါတယ်။

## “ကျွန်တော်တို့ရဲ့ စီမံကိန်းတွေက ချက်–မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးပေးရုံသာမက ပြည်သူအချင်းချင်း ဆက်ဆံမှုကို ခိုင်မာလာစေဖို့ အထောက်အကူပြုပါတယ် ”

ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးအတွက် နိုင်ငံတကာရဲ့ ကြိုးပမ်းလုပ်ဆောင်မှုတွေမှာ မိမိတို့နိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံနဲ့ ပူးပေါင်းပြီးတော့ ပါဝင်ကူညီနေပါတယ်။ မိမိတို့ပူးပေါင်းဆောင်ရွက်မှုရဲ့ အရေးကြီးတဲ့ကဏ္ဍတစ်ခုကတော့ ပညာရေးနယ်ပယ်မှာ ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါတယ်။ ပညာရေးဟာ နိုင်ငံတော်ရဲ့ အနာဂတ်အတွက် အရင်းအနှီးတစ်ခု ဖြစ်ပါတယ်။ မိမိတို့ရဲ့ အကူအညီဟာ အမြဲတမ်းဘက်လိုက်မှုရှိမှာမဟုတ်သလို မည်သည့်ကုမ္ပဏီနဲ့ မည်သည့်အဖွဲ့အစည်းကိုမဆို မျက်နှာသာပေးတာ ဒါမှမဟုတ် နောက်ချန်ထားရစ်တာ ရှိမှာမဟုတ်ပါဘူး။

**မေး။ ။ တာရှည်ခံတဲ့ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒီမိုကရေစီအတွက် ပညာရေးဟာ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပိုမိုကောင်းမွန်တဲ့ ပညာရေးစနစ်ဖြစ်ပေါ်ဖို့ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ ပုဂ္ဂိုလ်ရေးအရပြောရမယ်ဆိုရင် မြန်မာနိုင်ငံမှာ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုရဲ့ လိုအပ်ချက်ကို နားလည်သဘောပေါက်မှုနဲ့ ဒီပြဿနာကိုဖြေရှင်းနေတဲ့ မြန်မာအစိုးရရဲ့ ကြိုးပမ်းမှုတွေကို ကျွန်တော် မြင်တွေ့ခဲ့ပါတယ်။ ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံတာ၊ ပညာရေးဝန်ထမ်း ဦးရေ သိသိသာသာ တိုးမြှင့်ပေးတာ ဒါမှမဟုတ် ပြည်သူတွေရဲ့ အခြေခံပညာရေးသင်ယူခွင့် တိုးချဲ့လာတာ အစရှိတဲ့ အစိုးရရဲ့ လုပ်ဆောင်ချက်အချို့ကို ကျွန်တော်ထုတ်ဖော်ပြောကြားချင်ပါတယ်။ ဒါပေမယ့်လည်း မူကြိုပညာရေး preschool education ဖွံ့ဖြိုးတိုးတက်မှု၊ အခြေခံပညာရေး အရည်အသွေးနဲ့ သင်ကြားခွင့် တိုးတက်ဖို့လိုအပ်တာ၊ ဆရာအတတ်သင်ပညာရေးနဲ့ စီမံခန့်ခွဲမှုတို့မှာ စိန်ခေါ်မှုအချို့ ရှိနေဆဲပဲလို့ ကျွန်တော် ကြားသိခဲ့ရပါတယ်။ ပိုမိုကောင်းမွန်တဲ့ ပညာရေးစနစ် ဖြစ်ပေါ်လာဖို့ ကြိုးပမ်းမှုတွေအရ မြန်မာနိုင်ငံဟာ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုတွေအတွက် ယူရို ၂၂ သန်း ထောက်ပံ့ခဲ့ပြီးဖြစ်တဲ့ ချက်သမ္မတနိုင်ငံအပါအဝင် ဥရောပသမဂ္ဂနဲ့ အဖွဲ့ဝင်နိုင်ငံတွေဆီက ပံ့ပိုးကူညီမှုတွေရရှိတဲ့ နိုင်ငံဖြစ်ပါတယ်။

ပြည်ပမှာ ပညာသင်ယူဖို့ အခွင့်အလမ်းတွေ ရှာဖွေရာမှာ ငယ်ရွယ်တဲ့မျိုးဆက်တွေရဲ့ စိတ်ဝင်စားမှုမြင့်တက်လာမှုကိုလည်း ကျွန်တော် တွေ့မြင်ရပါတယ်။ ဒီလို စိတ်ဝင်စားမှု မြင့်တက်လာခြင်းက လူငယ်တွေကို ပိုမိုအမြင်ကျယ်စေပြီး ပြည်တွင်းမှာ အခက်အခဲတွေကို သူတို့ကိုယ်တိုင် ဖြေရှင်းလာနိုင်အောင် အထောက်အကူပြုပါလိမ့်မယ်။

လူငယ်ဆိုတာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံတိုင်းအတွက် အနာဂတ်ဖြစ်တာ လူတိုင်းသိပါတယ်။ ဒီကြိုးပမ်းမှုမှာ မြန်မာနိုင်ငံကို အကူအညီပေးပြီး ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ရာမှာ ပြည်သူတွေကို အားပေးရမှာဖြစ်ပါတယ်။

**မေး။ ။ နိုင်ငံတော်နဲ့ အဆင့်မြင့်တာဝန်ရှိသူအဆင့် ခရီးစဉ်တွေအပြင် နှစ်နိုင်ငံ ပြည်သူအချင်းချင်း ပုံမှန်ဆက်ဆံမှုတွေ အားကောင်းအောင် လုပ်ဆောင်မယ့် အနာဂတ်အစီအစဉ်တွေကို သိလိုပါတယ်ခင်ဗျာ။**

ဖြေ။ ။ ယဉ်ကျေးမှု၊ ပညာရေး၊ အဖွဲ့အစည်းဆိုင်ရာ ဆက်ဆံမှုလို နယ်ပယ်အသီးသီးနဲ့အရပ်ဘက် အဖွဲ့အစည်းတွေမှတစ်ဆင့် နှစ်နိုင်ငံ ပြည်သူအချင်းချင်း ဆက်ဆံမှုမြင့်မားအောင် လုပ်ဆောင်နေပါတယ်။ ချက်သမ္မတနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ အရပ်ဘက်အဖွဲ့အစည်း၊ တရားဥပဒေ စိုးမိုးရေး၊ လူ့အခွင့်အရေးနဲ့ ပညာရေးကဏ္ဍတို့မှာ စီမံကိန်းများစွာကို အကောင်အထည်ဖော်နေပါတယ်။ မြန်မာနိုင်ငံမှာ ချက်သမ္မတနိုင်ငံရဲ့ ယဉ်ကျေးမှု ပိုမိုတွေ့မြင်ခွင့်ရဖို့နဲ့ ချက်သမ္မတနိုင်ငံရဲ့ ပြည်သူတွေ မြန်မာ့ယဉ်ကျေးမှုနဲ့ တွေ့ထိခွင့်ရအောင် မြန်မာမိတ်ဆွေတွေကို ကူညီပေးခြင်းဖြင့် နှစ်နိုင်ငံကြား ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံမှုကိုလည်း ခိုင်မာအောင် လုပ်ဆောင်လိုပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ရဲ့ စီမံကိန်းတွေက ချက်–မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးပေးရုံသာမက ပြည်သူအချင်းချင်းဆက်ဆံမှုကို ခိုင်မာလာစေဖို့ အထောက်အကူပြုပါတယ်။ ကုန်သွယ်ရေး သဘောတူညီချက် အများအပြားက ရေရှည် မိတ်ဖက်ဆောင်ရွက်မှုတွေနဲ့ ချက်နဲ့ မြန်မာ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အမျိုးသမီးတွေကြား ချစ်ကြည်ရင်းနှီးမှုတွေ ဖြစ်လာစေပါတယ်။

နောက်ထပ် သာဓကပြစရာကတော့ ခရီးသွားလုပ်ငန်းဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်ချင်း ကမ္ဘာလှည့်ခရီးသွားအနေနဲ့ မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ ချက်နိုင်ငံသားဦးရေ မြင့်တက်လာနေပြီး ချက်သမ္မတနိုင်ငံကို ပြန်ရောက်ပြီးချိန်မှာတောင် အဆက်အသွယ်တွေ ဆက်လက်ပြုလုပ်နေကြဆဲ ဖြစ်ပါတယ်။ ချက်သမ္မတနိုင်ငံကို ပို့ဆောင်တဲ့ခရီးသွားလုပ်ငန်းတွေ လုပ်ကိုင်ဖို့စိတ်ဝင်စားနေတဲ့ မြန်မာခရီးသွားလုပ်ငန်းတွေ အများအပြားရှိလာပြီဖြစ်ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံကြားဆက်ဆံမှုတွေ အနာဂတ်ကာလမှာ ပိုမိုနီးကပ်ပြီး အားကောင်းလာဖွယ်ရှိပါတယ်။

**မေး။ ။ မြန်မာနိုင်ငံမှာ နေထိုင်၊ လုပ်ကိုင်ရတာနဲ့ပတ်သက်လို့ သံအမတ်ကြီး ဘာကို အနှစ်သက်ဆုံးလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ နေထိုင်၊ လုပ်ကိုင်ရတာနဲ့ပတ်သက်ပြီး ကျွန်တော် နှစ်သက်မှုအရှိဆုံးအရာကို ရေတွက်ပြဖို့ ခက်ခဲပါတယ်။ ဒါပေမယ့်လည်း ကျွန်တော် အကောင်းဆုံးကြိုးစားပြီး ပြောပြပေးပါ့မယ်။ ပထမဆုံးသော ဌာနေအခြေစိုက် ချက်သံအမတ်ကြီးအနေနဲ့ မြန်မာနိုင်ငံမှာ အလုပ်လုပ်ကိုင်ရတာဟာ ကျွန်တော့်အတွက် ဂုဏ်ယူစရာ အခွင့်အခါကောင်းရရှိပုံမျိုး ဖြစ်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံရဲ့သမိုင်းမှာ အလွန်စိတ်လှုပ်ရှားစရာကောင်းတဲ့ အချိန်တွေ၊ အပြောင်းအလဲအတွက် ကြီးမားတဲ့မျှော်လင့်ချက်ရှိတဲ့ အချိန်တွေ၊ ငြိမ်းချမ်းပြီး သဟဇာတဖြစ်စွာနေထိုင်တဲ့ ပြည်သူတွေရဲ့ဘဝ ပိုမိုကောင်းမွန်လာဖို့ ကြီးမားတဲ့မျှော်လင့်ချက်ရှိတဲ့ အချိန်တွေကို ကျွန်တော်က မျက်မြင်ကိုယ်တွေ့ တွေ့ကြုံရလို့ဖြစ်ပါတယ်။

သာယာလှပတဲ့ မြန်မာနိုင်ငံမှာ တာဝန်ထမ်းဆောင်ခဲ့ချိန်အတွင်း ကျွန်တော့်ဇနီးနဲ့ ကျွန်တော်ဟာ ခရီးတွေအများကြီးထွက်ခဲ့ပါတယ်။ မယိုမယွင်း ပကတိအတိုင်းရှိနေဆဲ သဘာဝအလှနဲ့ အနှစ်သာရပြည့်ဝတဲ့ ယဉ်ကျေးမှုက ကျွန်တော်တို့ကို စွဲမက်စေခဲ့ပါတယ်။ မုန့်ဟင်းခါး၊ လက်ဖက်သုပ် ဒါမှမဟုတ် ရှမ်းခေါက်ဆွဲတွေလို မြန်မာ့ရိုးရာအစားအသောက်တွေကို ကျွန်တော်တို့ ခုံမင်ပါတယ်။

ကျွန်တော့်အတွက် အမှတ်တရအရှိဆုံးကတော့ မြန်မာပြည်သူတွေပဲ ဖြစ်ပါတယ်။ ကျွန်တော် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ချိန်အတွင်း ပွင့်လင်းတဲ့၊ ရိုးသားတဲ့၊ လုပ်နိုင်စွမ်းရှိတဲ့၊ ရည်မှန်းချက်မှာ နှစ်မြှုပ်ထားပြီး တတ်သိလွယ်တဲ့ မြန်မာလူမျိုးတွေနဲ့ တွေ့ဆုံခဲ့ရပါတယ်။ အသက်အရွယ်မရွေး၊ ကျားမ မရွေး၊ ရာထူးဌာနမရွေး ကျွန်တော့်အတွက် မြန်မာပြည်သူတွေဟာ တိုင်းပြည်ရဲ့ အကြီးမားဆုံး အဖိုးထိုက်တန်တဲ့သူတွေပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကနေ မကြာမီ ကျွန်တော်ထွက်ခွာမှာဖြစ်ပေမယ့် မြန်မာပြည်သူတွေနဲ့ သူတို့ရဲ့နွေးထွေးပျူငှာမှုတွေကို ကျွန်တော့်နှလုံးသားထဲမှာ ထာဝရ သိမ်းဆည်းထားမှာ ဖြစ်ပါတယ်။

**ဘာသာပြန်– အောင်ဇော်လင်း၊ ဂျေတီ၊ ကျော်ထိုက်စိုး**

❑ *ကျောဖုံးမှ*

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် အတည်ပြု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် အသိအမှတ်ပြု မှတ်တမ်းလွှာများအား အောက်တိုဘာ ၂၁ ရက်မှ ၂၄ ရက်အထိ လာအိုနိုင်ငံ Pakse မြို့၌ ကျင်းပသည့် (၆)ကြိမ်မြောက် အာဆီယံအမွေအနှစ် ဥယျာဉ်များ ညီလာခံတွင် မြန်မာနိုင်ငံမှ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးတို့က လက်ခံရယူခဲ့သည်။

အာဆီယံဒေသ အတွင်းရှိ သဘာဝထိန်းသိမ်းရေး နယ်မြေများ စီမံအုပ်ချုပ်မှု၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းမှုဆိုင်ရာတို့တွင် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်အတွက် အာဆီယံဒေသအတွင်း ဂေဟစနစ်၊ ဇီဝမျိုးစုံမျိုးကွဲ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ ထူးခြားစွာတည်ရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေများကို အာဆီယံအမွေအနှစ်ဥယျာဉ်များ (ASEAN Heritage Parks– AHPs) အဖြစ် သတ်မှတ်ထိန်းသိမ်းလျက်ရှိရာ မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၄ ခု တည်ထောင်ထားပြီး ယင်းတို့အနက် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်တို့အား ၂၀၀၃ ခုနှစ်တွင် လည်းကောင်း၊ နတ်မတောင် အမျိုးသားဥယျာဉ်အား ၂၀၁၂ ခုနှစ်တွင် လည်းကောင်း အာဆီယံအမွေအနှစ် ဥယျာဉ်များအဖြစ် သတ်မှတ်ခံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



(၆)ကြိမ်မြောက် အာဆီယံအမွေအနှစ်ဥယျာဉ်များ ညီလာခံတွင် အာဆီယံနိုင်ငံများမှ တက်ရောက်လာကြသည့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁- ၂၀၃၀) ရေးဆွဲပြုစုရေး ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်

**နေပြည်တော်  အောက်တိုဘာ ၂၄**

ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲပြုစုရေး ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

**နယ်ပယ်စုံပါဝင်ရန်လို**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀)တွင် ကဏ္ဍများအလိုက် လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းမဏ္ဍိုင်(၃)၊ ပန်းတိုင်(၄) ၂၁ ရာစုလူမှုအဖွဲ့အစည်းအတွက် လူ့စွမ်းအား အရင်းအမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ချိတ်ဆက်ပေါင်းစည်းမှု ရှိရန်လိုအပ်ကြောင်း၊ ထို့ပြင် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) လုပ်ငန်းစဉ်များ၏ စီမံကိန်းကာလအတွင်းရလဒ်များ၊ စီမံကိန်းအပြီး ရလဒ်များကိုဖော်ပြရာတွင် တိကျမှုရှိသည့် အညွှန်းကိန်း(Indicator) များကို ဖော်ပြနိုင်ရန်လိုအပ်ပါကြောင်း၊ ကဏ္ဍအလိုက်ရေးသားပြုစုသော အဖွဲ့ဝင်များ ထဲတွင် ပညာရှင်များ နယ်ပယ်စုံက ပါဝင်ရန်လိုအပ်ကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲပြုစုခြင်းတွင် ပါဝင်ဆောင်ရွက်ခြင်း သည် အနာဂတ်နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြု မည့် အရည်အသွေးရှိသော သင်ယူမှုအခွင့်အလမ်းမြှင့်တင်မှုကို ကြိုးပမ်း ဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် အတူလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

**ကဏ္ဍအလိုက်ဆွေးနွေး**

ထို့နောက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း (၂၀၂၁-၂၀၃၀) ပြုစုရေးဆွဲရေးဆိုင်ရာရည်ရွယ်ချက်များ၊ လုပ်ဆောင် ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မဟာဗျူဟာ စီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲပြုစုရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် အုပ်စုငယ်များခွဲ၍ဆွေးနွေးခြင်းကို ဆောင်ရွက်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲပြုစုရေး ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲပြုစုရေး ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# "တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ" ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော်  အောက်တိုဘာ ၂၄**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ နည်းပညာအကူအညီဖြင့် **"တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့် စီးပွားရေး လုပ်ငန်းများ"** ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မြသလ္လာခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက အမှာစကားပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှု ဆိုသည်မှာ လာဘ်ပေးလာဘ်ယူခြင်းထက် များစွာ ပိုမိုကျယ်ဝန်းကြောင်း၊ ယုံကြည်အပ်နှံထားသော လုပ်ပိုင်ခွင့် အာဏာကိုအလွဲသုံးစားပြုခြင်းသည် အစိုးရဌာနများတွင် သာမက ပုဂ္ဂလိကလုပ်ငန်းများနှင့်ပါသက်ဆိုင်ပြီး လာဘ်ငွေ အနည်းငယ်ပေးခြင်း၊ ယူခြင်းမှသည် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်း၊ ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်း အထိ ပါဝင်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေ အမှတ် (၂၀/၂၀၁၈) ဖြင့် စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကို ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက် တွင် ပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်သဖြင့် ယင်းဥပဒေအရ အဂတိလိုက်စားမှုဆိုသည်မှာ လာဘ်ပေးလာဘ်ယူခြင်းမျှသာ မဟုတ်တော့ဘဲ **"တည်ဆဲ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ် ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်း"** ဟူသောအချက် ထပ်မံဖြည့်စွက်ပါဝင်လာပါကြောင်း၊ သို့ဖြစ်၍ ကော်မရှင်သည် လာဘ်ပေးလာဘ်ယူခြင်းထက် ပိုမိုလေးနက်သော နိုင်ငံတော်၏ အကျိုးစီးပွားများ၊ တန်ဖိုးထားမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိခိုက်စေသည့် အခြားအဂတိလိုက်စားမှုပုံသဏ္ဍာန်များကိုပါ ထိရောက်စွာ တိုက်ဖျက်သွားနိုင်မည် ဖြစ်ပါကြောင်း။

အဂတိလိုက်စားမှုစနစ်ဆိုးကို တိုက်ဖျက်လိုသော စိတ်ဆန္ဒ အမှန်တကယ်ရှိကြမည်ဆိုလျှင် ပုဂ္ဂလိက အကျိုးစီးပွားနှင့် အများပြည်သူ အကျိုးစီးပွားအကြား ခွဲခြားစဉ်းစားတတ်ရန် အရေးကြီးကြောင်း၊ ပုဂ္ဂလိက အကျိုးစီးပွားဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အကျိုးစီးပွားသာမက ပုဂ္ဂိုလ်ဆိုင်ရာ စီးပွားရေးလုပ်ငန်း တစ်ခု၊ စက်ရုံအလုပ်ရုံတစ်ခု၊ အဖွဲ့အစည်းတစ်ခု၏ အကျိုး စီးပွားနှင့်လည်း သက်ဆိုင်ကြောင်း၊ အကယ်၍ လုပ်ပိုင်ခွင့်အာဏာရှိသူက ၎င်း၏အခွင့်အာဏာကို အလွဲ အသုံးပြုပြီး ပုဂ္ဂလိကအကျိုးစီးပွားအလို့ငှာ အများပြည်သူ အကျိုးစီးပွားဖြစ်သည့် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေမည် ဆိုလျှင် တံစိုးလက်ဆောင်ရယူကြောင်း ပေါ်ပေါက်သည်ဖြစ်စေ၊ မပေါ်ပေါက်သည်ဖြစ်စေ အဂတိလိုက်စားမှုပင် ဖြစ်ပါ ကြောင်း။

ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် ငြိစွန်းသူများကို ထိထိရောက်ရောက် စုံစမ်း စစ်ဆေး တရားစွဲဆိုခြင်းမပြုလုပ်နိုင်ခဲ့သော် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတာဝန်ကို မည်သည့် နည်းနှင့်မျှ ကျေပွန်စွာ ထမ်းဆောင်နိုင်မည် မဟုတ်ကြောင်း၊ ထိုသို့တာဝန်အရ အရေးယူဆောင်ရွက်ရာတွင် သူတစ်ပါးကို ထိခိုက်ပျက်စီးစေလိုသည့် ဗျာပါဒတရားမှ ကင်းဝေးစေရန် အတွက် ယနေ့အထိ တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့သော အမှု ၁၇၂ မှုကို ဘက်လိုက်ခြင်းကင်းစွာဖြင့် အလေးအနက် ချင့်ချိန်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဤအမှုများအပေါ် သင်ခန်းစာရယူ၍ နိုင်ငံ့ဝန်ထမ်းများက မိမိတို့၏တန်ဖိုး ထားမှုများကို ဒီမိုကရေစီစံနှုန်းနှင့်အညီ လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲပေးနိုင်ကြမည်ဆိုလျှင် အဂတိလိုက်စားမှု ကြောင့် ပြည်သူများ ထိခိုက်နစ်နာဆုံးရှုံးခဲ့ရမှုများကို ဆောလျင်စွာဆယ်တင်ကုသပေးနိုင်ပြီး မိမိတို့၏ မျိုးဆက် များအတွက်လည်း အဂတိကင်းသောလူ့ဘောင်ကို ထူထောင်ပေးခဲ့နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က **"ဖွံ့ဖြိုးတိုးတက်မှုအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြား၍ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဒေါက်တာ တင်မောင်သန်း(သင့်ဘဝ) က Moderator အဖြစ် ဆောင်ရွက်ပြီး **"တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးကဏ္ဍ"**၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးအောင်သန်းမြင့်က **"အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ"**၊ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက **"တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးကဏ္ဍ"** အကြောင်း ရှင်းလင်းဆွေးနွေးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်း ရှင်များအသင်းမှ ဒု-ဥက္ကဋ္ဌ ဦးမြင့်ဇော်က **"တာဝန်ယူမှု ရှိသော စီးပွားရေးလုပ်ငန်းများ"**၊ စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာ ပညာရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်သူရိန်ထွန်းက **"တာဝန်ယူမှုရှိသော CSO ကဏ္ဍ"** နှင့် UNDP ကိုယ်စားလှယ် ဦးအောင်ထွန်းက **"အဂတိလိုက်စားမှုအန္တရာယ် ဖြစ်နိုင်ခြေရှိမှု"** ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်ကြသူများက သိရှိလိုသည် များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ပြန်လည်ထူထောင်ရေးလုပ်ငန်းသည် လဲနေသူကို ထူမပေးပြီး ဆက်လက်ရပ်တည်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြောကြား




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၉) ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်(၁၀)ရပ်ကို ချမှတ်ထားပြီး အဆိုပါလုပ်ငန်းများတွင် ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ ဘေးဒဏ်ခံပြည်သူများ ၊ အမျိုးသမီးများ၊ ရွှေ့ပြောင်းလုပ်သားများ၊ လူကုန်ကူးခံရသူများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ၏ ဘဝရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းသည် လဲနေသူကိုထူမပေးပြီး ဆက်လက်ရပ်တည်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးရမည်ဖြစ်၍ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။ **သတင်းစဉ်**

# (၈၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ညီလာခံ၊ ကိုရီးယားသမ္မတနိုင်ငံ၏ (၇၄)နှစ်မြောက် အမျိုးသားရဲအဖွဲ့နေ့ အခမ်းအနားနှင့် အာရှ-ပစိဖိတ်ဒေသ ရဲချုပ်များညီလာခံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၄

**(၈၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ညီလာခံ (88th INTERPOL Conference) ကို အောက်တိုဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ချီလီနိုင်ငံ ဆန်တီယာဂိုမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။**

88th INTERPOL Conference သို့ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၄ နိုင်ငံမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးအဆင့်များ၊ ရဲချုပ်/ဒုတိယရဲချုပ်များနှင့် သက်ဆိုင်ရာ နိုင်ငံအလိုက် ရဲအဖွဲ့အကြီးအကဲများ၊ ASEANAPOL, EUROPOL, AMERICAPOL နှင့် AFRIPOL တို့မှ အထွေထွေအတွင်းရေးမှူးများ၊ INTERPOL အမှုဆောင်ကော်မတီဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးချုပ်၊ နိုင်ငံတကာ အသိအမှတ်ပြု လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ နည်းပညာ တီထွင်ထုတ်လုပ်သည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။

**စွမ်းဆောင်ရည်မြှင့်တင်ရေး**

အဆိုပါ ညီလာခံတွင် ကမ္ဘာတစ်ဝန်း ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ကြီးမားသည့်မှုခင်းပြဿနာများအပေါ် သုံးသပ်ခြင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်လာနိုင်သော မှုခင်းပုံစံများ၊ မျှော်မှန်းချက်များနှင့် ရဲအဖွဲ့များက တရားဥပဒေစိုးမိုးရေး ထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ကဏ္ဍများကို ပညာရှင်များက သုံးသပ်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

၎င်းတို့၏ ရှင်းလင်းတင်ပြချက်များတွင် ၅ နှစ်တာကာလ သုတေသနပြု လေ့လာတွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်း ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေသော မှုခင်းပြဿနာကြီးများသည် နည်းပညာတိုးတက်မှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့ကြောင်း၊ ခေတ်နှင့်အညီ နည်းပညာတိုးတက်ဖြစ်ပေါ်မှုများကို မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းကမျှ တားဆီး၍ မရနိုင်ကြောင်း၊ မှုခင်းပြဿနာများကို နိုင်ငံအတွင်း ကူးစက်ပြန့်ပွားရောက်ရှိမှ ဖြေရှင်းခြင်းသည် ဆုံးရှုံးမှု ပိုများကြောင်း၊ မှုခင်းပြဿနာများအပေါ် ကြိုတင်မျှော်တွေးပြီး ဖြစ်လာမှ တုံ့ပြန်ခြင်းထက် မဖြစ်အောင် အခြေအနေကို ဖန်တီးယူသော Proactive Measure ကို ဆောင်ရွက်ရန် အကြံပြု၍ နိုင်ငံအချင်းချင်း ပူးပေါင်းသတင်းမျှဝေခြင်းကဏ္ဍသည် ပိုမိုအရေးကြီးလာကြောင်း။

နိုင်ငံအသီးသီးသည် ပြည်သူပူးပေါင်းပါဝင်သော ရဲလုပ်ငန်း (Community Policing) ကို အလေးထား အကောင်အထည်ဖော်လျက်ရှိခြင်းသည် ကောင်းမွန်ကြောင်း၊ ယနေ့ကာလတွင် ပိုမိုတိုးမြင့်ဖြစ်ပွားလာသော နည်းပညာဖြင့် ကျူးလွန်သည့် မှုခင်းများ၊ ဆိုက်ဘာနှင့် ဆိုက်ဘာ အကြမ်းဖက်မှုတို့ကို Community Policing တစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်စွမ်း မရှိတော့ကြောင်း၊ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ Partnership ထူထောင်မှုတို့ဖြင့်သာ တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း၊ နည်းပညာကို ထိရောက်စွာ အသုံးချနိုင်သော နိုင်ငံအသီးသီးရှိ ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်နှင့် စွမ်းဆောင်ရည်မြှင့်မားရေးကိုလည်း အလေးထားဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြချက်များအရ သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်သည် 88th INTERPOL Conference တက်ရောက်စဉ်အတွင်း အင်တာပိုလ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ Mr. Kim Jong Yang နှင့် အလွတ်သဘောတွေ့ဆုံ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စွမ်းရည်မြှင့်တင်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတို့တွင် အင်တာပိုလ်မှ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

**သတင်းအချက်အလက်ဖလှယ်ရေး**

ထို့အပြင် ဩစတြေးလျနိုင်ငံ အမျိုးသား ရဲအဖွဲ့အကြီးအကဲ Police Commissioner, Reece Kershaw နှင့် သီးခြားတွေ့ဆုံ၍ ယနေ့တိုင်ကမ္ဘာ့နိုင်ငံအသီးသီးတွင် လက်လွတ်၍မရနိုင်သေးသည့် ခွေးဖြင့် မိုင်းရှာဖွေမှုနှင့် မူးယစ်ဆေးဝါးရှာဖွေမှုများအတွက် ဩစတြေးလျ၏ အကူအညီဖြင့် မြန်မာနိုင်ငံတွင် Canine အဆင့်မြင့် ခွေးသင်တန်းကျောင်းတစ်ခု မကြာမီကာလအတွင်း ထူထောင်ဖွင့်လှစ်ပေးရန် ဆွေးနွေးသဘောတူညီမှုရရှိခဲ့ပြီး မှုခင်းသတင်းအချက်အလက်များ (database) ထူထောင်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ရေးတွင် နှစ်နိုင်ငံပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့သည်။

အလားတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်သည် တရုတ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ရဲအဖွဲ့အကြီးအကဲများနှင့် အလွတ်သဘောတွေ့ဆုံ၍ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့သည်။




မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားရဲအဖွဲ့ ရဲချုပ်တို့ မြန်မာ – ကိုရီးယား နှစ်နိုင်ငံရဲတပ်ဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးအပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားရဲအဖွဲ့ ရဲချုပ်၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၂၁ ရက်တွင် ကျရောက်သည့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားရဲအဖွဲ့၏ (၇၄)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားနှင့် အာရှ-ပစိဖိတ်ဒေသ ရဲချုပ်များညီလာခံကို ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် တက်ရောက်ခဲ့သည်။

**ရဲအဖွဲ့များပူးပေါင်းရန်**

အဆိုပါအခမ်းအနား အစီအစဉ်သည် နိုင်ငံအသီးသီးမှ ရဲအဖွဲ့များ အချင်းချင်း ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကိုရီးယားသမ္မတနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသတွင်း ၂၉ နိုင်ငံမှ ဒုတိယဝန်ကြီးများနှင့် ရဲချုပ်များ၊ ရဲအဖွဲ့အစည်းများမှ အကြီးအကဲများ ဦးဆောင်၍ ကိုယ်စားလှယ် ၁၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Lee Nak-yeon နှင့် National Police Commissioner, General Min Gab-Ryon တို့ တက်ရောက်အမှာစကားများ ပြောကြားခဲ့သည်။ အခမ်းအနားအပြီးတွင် ကိုရီးယားသမ္မတနိုင်ငံ၏ လုံခြုံရေးနှင့် ရဲတပ်ဖွဲ့ဆိုင်ရာ နည်းပညာပြပွဲကို တက်ရောက်လေ့လာ၍ အခမ်းအနားတက်ရောက်လာသော ဒုတိယဝန်ကြီးများနှင့် ရဲချုပ်များနှင့် သီးခြားစီ အလုပ်သဘောတွေ့ဆုံဆွေးနွေးခဲ့သည်။

**မြန်မာ-ကိုရီးယား ပူးပေါင်း**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်သည် အောက်တိုဘာ ၂၃ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားရဲအဖွဲ့ ရဲချုပ်နှင့် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံရဲတပ်ဖွဲ့နှစ်ခုအကြား ဆိုက်ဘာမှုခင်းတိုက်ဖျက်ရေးကဏ္ဍ၊ မှုခင်းများအား နည်းပညာအသုံးပြု သိပ္ပံနည်းကျ စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးကဏ္ဍတို့အတွက် သင်တန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာအကူအညီရရှိရေးတို့နှင့် စပ်လျဉ်းသည့် နယ်ပယ် ၃ ရပ်တွင် မြန်မာ-ကိုရီးယား လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၃ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကလေးစာပေ (တိုင်းရင်းသားပုံပြင်) စာအုပ်များ ယူနီဆက်(မြန်မာ)မှ လှူဒါန်း

**ဆိပ်ဖြူ အောက်တိုဘာ ၂၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ခရိုင်၊ မြို့နယ်၊ မြို့ရုံးများရှိ ပြည်သူ့စာကြည့်တိုက်များတွင် အများပြည်သူများ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ယူနီဆက်(မြန်မာ)မှ ပေးပို့လှူဒါန်းသော (တိုင်းရင်းသားပုံပြင်) ကလေးစာပေစာအုပ်များကို ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ပြည်သူ့စာကြည့်တိုက်က လက်ခံရရှိခဲ့ကြောင်း သိရသည်။

အဆိုပါစာအုပ်များကို ကလေးငယ်များအား စာအုပ်/စာပေများ ချစ်မြတ်နိုးလာစေရန်၊ တိုင်းရင်းသားကလေးငယ်များအနေဖြင့် မိခင်ဘာသာစကား တတ်မြောက်မှုမြှင့်တင်ရန်နှင့် ရုံးသုံးဘာသာစကားဖြစ်သော မြန်မာစာပေ၊ မြန်မာစကားများကို ဖတ်ရှုလေ့လာရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ယူနီဆက်(မြန်မာ)မှ မည်သည့်စရိတ်မျှကျခံရခြင်းမရှိ(အခမဲ့)ပေးပို့လှူဒါန်းခြင်းဖြစ်ပြီး ယခုအခါတွင် ကလေးစာပေစာအုပ်များကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် တိုင်းရင်းသားပုံပြင် ၂၅ မျိုးကို တစ်ဘာသာလျှင် ၁၀ အုပ်နှုန်းဖြင့် အုပ်ရေ ၂၅၀ တို့အား ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်တွင် စာပေဝါသနာရှင် မည်သူမဆို ငှားရမ်းပေးလျက်ရှိပြီး ကလေးစာဖတ်ခန်းတွင် စင်တင်ပြသထားခြင်းတို့ဖြင့် စာဖတ်ပရိသတ်များအတွက် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ကိုမျိုး(ယောရော)**

# ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဂျပန်ဖလား တံခွန်စိုက်ကရာတေး ပြိုင်ပွဲ ဆုချီးမြှင့်



**ရန်ကုန် အောက်တိုဘာ ၂၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်နှင့် ဂျပန်သံရုံးတို့ ပူးပေါင်းကျင်းပသည့် (၁၀)ကြိမ်မြောက် ဂျပန်ဖလားတံခွန်စိုက် ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံပြိုင်ပွဲရုံ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ခဲ့သည်။

ဗိုလ်လုပွဲ ပြိုင်ပွဲများ၌ အမျိုးသား၊ အမျိုးသမီး၊ သက်တန်းအလိုက်၊ ဝိတ်တန်းအလိုက်၊ စီနီယာတန်း၊ ဂျူနီယာတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီး H.E.Mr. Ichiro Maruyama ၊ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဝင်းဇော်တို့က ဆုတံဆိပ်နှင့် အမှတ်တရလက်ဆောင်များ ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က ရွှေလေး၊ ငွေတစ်၊ ကြေးလေးခုဖြင့် စုပေါင်းတံခွန်စိုက်ဆု ရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလားချီးမြှင့်သည်။

ယင်းပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနအသင်းများ၊ ပြင်ပကလပ်အသင်းများ၊ အား/ ကာသိပ္ပံကျောင်းများ စုစုပေါင်း ၃၂ သင်းပါဝင်ပြီး အားကစားသမား ၃၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

# ဂျပန်နိုင်ငံမှ NHK ရိုက်ကူးရေးအဖွဲ့ ခရီးသွားအစီအစဉ် သတင်းမှတ်တမ်းရိုက်ကူး

**ရန်ကုန် အောက်တိုဘာ ၂၄**

ဂျပန်နိုင်ငံ NHK ရုပ်သံရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ကုသိုလ်တော်ဘုရား၊ မန္တလေးတောင်နှင့် မန္တလေးမြို့ ရှုခင်းများကို ရိုက်ကူးသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားတွင် ရွှေသင်္ကန်းကပ်လှူကြပုံ၊ ဝတ်ပြုဆုတောင်းပုံများ၊ ဒုက္ခရစရိယာကျင့်ဟန် ပြည်တော်အေးဘုရားရုပ်ပွားတော်တို့အား ရိုက်ကူးခဲ့ပြီး ၄င်းဘုရား ဒါယကာ ဦးလှဝင်းနှင့် ဘုရားတည်ထားကိုးကွယ်ရခြင်းအကြောင်း တွေ့ဆုံမေးမြန်းခန်း၊ နန်းမြို့ရိုးအရှေ့ဘက်တွင် ညအချိန်လူအများသွားလာနေပုံ၊ မန္တလေးဈေးချိုရှိ ဈေးဆိုင်ခန်းများနှင့် အရောင်းအဝယ်ပြုလုပ်နေပုံ၊ မျက်ပါးရပ်ရှိ "ဂျွံမင်း" ရွှေဆိုင်းလုပ်ငန်းတွင် ရွှေဆိုင်းပြုလုပ်ပုံ လုပ်ငန်းစဉ်တို့အား တွေ့ဆုံမေးမြန်းခန်းများ ရိုက်ကူးခဲ့သည်။



မန္တလေးတောင်ပေါ်မှ မန္တလေးမြို့ ရှုခင်းအား ရိုက်ကူးနေစဉ်။

အဆိုပါအဖွဲ့သည် အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ မန္တလေးမြို့ရှိ ကျောက်ဝိုင်းဈေး၊ ဦးပိန်တံတားနှင့် မန္တလေးမြို့၏အထင်ကရနေရာများအားဆက်လက်ရိုက်ကူးမည်ဖြစ်ပြီး ထိုသို့ ရိုက်ကူးထားမှုများကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် NHK BS ရုပ်သံလိုင်း၊ Travel Program အစီအစဉ်တွင် "မြန်မာပြည်ရှိ လှပသောမြို့" ခေါင်းစဉ်ဖြင့် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(FDC)**

# မန္တလေးမြို့တွင် ပထမဆုံးအကြိမ် ကျင်းပသည့် ကျောက်မျက်ပြပွဲသို့ ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ကုန်သည် ၇၀၀၀ ခန့် လာရောက်လေ့လာကြည့်ရှု

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးမြို့ ကွန်ဗင်းရှင်းစင်တာတွင် ပထမအကြိမ် ကျင်းပသည့် ကျောက်စိမ်းအရိုင်း၊ အချောထည်နှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချသည့်ပြပွဲတွင် ဒုတိယနေ့အထိ ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ကုန်သည် ၇၀၀၀ ခန့် လာရောက်လေ့လာကြည့်ရှုလျက်ရှိကြောင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) ဥက္ကဋ္ဌ ဦးသန်းဝင်းက ပြောကြားသည်။

''ပြပွဲပထမနေ့မှာပဲ ပြည်တွင်းက ကျောက်မျက်ကုန်သည် ၅၀၀၀ ကျော်နဲ့ ပြည်ပက ကုန်သည်တချို့ လာရောက်လေ့လာကြည့်ရှုနေကြပြီး ဒီနေ့ ဒုတိယနေ့မှာတော့ ပြည်တွင်းကကျောက်မျက်ကုန်သည် ၆၀၀၀ ကျော်နဲ့ ပြည်ပကကုန်သည် ၆၀၀ ကျော် ဝင်ရောက်လေ့လာကြည့်ရှုနေတာကိုတွေ့ရတယ်။ ကျွန်တော်တို့အနေနဲ့ ကုန်သည်အားလုံးကို နေ့စဉ် အကန့်အသတ်မရှိ ဝင်ရောက်လေ့လာဝယ်ယူခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ တင်ဒါစနစ်နဲ့ ရောင်းချမယ့်ကျောက်စိမ်းအတွဲတွေကို လာရောက်ကြည့်ရှုပြီး ဝယ်ယူသူတွေအတွက် ဝင်ကြေးငွေကို ပြည်တွင်းက ကုန်သည်တွေကို ကျပ်နှစ်သောင်းနှုန်းနဲ့ နိုင်ငံခြားသားများအတွက် ကျပ်တစ်သိန်းနှုန်း ကောက်ခံသွားမှာ ဖြစ်ပါတယ်။ ကျောက်စိမ်းအတွဲအရိုင်းတွေ ကြည့်ရှုရမယ့်ရက်ကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သတ်မှတ်ပေးထားပြီး အောက်တိုဘာ ၂၆ ရက်မှ ၂၉ ရက်အထိ တင်ဒါစနစ် နဲ့ ရောင်းချပေးသွားမှာပါ။ ကျောက်စိမ်းအရောင်းအဝယ်အတွက် အခွန်ကောက် ခံမှုအနေနဲ့ ရောင်းသူဘက်က ၁၃ ရာခိုင်နှုန်းနဲ့ ဝယ်သူဘက်က ၅ ရာခိုင်နှုန်း ပေးဆောင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲတော်ကနေ နိုင်ငံတော်အတွက် လည်း အခွန်ဝင်ငွေတွေ တိုးတက်ရရှိသွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြော သည်။

အဆိုပါကျောက်စိမ်းရောင်းချပွဲသို့ လာရောက်လေ့လာဝယ်ယူသူ ဦးသန်းဇော်ကွန်းက ''ကျွန်တော်တို့ မန္တလေးမှာ ဒီလိုကျောက်မျက်ပြပွဲကြီး ကျင်းပနိုင်တာကို အင်မတန် ဂုဏ်ယူပါတယ်။ ဒီပြပွဲမှာ ကျောက်စိမ်းအရိုင်းအတွဲတွေ ပြသထားတာကိုလည်း အားရကျေနပ်မိပါတယ်။ ကျောက်တွေရဲ့ အရည်အသွေးကလည်း ကောင်းမွန်တာ တွေ့ရတဲ့အတွက် ရောင်းသူဝယ်သူအားလုံး အဆင်ပြေမှာပါ။ ကျွန်တော်တို့ကလည်း ကုမ္ပဏီအနေနဲ့ရော၊ အသင်းအဖွဲ့အနေနဲ့ရော ကုန်သည်အနေနဲ့ပါ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ အဆင်သင့်ပါပဲ။ လက်ရှိ ဒီပြပွဲရဲ့ ရောင်းဝယ်မှုမှာ အခွန်ကောက်ခံမှုနှုန်းများနေတယ်လို့ ပြောသံကြားရပါတယ်။ ဒါကြောင့် အများကို ဆွဲခေါ်နိုင်ဖို့ အခွန်ကို အနည်းငယ်လျှော့ကောက်ပေးမယ်ဆိုရင် ဒီပထမဆုံးအကြိမ် ကျင်းပတဲ့ ကျောက်မျက် ပြပွဲကနေ နောင်ကျင်းပမယ့် ပြပွဲတွေအတွက် အစဉ်အလာကောင်းတစ်ခု ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

အဆိုပါ ပြပွဲကို အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသရောင်းချသွားမည်ဖြစ်ပြီး ၎င်းပြပွဲတွင် ကျောက်စိမ်းအရိုင်း အတွဲပေါင်း ၂၉၅၀ ကျော်နှင့် ကျောက်မျက်ရတနာ အချောထည်ဆိုင်ခန်းများ၊ ကျောက်စိမ်းပန်းပုနှင့် လက်ဝတ်ရတနာ ဆိုင်ခန်းပေါင်း ၄၀ ကျော် ပါဝင်ပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ၂၀၂၀ ရာသီ လိဂ်ပြိုင်ပွဲများ ကျင်းပမည့်ရက်ထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၂၄**

၂၀၂၀ ခုနှစ်တွင် ကျင်းပမည့် လိဂ်ပြိုင်ပွဲအလိုက် ရက်များထုတ်ပြန်လိုက်ပြီဖြစ်ပြီး လိဂ်ပြိုင်ပွဲလေးခု ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၂၀ ရာသီတွင် MNL စီနီယာလိဂ်ပြိုင်ပွဲ၊ MNL-2 (ပထမတန်း) ပြိုင်ပွဲ၊ MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ၊ MNL ယူ-၁၉ လူငယ်လိဂ်ပြိုင်ပွဲတို့ ကျင်းပမည်ဖြစ်ပြီး ယခင်က လူငယ်လိဂ်ပြိုင်ပွဲလေးခု ကျင်းပခဲ့သော်လည်း လာမည့်ရာသီတွင် ပွဲအရေအတွက် ပိုမိုများပြားလာစေရန် ရည်ရွယ်၍ MNL နှင့် MNL-2 တို့မှ ကလပ်အသင်းအားလုံးမှာ ယင်းလူငယ်လိဂ်နှစ်ခုစလုံးတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

MNL စီနီယာလိဂ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၁ ရက်မှ စက်တင်ဘာ ၂၇ ရက်၊ MNL-2 စီနီယာလိဂ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၃ ရက်မှ ဇူလိုင် ၁၇ ရက်၊ MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၈ ရက်မှ စက်တင်ဘာ ၂၄ ရက်၊ MNL ယူ-၁၉ လိဂ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။ MNL ပြိုင်ပွဲတွင် အသင်း ၁၂ သင်း၊ MNL-2 (ပထမတန်း) တွင် အသင်း ခုနစ်သင်း/ ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၁၉ ရာသီအပြီးတွင် ကလပ်အသင်းအချို့ ဖျက်သိမ်းတော့မည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း အောက်တိုဘာ ၂၃ ရက်က ပြုလုပ်သည့် အစည်းအဝေးအထိ MNL ကလပ်အသင်းများအနက် ဖျက်သိမ်းသည့် အသင်းမရှိသေးကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယခုလကုန်အထိ ဝင်ရောက်ယှဉ်ပြိုင်မည့် ကလပ်အသင်းများကို လက်ခံမည်ဖြစ်ပြီး နိုဝင်ဘာလတွင် ပွဲစဉ်ရေးဆွဲခြင်းအပါအဝင် လာမည့်ရာသီတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများကို အတည်ပြုထုတ်ပြန်မည်ဖြစ်သည်။

လာမည့်နှစ်တွင် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ကျင်းပရန်ရှိသောကြောင့် စီနီယာလိဂ်ပြိုင်ပွဲများကို စက်တင်ဘာလတွင် အပြီးကျင်းပမည်ဖြစ်ပြီး ကလပ်အသင်းအားလုံးအတွက် ရာသီကြို အပြောင်းအရွှေ့ကာလကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၉ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၀ ရက်အထိ သတ်မှတ်ထားသည်။

၂၀၁၉ ရာသီတွင် MNL အမှတ်ပေးပြိုင်ပွဲ၌ ရှမ်းယူနိုက်တက်အသင်း၊ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ၌ ချင်းယူနိုက်တက်အသင်း၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံးထွက်ပြိုင်ပွဲ၌ ရန်ကုန်ယူနိုက်တက်အသင်းတို့က ဗိုလ်စွဲခဲ့သည်။

**ညီမြတ်သော်တာ**

---

*❍ ကျောဖုံးမှ*

မြန်မာစံတော်ချိန် ည ၁၀ နာရီတွင် နီပေါ ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ကာတာခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲ ကစားမည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ ခြောက်ပွဲယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စု(က) ၌ ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ တီမောအသင်းတို့နှင့် ကျရောက်နေသည်။

**ညီမြတ်သော်တာ**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် အောက်တိုဘာ ၂၄**

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ပုံစံဖြင့် ကျား (၅၃၀၄) ဦး၊ မ (၁၇၄၁၇) ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း (၂၂၇၂၁) ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း လက်ခံရရှိမှု (၁၁၀) မှုတွင် ကျေအေးမှု (၃၇) မှု၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု (၁၆) မှု၊ ပိတ်သိမ်းမှု (၇) မှုနှင့် ငွေကြေးအကျိုးခံစားခွင့် (၅၀) မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ (၃၅၂) ဦးအား ငွေကျပ် ၁၄၉,၆၇၈,၀၁၂ ကို ခံစားခွင့်ရရှိစေခဲ့ပါသည်။ ကျွမ်းကျင်လုပ်သားများရရှိစေရန် လေ့ကျင့်ပေးခြင်းနှင့် ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်၍ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းများအနေဖြင့် အောက်ပါအတိုင်းဖြစ်သည်-

**ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင်**
**၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများစာရင်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသားဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁။ | လေအေးပေးစက်တပ်ဆင်/ပြုပြင်ခြင်း သင်တန်း (ရန်ကင်း) | ၁၈-၉-၂၀၁၉ မှ ၃၀-၁၀-၂၀၁၉ အထိ | ၃၂ | - | ၃၂ |
| ၂။ | လျှပ်စစ်သင်တန်း(ဘားအံ) | ၂-၉-၂၀၁၉ မှ ၂၂-၁၁-၂၀၁၉ အထိ | ၂၀ | - | ၂၀ |
| ၃။ | ပန်းရံသင်တန်း(ဘားအံ) | ၂-၉-၂၀၁၉ မှ ၂၂-၁၁-၂၀၁၉ အထိ | ၂၀ | - | ၂၀ |
| ၄။ | ဂဟေဆက်သင်တန်း(မန္တလေး) | ၃၀-၉-၂၀၁၉ မှ ၃၁-၁၀-၂၀၁၉ အထိ | ၂၀ | - | ၂၀ |
| ၅။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာလမ်းညွှန် သင်တန်း(မန္တလေး) | ၂-၉-၂၀၁၉ မှ ၂၅-၉-၂၀၁၉ အထိ | ၄,၃၆၅ | ၆၉၀ | ၅,၀၅၅ |
| ၆။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း (မြောက်ဒဂုံ) | ၂၉-၈-၂၀၁၉ မှ ၂၅-၉-၂၀၁၉ အထိ | ၄,၈၀၄ | ၁,၁၇၃ | ၅,၉၇၇ |
| စုစုပေါင်း | | | ၉,၂၆၁ | ၁,၈၆၃ | ၁၁,၁၂၄ |

**၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွင်း ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းဇယား**

| စဉ် | အလုပ်အကိုင်အမည် | အဆင့် | ဖြေဆိုသူ | | | အောင်မြင်သူ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁။ | Electrician | Level-1 | ၈၅ | ၁ | ၈၆ | ၈၄ | ၁ | ၈၅ |
| ၂။ | Room Attendant | Level-1 | ၂ | ၁၈ | ၂၀ | ၂ | ၁၈ | ၂၀ |
| ၃။ | Motorized Farm | Level-1 | ၃၀ | - | ၃၀ | ၃၀ | - | ၃၀ |
| ၄။ | Waiting Staff | Level-1 | ၁၄ | ၁၆ | ၃၀ | ၁၄ | ၁၆ | ၃၀ |
| ၅။ | Garment | Level-1 | ၂၅ | ၁၂၅ | ၁၅၀ | ၂၅ | ၁၂၁ | ၁၄၆ |
| ၆။ | Brick Layer | Level-1 | ၂၄ | - | ၂၄ | ၂၁ | - | ၂၁ |
| ၇။ | Tiler | Level-1 | ၂၄ | - | ၂၄ | ၂၄ | - | ၂၄ |
| ၈။ | Carpenter | Level-1 | ၅၀ | - | ၅၀ | ၄၂ | - | ၄၂ |
| ၉။ | MMAW | Level-1 | ၁၂ | - | ၁၂ | ၁၂ | - | ၁၂ |
| ၁၀။ | GMAW | Level-1 | ၂၂ | - | ၂၂ | ၁၉ | - | ၁၉ |
| ၁၁။ | FCAW | Level-1 | ၁၄ | - | ၁၄ | ၉ | - | ၉ |
| ၁၂။ | Air con | Level-1 | ၂၄ | - | ၂၄ | ၂၂ | - | ၂၂ |
| ၁၃။ | Hydraulic Excavator | Level-1 | ၂၁ | - | ၂၁ | ၁၈ | - | ၁၈ |
| စုစုပေါင်း | | | ၃၄၇ | ၁၆၀ | ၅၀၇ | ၃၂၂ | ၁၅၆ | ၄၇၈ |
| ၁။ | Pneumatic | Level-2 | ၃၆ | ၄ | ၄၀ | ၂၉ | ၄ | ၃၃ |
| ၂။ | Electrician | Level-2 | ၂၄ | - | ၂၄ | ၂၃ | - | ၂၃ |
| စုစုပေါင်း | | | ၆၀ | ၄ | ၆၄ | ၅၂ | ၄ | ၅၆ |
| စုစုပေါင်း (Level-1 & Level-2) | | | ၄၀၇ | ၁၆၄ | ၅၇၁ | ၃၇၄ | ၁၆၀ | ၅၃၄ |

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၁၉၀၀၀ ကျော်နှင့် US$ ၁၄၁၅၀ ကို ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ / အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ/အလုပ်ရုံ (၂၇၅)ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာသိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု (၁၉၄) ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် (၁၃) မှုနှင့် ခုံသမာဓိကောင်စီတွင် (၄)မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၄၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၃၅၁ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၃၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး (၃) ရုံ<br>(ပြင်ပလူနာ ၉၄၅၀ ဦး ၊ အတွင်းလူနာ ၇၀၄ ဦး) | ၁၀၁၅၄ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း (၉၆) ခန်း၊<br>ဌာနကြီးဆေးခန်း (၅၈) ခန်းနှင့် လူမှုဖူလုံရေး-<br>ကဲဝဲလ်ဆေးခန်း (၅) ခန်းနှင့် PPS စနစ်ဖြင့်<br>စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း (၇) ခန်း<br>တို့မှ ဆေးကုသပေးမှု | ၁၁၃၄၅၁ ဦး |
| ဂ | အလုပ်သမားဆေးရုံကြီး (၃) ရုံမှ<br>ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု (၃) ကြိမ် | ၅၂၃ ဦး |
| ဃ | လူမှုဖူလုံရေးဆေးခန်းများမှ<br>ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု (၆၈) ကြိမ် | ၁၄၀၁ ဦး |

## မှတ်ပုံတင်ထားသော မော်တော်ယာဉ်များ၏ လက်ရှိပိုင်ရှင်၊ အမည်၊ နေရပ်လိပ်စာ တိကျမှန်ကန်စွာ မှတ်တမ်းတင်နိုင်ရန် အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသော မော်တော်ယာဉ်များ၏ ပိုင်ရှင်၊ အမည်၊ နေရပ်လိပ်စာ တိကျမှန်ကန်ရေးသည် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် စည်းကမ်းဥပဒေနှင့်ညီညွတ်သည့် မော်တော်ယာဉ်များဖြစ်စေရေး၊ ရှေ့ဆက်ဆောင်ရွက်မည့် Radio Frequency Identification(RFID) စနစ်နှင့် ချောမွေ့စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးတို့အတွက် များစွာအရေးပါပါသည်။

၂။ မော်တော်ယာဉ်(၁)စီးအတွက် ယခင်ကောက်ခံခဲ့သည့် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ အခွန်နှုန်းသည် အနိမ့်ဆုံး ၁၅ % မှ အမြင့်ဆုံး ၃၀ % အထိ ဖြစ်ပါသည်။ ယခု ၂၀၁၉ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေပုဒ်မ- ၂၅ အရ ယာဉ်ပိုင်ရှင်တိုင်း အခွန်ပေးဆောင်နိုင်သည့် အနေအထားသို့ ရောက်ရှိလာပြီဖြစ်ရာ အခွန်သက်သာခွင့်ကန့်သတ်ကာလအတွင်း ယာဉ်ပိုင်ရှင်တိုင်း ယာဉ်လက်ဝယ်ရှိသူအမည်၊ နေရပ်လိပ်စာမှန်ကန်စွာ ပြောင်းလဲမှတ်တမ်းတင်နိုင်ရန် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

၃။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ စတင်၍ မော်တော်ယာဉ်မှတ်ပုံတင်လုပ်ငန်းများ (ကနဦးမှတ်ပုံတင်ခြင်း၊ နှစ်လဲသက်တမ်းတိုးခြင်း၊ ယာဉ်မှန်/ မမှန် စစ်ဆေးခြင်း၊ နယ်ဝင်/ နယ်ထွက်ခြင်း၊ ခရီးလွန်စစ်ဆေးခြင်း၊ စက်/ ဆေး/... ပြောင်းလဲခြင်း၊ မှတ်ပုံတင်အထောက်အထားပျောက်ဆုံးခြင်း စသည်ဖြင့်) ဆောင်ရွက်ပါက အမည်ပေါက်ယာဉ်ပိုင်ရှင်ကိုယ်တိုင် (သို့မဟုတ်) အမည်ပေါက်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများဖြင့် တိုက်ဆိုင်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး တင်ပြနိုင်ခြင်းမရှိပါက ယာဉ်လက်ဝယ်ရှိသူ၏အမည်သို့ပြောင်းရန် ပြည်တွင်းအခွန်များဦးစီးဌာနတွင် ဝင်ငွေခွန်ပေးဆောင်စေမည် ဖြစ်ပါသည်။

၄။ နောင်နှစ်များတွင်လည်း မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ရာ၌ ယာဉ်အမည်ပေါက်ပိုင်ဆိုင်သူ မှန်ကန်မှသာ သက်တမ်းတိုးဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် မိမိပိုင်ယာဉ် မိမိအမည်ပေါက် မှန်ကန်စေရေးအတွက် အခွန်သက်သာခွင့်ကန့်သတ်ကာလအတွင်း ယာဉ်ပိုင်ရှင်များအားလုံး အလေးထားပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးတိုက်တွန်းအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

■ *ကျောဖုံးမှ*

အကောင်းဆုံးခြေစွမ်းပြခဲ့သည့် ကစားသမားဖြစ်ခဲ့သည်။ ယင်းအုပ်စုတွင် တစ်ချိန်တည်း ယှဉ်ပြိုင်ခဲ့သည့် ဆာ့လ်ဘတ်နှင့် နာပိုလီပွဲတွင် အဝေးကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် နာပိုလီအသင်း အနိုင်ရရှိခဲ့သည်။ ပွဲစဉ်(၃)ယှဉ်ပြိုင်အပြီး အုပ်စု(င)တွင် ရမှတ် ခုနစ်မှတ်ဖြင့် နာပိုလီက ဇယားထိပ်တွင် ရပ်တည်နေပြီး လီဗာပူး ခြောက်မှတ်၊ ဆာ့လ်ဘတ် သုံးမှတ် နှင့် ဂျန့်ခ်က တစ်မှတ်သ ာ ရရှိထားသည်။

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၃) အခြားပွဲစဉ်ရလဒ်များအဖြစ် အုပ်စု(စ)တွင် ဘာစီလိုနာက ဆလားဗီးယားပရပ်ကို နှစ်ဂိုး-တစ်ဂိုးနှင့် အင်တာက ဒေါ့မွန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(ဆ)တွင် လိုက်ပ်ဇစ်က ဇင်းနစ်ကို နှစ်ဂိုး-တစ်ဂိုးနှင့် ဘင်ဖီကာက လိုင်ယွန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(ဇ)တွင် ချယ်လ်ဆီးက အိုင်းယက်စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး လိုင်လီနှင့် ဗလင်စီယာမှာ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။ အောက်တိုဘာ ၂၃ရက်တွင် ယှဉ်ပြိုင်ခဲ့သည့် အုပ်စုပွဲစဉ်(၃) ပထမနေ့ပွဲရလဒ်များအဖြစ် အုပ်စု(က)တွင် ပီအက်စ်ဂျီက ကလပ်ဘရုဂ်ကို ငါးဂိုး-ဂိုးမရှိ၊ ရီးရဲမက်ဒရစ်က ဂါလာတာစာရေးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စု(ခ)တွင် ဘိုင်ယန်မြူးနစ်က အိုလံပီယာကို့စ်ကို သုံးဂိုး-နှစ်ဂိုး၊ စပါးက ဇက်ဗက်ဇ်ဒါကို ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ အုပ်စု(ဂ)တွင် မန်စီးတီးက အတ္တလန္တာကို ငါးဂိုး-တစ်ဂိုး၊ ရှက်တာဒိုးနက်ခ်နှင့် ဒိုင်နမိုဇာဂရက်မှာ တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့သည်။ အုပ်စု(ဃ)တွင် ဂျူဗင်တပ်စ်က လိုကိုမိုးတစ်မော်စကိုကို နှစ်ဂိုး-တစ်ဂိုးနှင့် အက်သလက်တီကိုက လေဗာကူဆင်ကို တစ်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**သီဟ**

# အိန္ဒိယနှင့် ဖိလစ်ပိုင် ကာကွယ်ရေးဆိုင်ရာဆက်ဆံမှု အားကောင်းအောင်ဆောင်ရွက်လျက်ရှိ



အိန္ဒိယသမ္မတ ရမ်နက်သ် ကိုဗင့်ဒ်နှင့် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေး တို့ တွေ့ဆုံနေစဉ်။

**မနီလာ အောက်တိုဘာ ၂၄**

အနောက်နိုင်ငံများ၏ အရေးပါသော မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်လာသည့် အိန္ဒိယနိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာဆက်ဆံရေးတွင် ပိုမိုအားကောင်းလာအောင် လုပ်ဆောင်ရန် ဖိလစ်ပိုင်နိုင်ငံက သဘောတူလိုက်ကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြထားသည်။

ကာကွယ်ရေးနှင့် လုံခြုံမှုပိုင်းတွင် ပိုပြီးနီးကပ်စွာ လက်တွဲလုပ်ဆောင်ရန် အိန္ဒိယနိုင်ငံနှင့် ဖိလစ်ပိုင်သမ္မတတို့ လွှန်ခဲ့သည့် သီတင်းပတ်က ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ အာရှ-ပစိဖိတ်ဒေသတွင် အလျင်အမြန်ပြောင်းလဲလာသည့် ပထဝီနိုင်ငံရေးအခင်းအကျင်းတစ်ခုဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတရုံးက အသိအမှတ်ပြုပြီးမကြာမီ ယခုလိုပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

အိန္ဒိယ၏ အခန်းကဏ္ဍကို ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက ကြိုဆိုကြောင်း အိန္ဒိယသမ္မတ ရမ်နက်သ်ကိုဗင့်ဒ်၏ ဖိလစ်ပိုင်ခရီးစဉ်အပြီး ဖိလစ်ပိုင်သမ္မတရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

၂၀၁၆ ခုနှစ်တွင် သမ္မတဖြစ်လာခဲ့သည့် ရိုဒရီဂို ဒူတာတေးသည် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကောင်းအောင် ဆောင်ရွက်ခဲ့သလို တခြားနိုင်ငံများနှင့်လည်း ဆက်ဆံရေးကောင်းအောင် ကြိုးစားဆောင်ရွက်လာခဲ့သည်။

အိန္ဒိယနိုင်ငံသည်လည်း လတ်တလောတွင် အမေရိကန်နှင့် လက်တွဲလျက်ရှိပြီး ခိုင်မာသည့်ဆက်ဆံရေးရှိနေကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ဟွာဝေးကုမ္ပဏီ၏ အကူအညီဖြင့် ပေါ်တူဂီ၌ ပထမဆုံးဖိုက်ဂျီကွန်ရက် တည်ဆောက်ပြီးစီး

**လစ္စဘွန်း အောက်တိုဘာ ၂၄**

ပေါ်တူဂီနိုင်ငံမြောက်ပိုင်း မာတိုဆင်ဟိုစ်မြို့၌ နိုင်ငံ၏ ပထမဆုံးဖိုက်ဂျီကွန်ရက်ကို တရုတ်နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဟွာဝေး၏ အကူအညီဖြင့် တည်ဆောက်ပြီးစီးခဲ့ကြောင်း NSO ဆက်သွယ်ရေးကုမ္ပဏီက အောက်တိုဘာ ၂၃ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

NSO ကုမ္ပဏီက ဖိုက်ဂျီကွန်ရက်ကို စတင်အသုံးပြုနိုင်ပြီဖြစ်ပြီး ဒေသတွင်း အစိုးရ၊ လုပ်ငန်းများနှင့် သုတေသနအဖွဲ့အစည်းများအတွက် ဖိုက်ဂျီနည်းပညာအသုံးပြုမှုဆိုင်ရာ သုတေသနစင်တာကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း NSO ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် မီဂူရယ်လ်အယ်မီဒါက ပြောကြားခဲ့သည်။

NSO ကုမ္ပဏီသည် ဖိုက်ဂျီနည်းပညာအသုံးပြုမှုတွင် ရှေ့ဆောင်အဖြစ်ရပ်တည်နေကြောင်း ဖော်ပြနိုင်ခဲ့သည်ဖြစ်ရာ ပေါ်တူဂီနိုင်ငံ၏ ဆက်သွယ်ရေးနယ်ပယ်တွင် သမိုင်းတွင်စေသည့် ဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း အယ်မီဒါက ပြောကြားခဲ့သည်။

ဟွာဝေးကုမ္ပဏီ၏ ဖိုက်ဂျီနည်းပညာဆိုင်ရာ ကုန်ပစ္စည်းလိုင်း ဥက္ကဋ္ဌ ရန်ချောင်ပင်က ဟွာဝေးကုမ္ပဏီအနေဖြင့် နိုင်ငံတကာတွင် ဖိုက်ဂျီလုပ်ငန်းစာချုပ်ပေါင်း ၆၀ ကျော်ကို ချုပ်ဆိုခဲ့ပြီး ယင်းတို့အနက် ဥရောပနိုင်ငံများနှင့် စာချုပ်ချုပ်ဆိုမှုမှ ၃၂ ခုဖြစ်ကြောင်း ယခင်ရက်သတ္တပတ်က ဆွစ်ဇာလန်၌ ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် Mobile Broadband ဖိုရမ်၌ ပြောကြားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံကြား လူ့အခွင့်အရေးဆွေးနွေးသင့်ဟု ကွင်တားနားပြော

**ဝါရှင်တန် အောက်တိုဘာ ၂၄**

မြောက်ကိုရီးယားလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် တောမက်စ် အိုဂျာကွင်တားနားက လူ့အခွင့်အရေးကိစ္စနှင့် ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားနိုင်ငံအကြား ထည့်သွင်းဆွေးနွေးလိမ့်မည်ဟု မျှော်လင့်ကြောင်း ယမန်နေ့က နယူးယောက်အစည်းအဝေး၌ ပြောကြားလိုက်သည်။

ကွင်တားနားက မြောက်ကိုရီးယားလူမျိုးများသည် လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် နိုင်ငံတွင်းဖြစ်ပေါ်နေသည့် ဆိုးရွားလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်ပြီး ပိတ်ပင်ခံနေရကြောင်း ပြောကြားလိုက်သည်။

လူ့အခွင့်အရေးကိစ္စကို အမေရိကန်နှင့် မြောက်ကိုရီးယားတို့၏ ဆွေးနွေးညှိနှိုင်းမှုတွင် ဆွေးနွေးသင့်ကြောင်း၊ အဆိုပါအချက်သည်ပင်လျှင် မြောက်ကိုရီးယားတည်ငြိမ်ရေးနှင့် ချူကလီးယားကင်းစင်ရေးအတွက် အဓိကကျကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးယူဒဏ်ခတ်မှုများကြောင့် လူသားချင်းစာနာနားလည်မှု အကူအညီပေးရေးဆိုင်ရာ လွတ်လပ်ခွင့်သည် တိုးတက်သင့်သလောက် တိုးတက်မှုရှိကြောင်း အမေရိကန်အရာရှိများက ၎င်းကို ပြောကြားသည်ဟု ကွင်တားနားက ပြောသည်။ သို့သော်လည်း မြောက်ကိုရီးယားနိုင်ငံက ပြန်ပေးဆွဲသွားသော ဂျပန်နိုင်ငံသားများနှင့် ပတ်သက်သည့်ကိစ္စတွင် ထူးခြားမှု မရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## ဘင်္ဂလားဒေ့ရှ်၌ ဆယ်ကျော်သက်မိန်းကလေးတစ်ဦးကို အရှင်လတ်လတ်မီးရှို့သတ်ခဲ့မှုဖြင့် လူ ၁၆ ဦးကို သေဒဏ်ပေး

**ဒါကာ အောက်တိုဘာ ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆယ်ကျော်သက် မိန်းကလေးငယ်တစ်ဦးကို အရှင်လတ်လတ်မီးရှို့ခဲ့သူ ၁၆ ဦးကို သေဒဏ်ပေးလိုက်ကြောင်း သိရသည်။ အဆိုပါမိန်းကလေးသည် ၎င်း၏ ကျောင်းအုပ်ကြီးအပေါ် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်စော်ကားမှုဖြင့် တရားစွဲဆိုထားမှုကို ရုပ်သိမ်းပေးရန် ငြင်းဆန်ခဲ့သည့်အတွက် ထိုသို့မီးရှို့ခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်သည် လူပေါင်း ၁၆၈ သန်းနေထိုင်ရာ တောင်အာရှနိုင်ငံတစ်ခုဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လိင်အကြမ်းဖက်ခံရမှုများတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိမှုမှာ ထုံးစံတစ်ခုသဖွယ် ဖြစ်နေခြင်းနှင့် ဆင်းရဲနွမ်းပါးသည့် ကျေးလက်ဒေသမှ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာ စာသင်ကျောင်းပေါင်း ၂၀၀၀၀ ခန့်တို့တွင် အကြမ်းဖက်အနိုင်ကျင့်ဖိနှိပ်ခံရမှုများ မကြာခဏပေါ်ပေါက်နေမှုကို မီးမောင်းထိုးပြလျက်ရှိကြောင်း တက်ကြွလှုပ်ရှားသူများက ပြောသည်။

ကျေးလက်ဘာသာရေးကျောင်းတွင် တက်ရောက်နေသည့် ဆယ်ကျော်သက်မိန်းကလေးငယ် နူစရတ်ဂျာဟန်ရာဖီသည် ၎င်း၏ကျောင်းအုပ်ကြီးက ၎င်းအား လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခဲ့မှုကို တိုင်ကြားခဲ့ပြီးနောက် ဧပြီ ၁၆ ရက်တွင် ခေါင်းဆီဖြင့်လောင်းကာ အရှင်လတ်လတ်မီးရှို့ခံခဲ့ရသည်။ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုဖြင့် ဖမ်းဆီးခံခဲ့ရပြီးနောက်တွင် ကျောင်းအုပ်ကြီးက ရာဖီအား ထိုသို့ရက်စက်စွာသတ်ဖြတ်ရန် အကျဉ်းထောင်အတွင်းမှနေ၍ စေခိုင်းခဲ့ကြောင်း တောင်ပိုင်းကမ်းခြေရှိ ဖီနီမြို့တရားရုံးက စစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါကျောင်းအုပ်ကြီးကိုပါ သေဒဏ်ပေးခဲ့ကြောင်း သိရသည်။



အသတ်ခံရသည့် ကျောင်းသူလေးအတွက် တရားမျှတမှု ရရှိရေး ဆန္ဒပြနေသူများကို တွေ့ရစဉ်။

အရှင်လတ်လတ်မီးရှို့ခံခဲ့ရပြီးနောက်တွင် ရာဖီသည် ခန္ဓာကိုယ်၏ ၈၀ ရာခိုင်နှုန်းအထိ မီးလောင်ခံခဲ့ရပြီး လေးရက်အကြာတွင် ရရှိသောဒဏ်ရာများဖြင့် ဆေးရုံပေါ်၌ သေဆုံးသွားခဲ့သည်။ ရာဖီ၏ သေဆုံးမှုက နိုင်ငံတစ်ဝန်းကို ထိတ်လန့်စေခဲ့ပြီး မြို့တော်ဒါကာ၌ ဆန္ဒပြသူများက ၎င်းကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သူများကို ထိုက်သင့်သည့် ပြစ်ဒဏ်ပေးရန် ရက်များစွာကြာအောင် ဆန္ဒပြခဲ့ကြသည်။

အဆိုပါလူသတ်မှုကြောင့် အမျိုးသမီးများကို အကာအကွယ်ပေးရေး ပိုမိုဆောင်ရွက်ရန် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအပေါ် ဖိအားများ ကျရောက်လာခဲ့ပြီး ၎င်း၏ အစိုးရအဖွဲ့က ကျောင်းပေါင်း ၂၇၀၀၀ တို့တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို တားဆီးရန်အတွက် ကော်မတီများဖွဲ့စည်းရေး ညွှန်ကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ဆီးရီးယား-တူရကီနယ်စပ်၌ ရုရှားတပ်ဖွဲ့ဝင်များ ကင်းလှည့်

**မော်စကို အောက်တိုဘာ ၂၄**

မော်စကိုနှင့် အန်ကာရာတို့အကြား သဘောတူညီထားမှုအရ ကာ့ဒ်ပြည်သူ့စစ်အဖွဲ့များ ဆုတ်ခွာမှု ခိုင်မာသေချာစေရန်အတွက် ဆီးရီးယားရှိ ရုရှားတပ်ဖွဲ့ဝင်များက တူရကီနယ်စပ်အနီးတွင် အောက်တိုဘာ ၂၃ ရက်က ပထမဆုံးအကြိမ်ကင်းလှည့်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

တူရကီနှင့် ရုရှားတို့အကြား သဘောတူညီမှုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောင်ပွဲကြီးတစ်ရပ်အဖြစ် ဖော်ပြခဲ့ပြီး ၎င်း၏ အစိုးရအဖွဲ့အနေဖြင့် ကာ့ဒ်ပြည်သူ့စစ်များအပေါ် တူရကီထိုးစစ်ဆင်ခဲ့ပြီးနောက် တူရကီအပေါ် ချမှတ်ခဲ့သည့် ပိတ်ဆို့မှုမှန်သမျှကို ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ဆိုချီ၌ ပြီးခဲ့သည့် အောက်တိုဘာ ၂၂ ရက်က ပြုလုပ်ခဲ့သည့် သဘောတူညီမှုအရ အရှည် ၄၄၀ ကီလိုမီတာရှိသည့် နယ်စပ်တစ်လျှောက်မှ ၃၀ ကီလိုမီတာအကွာ နယ်နိမိတ်လိုင်းအထိ ကာ့ဒ်ပြည်သူ့စစ်အဖွဲ့များ ဆုတ်ခွာသွားရမည်ဖြစ်ကြောင်း သိရသည်။ သမ္မတထရမ့်သည် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအုပ်စုကို နှိမ်နင်းရာတွင် မဟာမိတ်များအပေါ် သစ္စာဖောက်သည်ဟု စွပ်စွဲခံရလျက်ရှိသည်။

**အေအက်ဖ်ပီ**



ရုရှားတပ်မတော်ယာဉ်တန်းတစ်ခု ဆီးရီးယားအရှေ့မြောက်ပိုင်းဆီသို့ ထွက်ခွာနေစဉ်။

# ဆီးရီးယားစစ်ပွဲမှာ အမေရိကန်ရဲ့ ပါဝင်မှုကို အဆုံးသတ်ခဲ့ပြီ

**ထွန်းသစ်စ**

**ဒီနေ့ နိုင်ငံတကာရေးရာမှာ ဖော်ပြချင်တဲ့အကြောင်းကတော့ တူရကီအပေါ် အမေရိကန်ရဲ့အရေးယူပိတ်ဆို့မှုတွေကို ဖယ်ရှားပြီး ဆီးရီးယားမှာ အမေရိကန်ပါဝင်မှု အဆုံးသတ်တော့မယ်ဆိုတဲ့ အကြောင်းပဲဖြစ်ပါတယ်။ တူရကီနဲ့ ရုရှားတပ်ဖွဲ့ဝင်တွေဟာ အရင်က အမေရိကန်တပ်ဖွဲ့ဝင်တွေနဲ့ သူတို့ရဲ့ ကာ့ဒ်မဟာမိတ်တွေ ထိန်းသိမ်းထားတဲ့ နယ်မြေပိုင်နက်တွေကို ပြန်လည်ရယူနေတဲ့အချိန်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း တူရကီနိုင်ငံအပေါ် ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုတွေကို အောက်တိုဘာ ၂၃ ရက်က အဆုံးသတ်ခဲ့ပြီး သွေးစွန်းနေတဲ့ ဆီးရီးယားစစ်ပွဲမှာ အမေရိကန်ပါဝင်မှုကိုလည်း အဆုံးသတ်တော့မယ့်သဘောကို လှစ်ဟပြလိုက်ပါတယ်။**

### ကျေးဇူးတင်တယ်

ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကာလရှည်ကြာသွေးစွန်းနေတဲ့ သဲတွေပေါ်မှာ တခြားသူတွေကို တိုက်ခိုက်ခွင့်ပြုတော့မယ်လို့ အိမ်ဖြူတော်မိန့်ခွန်းမှာ ပြောကြားခဲ့ပါတယ်။ ဒါက ဘာကို ရည်ညွှန်းသလဲဆိုရင် ဆီးရီးယားမှာ အမေရိကန်ရဲ့ ပါဝင်မှုကို အဆုံးသတ်ပြီး အန်ကာရဲ့လက်ထဲ ဆီးရီးယားအရေး လွှဲပြောင်းပေးလိုက်တဲ့သဘော မော်စကိုကို လွှမ်းမိုးခွင့်ပေးလိုက်တဲ့ သဘောကို ရည်ညွှန်းချင်တာ ဖြစ်ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မိမိအနေနဲ့ အရေးယူပိတ်ဆို့မှုတွေကို ရုပ်သိမ်းပေးခဲ့တယ်လို့ ဆိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အပစ်ရပ်စဲရေးကိစ္စကို အဲဒီဒေသတွေမှာ ပြုလုပ်နေလို့ သူက ပြောပါတယ်။ အဲဒီဒေသဆိုတာ တခြားတော့ မဟုတ်ပါဘူး။ တူရကီတွေက ကာ့ဒ်တွေကို မောင်းထုတ်ဖို့ ထိုးစစ်ဆင်တဲ့ နေရာတွေပဲ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ အပစ်ရပ်စဲရေးကိုလည်း တောင်းဆိုထားပါတယ်။

ပြီးတော့လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ကာ့ဒ်တိုက်ခိုက်ရေးသမားတွေကို သစ္စာဖောက်တယ်ဆိုတဲ့ စွပ်စွဲချက်တွေကိုလည်း ငြင်းပယ်ထားပါတယ်။ ကာ့ဒ်တိုက်ခိုက်ရေးသမားတွေဟာ အိုင်အက်စ်လို့ခေါ်တဲ့ ဂျီဟတ်အုပ်စုတွေကို အမေရိကန်နဲ့အတူ တိုက်ခိုက်ချေမှုန်းတဲ့အခါမှာ အသက်ပေါင်းမြောက်မြားစွာ ပေးဆပ်ခဲ့သူတွေပဲ ဖြစ်ပါတယ်။ ကာ့ဒ်တိုက်ခိုက်ရေးသမားတွေအနေနဲ့လည်း ပျော်ရွှင်နေမယ်လို့ ထင်မြင်မိကြောင်းလည်း သူက ပြောပါတယ်။ အမေရိကန်သမ္မတ ထရမ့်က နိုင်ငံတွင်းမှာရှိတဲ့ ကာ့ဒ်တပ်မှူးတစ်ဦးဖြစ်တဲ့ မာ့ဇ်လွန်အဘာဒီက သူ့ကို ကျေးဇူးတင်တယ်လို့ ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။



ဆီးရီးယားမြောက်ပိုင်းမှ ဆုတ်ခွာလာသည့် အမေရိကန်စစ်ယာဉ်တန်းကို တွေ့ရစဉ်။

### ကြားမညှပ်စေချင်

တူရကီဟာ ဆီးရီးယား နယ်စပ်ဖြတ်ကျော်ထိုးစစ်ဆင်မှုကို အောက်တိုဘာ ၉ ရက်မှာ ပြုလုပ်ခဲ့ပါတယ်။ သူတို့က ကာ့ဒ်တိုက်ခိုက်ရေးသမားတွေကင်းတဲ့ လုံခြုံရေးနယ်မြေလေးတစ်ခုကို ဖန်တီးချင်တယ်လို့ ပြောပါတယ်။ သူတို့က ကာ့ဒ်တိုက်ခိုက်ရေးသမားတွေကို အကြမ်းဖက်သမားတွေလို့ ရှုမြင်ပုံရပါတယ်။ ဆီးရီးယား ကာ့ဒ်တိုက်ခိုက်ရေးသမားတွေဟာ တူရကီနိုင်ငံထဲမှာရှိတဲ့ ကာ့ဒ်သူပုန်အုပ်စုနဲ့လည်း ဆက်သွယ်မှုတွေရှိတယ်လို့ တူရကီစစ်ဘက်က ပြောပါတယ်။

ဆီးရီးယားက အမေရိကန်တပ်ဖွဲ့ဝင်အချို့ ပြန်ရုပ်သိမ်းသွားပြီဆိုတဲ့ ကြေညာချက် ထုတ်ပြန်ပြီးတဲ့နောက်မှာ တူရကီတို့ရဲ့ ထိုးစစ်ဆင်တိုက်ခိုက်မှုဟာ သိသာလာခဲ့ပါတယ်။ အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ နိုင်ငံရေးအရတော့ ကာ့ဒ်တပ်ဖွဲ့ဝင်တွေနဲ့ နီးကပ်တဲ့ မဟာမိတ်တွေဖြစ်တယ်ဆိုတာ ငြင်းမရပါဘူး။ အမေရိကန်သမ္မတ ထရမ့်က သူ့အနေနဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို တူရကီနဲ့ ကာ့ဒ်စစ်ပွဲကြား မညှပ်စေချင်ဘူးလို့ ပြောပါတယ်။

### တူရကီနဲ့ ရုရှားတပ်ဖွဲ့တွေ ပိုမိုအရေးပါ

ကာ့ဒ်တိုက်ခိုက်ရေးသမားတွေကို စွန့်ခွာသလိုဖြစ်ခဲ့တဲ့အတွက် ရီပတ်ဘလစ်ကန်တွေကရော ဒီမိုကရက်တွေကပါ စွပ်စွဲပြစ်တင်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ အမေရိကန်သမ္မတ ထရမ့်က တူရကီအပေါ် အရေးယူပိတ်ဆို့မှုတွေကို အောက်တိုဘာ ၁၄ ရက်က ပြုလုပ်ခဲ့ပြီး တူရကီသမ္မတ ရီဆက်ပ်တေရစ် အာဒိုဂန်ကို ယာယီအပစ်ရပ်စဲရေးအမိန့်ထုတ်ပြန်ပေးဖို့ စည်းရုံးသိမ်းသွင်းနိုင်ရန် ကိုယ်စားလှယ်တစ်ဖွဲ့ စေလွှတ်ခဲ့ပါတယ်။

အဘာဒီက အမေရိကန်သမ္မတ ထရမ့်ကို ကျေးဇူးတင်တယ်ဆိုတဲ့ အကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အနေနဲ့ လုံ့လအကြီးအကျယ်စိုက်ထုတ်စရာမလိုဘဲ ရက်စက်တဲ့ တူရကီထိုးစစ်နဲ့ ဂျီဟတ်အုပ်စုတွေကို တားဆီးနိုင်ခဲ့တဲ့အတွက်ကြောင့်ဖြစ်ကြောင်း သမ္မတရဲ့ ပြောခွင့်ရပုဂ္ဂိုလ်က သူ့ရဲ့ တွစ်တာမှာ ဖော်ပြထားပါတယ်။

အဘာဒီအတွက် ဗီဇာအမြန်ဆုံးခွင့်ပြုပေးဖို့ ဒါမှသာ မြေပြင်အခြေအနေတွေကို တိုက်ရိုက်ကြားသိခွင့်ရမှာဖြစ်သလို အိုင်အက်စ်တွေကို ဆန့်ကျင်တိုက်ခိုက်မှုအခြေအနေတွေကို သိရမှာဖြစ်ကြောင်း မိုက်ပွန်ပီအိုကို ပေးလိုက်တဲ့စာတစ်စောင်မှာ အမေရိကန်ဥပဒေပြုအမတ်တွေက တောင်းဆိုထားပါတယ်။

အမေရိကန်တပ်ဖွဲ့ဝင်တွေနဲ့ ကာ့ဒ်တိုက်ခိုက်ရေးသမားတွေဟာ တူရကီနယ်စပ်အနီးက ဆုတ်ခွာသွားပါပြီ။ နိုင်ငံအနှံ့ဖြစ်ပွားနေတဲ့ ပြည်တွင်းစစ်တွေကြားထဲမှာ ခေါင်းမဖော်နိုင်တဲ့ ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ထောက်ခံအားပေးနေတဲ့ တူရကီတပ်ဖွဲ့ဝင်တွေနဲ့ ရုရှားတပ်ဖွဲ့ဝင်တွေရဲ့ အခန်းကဏ္ဍဟာ ပိုမိုအရေးပါလာပါတော့တယ်။ ပထမဆုံး ရုရှားကင်းလှည့်စစ်ဆေးမှုကို ဆီးရီးယားမြောက်ပိုင်းမှာ အောက်တိုဘာ ၂၃ ရက်က ပြုလုပ်ခဲ့တယ်လို့ မော်စကိုရှိ ကာကွယ်ရေးဝန်ကြီးဌာနက ပြောပါတယ်။

### ကတိအတိုင်းစောင့်ထိန်း

အရပ်သားတွေအနေနဲ့ သူတို့ရဲ့ အိမ်တွေကို ပစ်ပြေးစရာမလိုတော့ဘူးလို့ ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရှိုဂူက ပြောပါတယ်။ တူရကီတွေဟာ ဆီးရီးယားမြောက်ပိုင်းမှာ လူမျိုးရေးရှင်းလင်းမှုတွေကို လုပ်ဆောင်လျက်ရှိတယ်ဆိုပြီးတော့လည်း စွပ်စွဲခံနေရပါတယ်။

တူရကီအနေနဲ့ အမေရိကန်ပြည်ထောင်စုနဲ့ သူ့ရဲ့ မိတ်ဆွေတွေရဲ့ အကျိုးစီးပွားအပေါ် မကောင်းကြံစည်တဲ့ အပြုအမူတွေ တွေ့ရသော်လည်း သူ့အနေနဲ့ မကောင်းတဲ့ အကျိုးဆက်တွေကို မခံစားရသေးဘူးဆိုတာ ကျွန်တော်ဖြင့် ယုံတောင် မယုံနိုင်ဘူးလို့ ရီပတ်ဘလစ်ကန်အမတ် မစ်တ်ရမ်းနီက ပြောပါတယ်။

အရှေ့အလယ်ပိုင်းအရေး လုပ်ပိုင်ခွင့်အာဏာ လွှဲပြောင်းပေးလိုက်တဲ့ သဘောဖြစ်ပေါ်စေခြင်းဟာ အမေရိကန်အတွက် အောင်မြင်မှုတစ်ခုပဲလို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောပါတယ်။ ဒါကလည်း သူ့အနေနဲ့ ရွေးကောက်ပွဲကတိကဝတ်ဖြစ်တဲ့ ဂိုဏ်းဂဏအကွဲအပြဲတွေနဲ့ လူမျိုးစုပဋိပက္ခတွေကြား ကင်းအောင်နေမယ်ဆိုတဲ့ ပေးထားခဲ့တဲ့ ကတိအပေါ် စောင့်ထိန်းရာရောက်ကြောင်း ပြောကြားလိုက်ပါတယ်။

### ဖြစ်လာရင် တူရကီကိုင်တွယ်မယ်

အဲဒီဒေသတွေမှာ ကသောင်းကနင်းဖြစ်တာဟာ အိုင်အက်စ်တွေကို ပြန်လည်စုစည်းမှု သို့မဟုတ် ပြန်လည်တည်ဆောက်မယ့် အခြေအနေ သို့မဟုတ် အဲဒါနဲ့ပတ်သက်တဲ့ အန္တရာယ်တွေ မဖြစ်ပေါ်စေနိုင်ဘူးလို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိတစ်ဦးက အိုင်အက်စ် အကြမ်းဖက်သမား အယောက် ၁၀၀ လွတ်မြောက်ခဲ့ပြီး သူတို့ဘယ်ရောက်နေလဲမသိဘူးဆိုတဲ့ ပြောဆိုချက်အပေါ် အကယ်၍များ အခြေအနေတစ်ခုခု ဖြစ်ပေါ်လာခဲ့ပါက တူရကီက အဲဒီအခြေအနေကို ကိုင်တွယ်သွားလိမ့်မယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောပါတယ်။

အမေရိကန်သမ္မတ ထရမ့်ကတော့ ရှင်းပါတယ်။ သူ့ရဲ့ အဓိကစကားကတော့ အမေရိကန်ပြည်ထောင်စုအနေနဲ့ ဆီးရီးယားအရေးအပေါ် ကိုယ့်ကိစ္စမဟုတ်သလို ကျင့်သုံးသွားမယ်ဆိုတာ ရှင်းရှင်းလင်းလင်း ဖော်ပြနေသလိုပါပဲ။ မိမိတို့အနေနဲ့ အရှေ့အလယ်ပိုင်းစစ်ပွဲတွေမှာ အမေရိကန်ဒေါ်လာ ရှစ်ထရီလီယံရင်းနှီးခဲ့သော်လည်း အကျိုးဆက်က ဘာမှဖြစ်မလာခဲ့သလို ဘယ်စစ်ပွဲတွေအပေါ်မှာမှလည်း အနိုင်မလိုချင်ပါဘူးလို့ သမ္မတထရမ့်က ပြောကြားထားတာ ရှိပါတယ်။ ဒီနေရာမှာ တူရကီရဲ့ အဓိကဦးတည်ချက်ကလည်း ကာ့ဒ်တပ်ဖွဲ့ဝင်တွေကို အလဲထိုးဖို့၊ အနိုင်တိုက်နိုင်ဖို့၊ သိမ်းပိုက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီအရေးမှာ ရှေ့ဘယ်လိုဆက်ဖြစ်လာဦးမလဲဆိုတာ လေ့လာစောင့်ကြည့်သွားရဦးမှာပါ။ ။

**ကိုးကား- အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုများ

### ဝေဟောင်၌ ပျံသန်းသည့်တက္ကစီ စင်ကာပူ၌ စမ်းသပ်ပျံသန်းမှုပြီးစီး

**စင်ကာပူ အောက်တိုဘာ ၂၄**

ဝေဟောင်၌ ပျံသန်းသည့် တက္ကစီတစ်စီးကို စင်ကာပူ၌ စမ်းသပ်ပျံသန်းမှု ပြီးဆုံးသွားကြောင်းနှင့် အဆိုပါတက္ကစီသည် မြို့ကြီးများတွင် ယာဉ်ကြောပိတ်ဆို့မှုများကို ပြေလည်စေနိုင်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

ဂျာမနီလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ ဗိုလိုကော်ပတာသည် နှစ်ယောက်စီး လေကြောင်းတက္ကစီကို စင်ကာပူနိုင်ငံ၌ ယမန်နေ့က စမ်းသပ်ပျံသန်းမှု ပြုလုပ်ခဲ့သည်။ ယာဉ်မောင်းသည် အဆိုပါယာဉ်၏ လျှပ်စစ်ဖြင့် မောင်းသည့်ဒလက်များကို ဖွင့်လိုက်ပြီး အမြင့် ၄၀ မီတာအထိ ဖြည်းဖြည်းချင်း တက်သွားခဲ့ကာ နှစ်မိနစ်ခန့် လှည့်လည်မောင်းနှင်ပြီးနောက် မူလစတင်မောင်းနှင်ခဲ့ရာ နေရာသို့ ပြန်ဆင်းသက်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ဂျပန်နိုင်ငံအနှံ့ မိုးသည်းထန်စွာရွာသွန်းမည်

**တိုကျို အောက်တိုဘာ ၂၄**

ဂျပန်မိုးလေဝသအရာရှိများက နိုင်ငံအနှံ့ မိုးသည်းထန်စွာရွာသွန်းမည်ဟု ခန့်မှန်းကြောင်း၊ တိုင်ဖွန်းဟာဂီဘစ် တိုက်ခတ်သွားသည့် နေရာများတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၄ ရက်က ပြောကြားလိုက်သည်။

ဂျပန်နိုင်ငံအနောက်ပိုင်း ကိုချီစီရင်စု မူရိုတိုမြို့၌ အောက်တိုဘာ ၂၄ ရက် မွန်းလွဲပိုင်းမတိုင်မီအထိ ရွာသွန်းခဲ့သော မိုးရေချိန်လက်မသည် ၃၃ မီလီမီတာအထိ ရှိခဲ့ကြောင်း သိရသည်။ ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် အောက်တိုဘာ ၂၅ ရက်အထိ မိုးအကြီးအကျယ် ဆက်လက်ရွာသွန်းမည်ဖြစ်ကြောင်းနှင့် တစ်ခါတစ်ရံတွင် ရေကြီးမှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၅ ရက် နံနက်အထိ ၂၄ နာရီအတွင်းမိုးရွာသွန်းမှုကြောင့် ဂျပန်နိုင်ငံအနောက်ပိုင်း ရှီကိုကုဒေသတွင် မိုးရေချိန် ၃၀၀ မီလီမီတာအထိ ရောက်ရှိနိုင်ပြီး ဂျပန်နိုင်ငံအလယ်ပိုင်း တိုကိုင်ဒေသတွင် မိုးရေချိန် ၂၅၀ မီလီမီတာအထိ ရောက်ရှိနိုင်ကြောင်း သိရသည်။ ထို့အပြင် အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းအထိ တိုကျိုအပါအဝင် ကန်တိုဒေသတွင် မိုးရေချိန် ၂၀၀ မီလီမီတာအထိ ရောက်ရှိနိုင်ပြီး ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း တိုဟိုကုဒေသတွင် မိုးရေချိန် ၁၅၀ မီလီမီတာအထိ ရှိနိုင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒိုက်ဦးမြို့နယ်ဒေသခံများ တွေ့ဆုံ

**ဒိုက်ဦး အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယမန်နေ့က ဒိုက်ဦးမြို့နယ် အေးသုခကျေးရွာ မြို့ဦးကျောင်းတိုက် သန္တိသုခဓမ္မာရုံ၌ ပြည်သူများ၏ ကြုံတွေ့နေရသော အခက်အခဲပြဿနာများကို ဖြေရှင်းပေးရန် တွေ့ဆုံပွဲပြုလုပ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒီမိုကရေစီအပြောင်းအလဲကာလမှာ ဌာနဆိုင်ရာ ပဲဖြစ်ဖြစ်၊ ပြည်သူပဲဖြစ်ဖြစ် မိမိတို့ကိုယ်တိုင် ဘယ်အခန်းကဏ္ဍ မှာ ပါဝင်နေလဲ၊ ဘယ်လိုပါဝင်ဆောင်ရွက်ရမှာလဲ ဒါတွေကို သိရှိထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဓိကအနေဖြင့် တိုင်းပြည်၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် မတူညီမှုတွေကို ရှေ့တန်းမတင်ဘဲ မေတ္တာတရားကို အခြေခံကာ ယုံကြည်မှုတည်ဆောက်ပြီး ပူးပေါင်းဆောင်ရွက်မှသာ ကောင်းမွန်သောအရွေ့တစ်ခုကို ရောက်ရှိနိုင်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ပြီးနောက် ဒိုက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်က ပြည်သူလူထုတွေ့ဆုံပွဲ ပြုလုပ်ပေးရခြင်း ရည်ရွယ်ချက်နှင့် ပြည်သူများကလည်း မိမိတို့ဒေသ၏ လိုအပ်ချက်များ၊ မြေယာအငြင်းပွားမှုများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ပွင့်လင်းစွာ ဆွေးနွေးတင်ပြပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း အေးသုခကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက အေးသုခကျေးရွာအဝင်လမ်းကို အဆင့်မြှင့်တင်ပေးရန်၊ ကျေးရွာပိုင်ထင်းစိုက်ခင်း ပြန်လည်ဖော်ထုတ်ပေးရန်၊ လယ်ယာမြေအငြင်းပွားမှုများ၊ သိမ်းဆည်းလယ်ယာမြေဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတို့ကို တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ငွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့ပေါ်ရပ်ကွက်ကိုးခုနှင့် ကျေးရွာအုပ်စု ၄၄ အုပ်စုတို့မှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရေးစီမံချက် အလုပ်ရုံဆွေးနွေး

**ပုသိမ် အောက်တိုဘာ ၂၄**

မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရေးစီမံချက်ကို ထပ်ဆောင်းပံ့ပိုးရန်စီမံချက် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စား လှယ်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်က မရှိမဖြစ် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီရေးစီမံချက်ကို ထပ်ဆောင်းပံ့ပိုးရန် စီမံချက်ပြုလုပ်ရခြင်းနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပေးသည်။

World Bank Group အဖွဲ့ခေါင်းဆောင် ဒေါက်တာ နန်းမိုခမ်းက လျာထားစီမံချက်အနှစ်ချုပ်မရှိမဖြစ် လိုအပ်သောကျန်းမာရေး ဝန်ဆောင်မှုလက်လှမ်းမီရရှိရေး၏ ထပ်ဆောင်းငွေကြေးစီမံကိန်း ၊ လူမှုရေး၊ လုံခြုံရေးမူဝါဒ အနှစ်ချုပ်၊ ရပ်ရွာလူထုအခြေပြု လက်တွဲဆောင်ရွက်မှုစီမံကိန်းမူဘောင်၊ ပတ်ဝန်းကျင်ဆိုင်ရာလုံခြုံရေး မူဝါဒအနှစ်ချုပ်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီစဉ်များကို ချပြရှင်းလင်းရာ တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက အကြံပြုဆွေးနွေးကာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ ဒေါက်တာ နန်းမိုခမ်းက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရေးစီမံချက်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းပြီး ဖွံ့ဖြိုးရေးချေးငွေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ပြီး ထပ်မံ၍ ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ နှင့် အခြားပံ့ပိုးငွေကျပ် ၁၀ သန်းကို မွေးကင်းစကလေး ၊ ၅ နှစ်အောက်ကလေးနှင့် မွေးကင်းစမိခင် ကျန်းမာရေး စောင့်ရှောက်မှုများအပြင် ရေ ၊ မီး ၊ သန့်ရှင်းရေး၊ ဆေးဝါးများ အဆောက်အအုံ၊ ကျန်းမာရေးဝန်ထမ်းများ အရည်အချင်းမြှင့်တင်ခြင်းနှင့် စေတနာ့ဝန်ထမ်းမွေးထုတ်ပေးခြင်းလုပ်ငန်းများအတွက် တိုင်းဒေသကြီးအတွင်း၌ ခုနစ်မြို့နယ်၊ ရှမ်းပြည်နယ်တွင် ၁၂ မြို့နယ် ဆောင်ရွက်သွားရန် ရွေးချယ်ထားကြောင်း သိရသည်။

**မင်းထွန်းဇော်**

# တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ပန်းတင်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်မည်

**တောင်ကြီး အောက်တိုဘာ ၂၄**

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ပန်းတင်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်မည့်နေရာသို့ ယမန်နေ့က ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုသည်။ ယင်းလမ်း အဆင့်မြှင့်တင်ခြင်းတွင် မူလလမ်းကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ မူလလမ်းကို ကျောက်ထပ်ကတ္တရာခင်းခြင်း၊ ကျောက်စီလမ်းပခုံးပြုလုပ်ခြင်း၊ အုတ်စီရေမြောင်းပြုလုပ်ခြင်း၊ လမ်းဖြတ်တံတား ပြုလုပ်ခြင်း၊ သံကူကွန်ကရစ် ခြောက်စင်း၊ အိမ်ဝင်တံတား ဆောင်ရွက်ခြင်းများ တည်ဆောက်သွားမည်ဖြစ်ပြီး လျာထားငွေကျပ် သိန်း ၁၁၆၂ သိန်း ကုန်ကျမည် ဖြစ်သည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် လမ်းအဆင့်မြှင့်တင်နေမှုများကို လှည့်လည်ကြည့်ရှုစဉ်။

ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပန်းတင်လမ်းမှ ဗုဒ္ဓတက္ကသိုလ် အဝင်လမ်းခွဲနေရာမှစ၍ ဗုဒ္ဓတက္ကသိုလ်အထိ အလှူရှင်များက လှူဒါန်းရရှိသော ငွေကျပ် ၃၀၅၂၂၅၄၀၀ ဖြင့် ကွန်ကရစ်လမ်း အရှည်ပေ ၇၅၀၀၊ အကျယ်ရှစ်ပေ၊ ထုရှစ်လက်မ လမ်းခင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ပင်းတယလက်ဖက်ပွဲတော်နှင့် ကုန်စည်ပြပွဲ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးညှိနှိုင်း

**ပင်းတယ အောက်တိုဘာ ၂၄**

လာမည့်နိုဝင်ဘာလဒုတိယပတ်၌ ပင်းတယမြို့ လက်ဖက်ပွဲတော်နှင့် ဒေသထွက် ကုန်စည်ပြပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ပထမအကြိမ် လက်ဖက်ပွဲတော်နှင့် ကုန်စည်ပြပွဲကို ကျင်းပနိုင်ခဲ့သည့်အတွက် ဒေသပုံရိပ်များ ပိုမိုကောင်းမွန်ခဲ့ကြောင်း၊ ယခုဒုတိယအကြိမ်တွင်လည်း ပိုမိုစည်ကားနိုင်ရေးအတွက် လိုအပ်သည်များကို တင်ပြဆွေးနွေး၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် ပြောကြားသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်ကပွဲတော်ရက်များတွင် စီစဉ်ဆောင်ရွက်ထားသည်များကို ရှင်းလင်းပြောကြားသည်။ ပင်းတယ လက်ဖက်စက်ဝန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ စီမံကိန်းမန်နေဂျာ ဒေါ်နန်းသရဖူတင့်က ပထမအကြိမ် လက်ဖက်ပွဲတော် ကျင်းပခဲ့ပုံနှင့် ယခုနှစ် ဒုတိယအကြိမ်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ပိုမိုစည်ကားစွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြခဲ့သည်။

တင်ပြဆွေးနွေးမှုများအပေါ် ဒေသဦးစီးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ပြန်လည်စိစစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြ၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

# သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင်နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၂၄**

ကမ္ဘာ့ဘဏ်မှ ကယားပြည်နယ်အတွင်း ဆောင်ရွက်ရန် အဆိုပြုထားသည့် ငြိမ်းချမ်းသာယာဝပြောသော ကျေးရွာစီမံကိန်းအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင်နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ယနေ့ ပြုလုပ်သည့်အစည်းအဝေးသည် ငြိမ်းချမ်းသာယာ၍ စည်ပင်ဝပြောသော ရပ်ရွာအသိုင်းအဝိုင်းများ ဖော်ဆောင်ရေးစီမံကိန်းအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာမူဘောင် (မူကြမ်း) ကို အများပြည်သူများ သိရှိနားလည်နိုင်စေရန် ချပြရှင်းလင်းသည့်အစည်းအဝေးဖြစ်ကြောင်း၊ ရာသီဥတုဆိုးရွားမှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများကို ကာကွယ်ရန်နှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်အတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်နှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများက ငြိမ်းချမ်းသာယာဝပြောသော ကျေးရွာစီမံကိန်း ဖြစ်မြောက်အောင် ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ဝိုင်းဝန်းအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးလှခိုင်က သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်စီမံခန့်ခွဲမှု မူဘောင်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီးနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးလှခိုင်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

**လွိုင်ကော်သား**



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲ တက်ရောက်စဉ်။

# မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာပေး သင်တန်းများဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၄**
မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် "Training Course on Food Processing" စီမံကိန်း၏ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း အခမ်းအနားကို ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်ရုံး အမှတ် ၁၆ ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးကျော်ငွေက အမှာစကားပြောကြားခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးခွန်အေးနိုင်က Training Course on Food Processing စီမံကိန်း ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက်ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးဦးဆွေတင့်က စီမံကိန်း အစီအစဉ်များကိုလည်းကောင်း ရှင်းတင်းတင်ပြကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေဖြင့် Training Course on Food Processing စီမံကိန်းအရ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်း ပညာပေးသင်တန်းများကို တိုင်းဒေသကြီး နှင့်ပြည်နယ် ၁၄ ခုတို့တွင် ဖွင့်လှစ်ပို့ချပေးနိုင်မည် ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းသည် ပထမအကြိမ်ဖြစ်ပြီး သင်တန်းကာလမှာ တစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။



တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာပေး သင်တန်းများ ဖွင့်လှစ်စဉ်။

အဆိုပါ သင်တန်းအား နေပြည်တော်၊ ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးများနှင့် ကချင်ပြည်နယ်တို့မှ သင်တန်းသား သင်တန်းသူ ၂၀ တို့ တက်ရောက်လျက်ရှိပြီး ဆန်အခြေခံ တန်ဖိုးမြှင့် စားသောက်ကုန် အမျိုးမျိုး ထုတ်လုပ်ခြင်း၊ ပဲအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်ခြင်း၊ တာရှည်ခံ သီးနှံခြောက်များ ထုတ်လုပ်ခြင်း၊ သဘာဝသစ်သီး ဖျော်ရည်၊ ယို၊ ဂျယ်လီဆော့စ်နှင့် ဝိုင် အမျိုးမျိုးထုတ်လုပ်ခြင်း၊ စားသောက်ကုန်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အာဟာရပြည့်ဝရေးဆိုင်ရာ စီမံခန့်ခွဲမှုနည်းလမ်းများစသည့် ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိသည်ဟု သိရသည်။ **မေမိုးသဲ**

# မိုင်းဆတ်-တာချီလိတ်ကားလမ်းကို ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်အောင် ပြုပြင်မည်

**မိုင်းဆတ် အောက်တိုဘာ ၂၄**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်နှင့် တာချီလိတ်ခရိုင်ကြား ဆက်သွယ်ထားသော မိုင်းဆတ်- တာချီလိတ် ကားလမ်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရာသီမရွေး အဆင်ပြေစွာသွားလာနိုင်သော လမ်းဖြစ်လာအောင် ပြုပြင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မိုင်းဆတ်-တာချီလိတ်လမ်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုနဲ့ ပြည်နယ်ရန်ပုံငွေ ကျပ် ၄၁၂၀ ဒသမ ၃၂၁ သန်း ခွဲဝေချထားပေးပါတယ်၊ ပြည်ထောင်စု ရန်ပုံငွေကျပ် ၁၆၄၈ သန်းနဲ့ ပြည်နယ်ရန်ပုံငွေကျပ် ၁၈၂၅ ဒသမ ၅၇ သန်း စုစုပေါင်း ကျပ် ၃၄၇၃ ဒသမ ၅၇ သန်းနဲ့ မိုးရာသီမှာ သွားလာရေးခက်ခဲတဲ့ လမ်းပိုင်း ၁၂ နေရာ(အရှည် ၈ ဒသမ ၈၉၃ ကီလိုမီတာ)မှာ ကွန်ကရစ်ခင်းပြီး ကျန်တဲ့ လမ်းပိုင်းတွေကို ခရီးသွားပြည်သူတွေ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်အောင် အထူးပြုပြင်ဆောင်ရွက်ပေးသွားမှာပါ"ဟု မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သူဇာခိုင်က ပြောသည်။

"မိုင်းဆတ်-တာချီလိတ် ကားလမ်းကို လမ်းဦးစီးဌာနက တာဝန်ယူပြီးနောက် အရင်လောက်သွားလာရ မဆိုးတော့ဘူး ဆိုပေမယ့် မိုးရွာရင် လမ်းကချော်ပြီး အချို့နေရာတွေမှာ ချိုင့်ခွက်တွေက ရှောင်လို့ကို မလွတ်ဘူး၊ တစ်လိုမ့်ချင်း မောင်းနေရလို့ မိုင် ၆၀ ကျော်ရုံလေးရှိတဲ့လမ်းကို ငါးနာရီခွဲလောက် မောင်းနေရတယ်၊ အခုလို မိုးရာသီမှာ သွားလာရခက်ခဲတဲ့ လမ်းပိုင်းတွေကို ကွန်ကရစ်ခင်းပေးပြီး ရာသီမရွေး သွားလာနိုင်အောင် ပြုပြင်ပေးမယ်ဆိုတော့ ဝမ်းသာတာပေါ့ဗျာ၊ အမြန်ဆုံး ပြုပြင်ပေးပါလို့လည်း တောင်းဆိုပါတယ်"ဟု အဆိုပါ လမ်းတွင် ပြေးဆွဲနေသည့် ယာဉ်မောင်း တစ်ဦးက ပြောသည်။

အဆိုပါလမ်းကို "ဝ"အထူးဒေသ(၂)က ၁၉၉၈ ခုနှစ် အတွင်း စတင်ဖောက်လုပ်ခဲ့ပြီး လမ်းအသုံးပြုခများ အသွားအပြန် ကောက်ခံခဲ့သည်။ နောက်ပိုင်းတွင် လမ်းမှာ ဆိုးရွားစွာ ပျက်စီးလာကာ အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံ ပြည်သူများက လိုလားလျက်ရှိသောကြောင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှစ၍ "ဝ"အထူးဒေသ(၂) မှ ဒေသခံ ပြည်သူများ အတွက် လက်ဆောင်အဖြစ် လမ်းကို နိုင်ငံတော်သို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်(မိုင်းဆတ်)**



ပျက်စီးနေသော လမ်းပိုင်းတစ်နေရာတွင် ခက်ခဲစွာသွားနေရသော ယာဉ်များ။

# ချင်းပြည်နယ် အထူးကုနယ်လှည့်ဆေးကုသရေးအဖွဲ့ ရိခေါဒါရ်တိုက်နယ်ဆေးရုံ၌ အခမဲ့ဆေးကုသပေး

**ရိခေါဒါရ် အောက်တိုဘာ ၂၄**
ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက ဦးဆောင်၍ INGO များဖြစ်သော Access to health fund, Save the Children, Marie Stopes My-anmar နှင့် မြန်မာနိုင်ငံဆရာဝန်များအသင်း(ချင်းပြည်နယ်)တို့၏ ပူးပေါင်းပံ့ပိုးမှုဖြင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇင်ကိုကိုအောင်နှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမကြီးများ ပါဝင်သည့် အထူးကု နယ်လှည့် ဆေးကုသရေးအဖွဲ့သည် အောက်တိုဘာ ၂၂ ရက်က ရိခေါဒါရ်မြို့ တိုက်နယ်ဆေးရုံသို့ လာရောက်ပြီး ပြည်သူများအား အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့တွင်ပါဝင်သော အထူးကုဆရာဝန်ကြီးများက လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် သားဖွားမီးယပ်လူနာ ၃၈ ဦး၊ သွားနှင့်ခံတွင်းလူနာ ၅၁ဦး၊ ကလေးလူနာ ၄၈ ဦး၊ ခွဲစိတ်လူနာ ၅၃ဦးနှင့် အထွေထွေရောဂါ လူနာ ၇၁ ဦး စုစုပေါင်း ၂၆၁ ဦးတို့အား ဆေးဝါးကုသမှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် အသေးစားခွဲစိတ်မှု သုံးဦးနှင့် တီဘီရောဂါရှာဖွေခြင်း လူနာ ၁၉ ဦးတို့အား စမ်းသပ်ပေးနိုင်ခဲ့သည်။ နယ်လှည့်ဆေးကုသမှုအဖွဲ့၏ ဆေးဝါးကုသပေးမှုတွင် ရိခေါဒါရ်မြို့နေ ပြည်သူများအပြင်ပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများပါ လာရောက်ပြသ ကုသမှုခံယူခဲ့ကြပြီး ပြည်သူများ အနေဖြင့် အားရကျေနပ်မှုရှိကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄-၁၀-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၅၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၇၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၅၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၈၇၀ | ကျပ် | ၉၅၀/၉၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၈၈၀ | ကျပ် | ၉၆၀/၉၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၁၀/၈၂၀ | ကျပ် | ၈၈၀/၉၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၈၀/၈၉၀ | ကျပ် | ၉၈၅/၁၀၀၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၃ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၇ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၅ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၇၆ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၁၀ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၇ . ၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၆ . ၉၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၅၉၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၀ . ၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၆ . ၂၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၆၇၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၂၂၃၉ | ၂၅၉၆၁၀၀၀ |
| MTSH | ၃၉၀၀ | ၃၉၅၀ | ၉၃၀၁ | ၃၆၆၈၈၉၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၅ | ၄၂၀၀၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၅၁၀ | ၁၁၉၈၅၀၀၀ |
| TMH | ၃၀၀၀ | ၂၉၅၀ | ၂၇၂၁ | ၈၁၆၂၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fထေ ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရော်ဂျာရဲ့ထုဆစ်မှုနဲ့ ရုပ်လုံးကြွလာတဲ့ လက်စတာ

**အောင်က**

**လက်စတာအသင်းရဲ့ခြေစွမ်းနဲ့ အောင်မြင်မှုတွေကို မေ့လျော့ခဲ့တာဟာ သုံးရာသီတိုင်ခဲ့ပြီလို့ပြောရမယ်။ ၂၀၁၅-၂၀၁၆ ရာသီက ပရီမီယာလိဂ် ချန်ပီယံဖြစ်ခဲ့တဲ့ လက်စတာအသင်းဟာ နောက်နှစ်မှာတော့ အဆင့် ၁၂ နေရာမှာရပ်တည်ပြီး ၂၀၁၇-၂၀၁၈ မှာ အဆင့် ၉ နေရာ၊ ၂၀၁၈-၂၀၁၉ ရာသီမှာလည်း အဆင့် ၉ နေရာမှာသာ ရပ်တည်ပြီး ဥရောပပြိုင်ပွဲတွေနဲ့တောင် ဝေးကွာခဲ့တဲ့အသင်းဖြစ်ပါတယ်။ အခုတော့ လက်စတာအသင်းဟာ နည်းပြ ရော်ဂျာရဲ့လက်အောက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်ပြီး အောင်မြင်မှုရရှိဖို့အတွက် အစပျိုးနေပြီလို့ဆိုရမှာပါ။**



### လက်ရှိရာသီ

ပရီမီယာလိဂ် ကိုးပွဲကစားပြီးချိန်မှာ လက်စတာအသင်းဟာ လီဗာပူး၊ မန်စီးတီးအသင်းတို့အောက် တတိယနေရာမှာ ရပ်တည်နေတယ်။ လက်စတာအသင်းဟာ ပရီမီယာလိဂ်ကိုးပွဲမှာ နှစ်ပွဲသာ ရှုံးနိမ့်ထားခဲ့တာဖြစ်ပြီး အဲဒီ နှစ်ပွဲစလုံးကလည်း အဝေးကွင်းပွဲတွေလို့ ပြောရမယ်။ ဒါကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၉ အထိ လက်စတာအသင်းဟာ အိမ်ကွင်း ရှုံးပွဲမရှိသေးဘူးလို့ ပြောရမယ်။ ဒါ့အပြင် တိုက်စစ်မှူးဗာဒီကလည်း ခြေစွမ်းပြပြီး ဂိုးတွေသွင်းယူပေးနေပြီး ပြိုင်ဘက်အသင်းတွေကို ဂိုးပေါက်ခြိမ်းခြောက်မှု လုပ်နိုင်ဆဲ တိုက်စစ်မှူးတစ်ဦးဖြစ်တယ်။ ဗာဒီဟာ ပရီမီယာလိဂ် ကိုးပွဲကစားပြီးချိန်မှာ ခြောက်ဂိုးသွင်းယူထားနိုင်တယ်။ ၂၀၁၈ က ပေါ်တူဂီကလပ်ပေါ်တိုအသင်းကနေ ပြောင်းလာခဲ့တဲ့ ပီရီယာကလည်း ပြီးခဲ့တဲ့ ရာသီက လက်စတာအသင်းရဲ့ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ရယူနိုင်ခဲ့သလို လက်ရှိရာသီမှာလည်း ခြေစွမ်းပြကစားနေတယ်။ အင်္ဂလန် လူငယ်ကစားသမား မက်ဒီဆန်ရဲ့ ဒီနှစ်ခြေစွမ်းကလည်း အသင်းတိုင်းက သတိထားစရာအဖြစ် ရှိနေခဲ့ပြီး ဇန်နဝါရီမှာ မန်ယူအသင်းကတောင် အပြင်းအထန်ခေါ်ယူဖို့ရှိနေတယ်လို့ သတင်းတွေထွက်နေခဲ့တယ်။

### ကစားသမားသစ်များ

လက်စတာအသင်းဟာ ပြီးခဲ့တဲ့ နွေရာသီဈေးကွက်က အသင်းရဲ့အားသစ်လောင်းခေါ်ယူမှု တွေပြုလုပ်ခဲ့တယ်။ အဲဒီထဲမှာ အန်ဇိုပီရက်ဇ်၊ တိုင်လီမန်၊ ပီရက်တို့ ပါဝင်ခဲ့တယ်။ သူတို့ကိုလည်း မန်နေဂျာ ရော်ဂျာက အသင်းမှာ နေရာပေးပြီး ကစားစေခဲ့တယ်။ ဒါပေမယ့် အဲဒီထဲမှာ အန်ဇိုပီရက်ဇ်ကတော့ ပရီမီယာလိဂ်ရှစ်ပွဲမှာ တစ်ဂိုးသာသွင်းယူနိုင်ပြီး ခြေစွမ်းပြဂိုးတွေသွင်းယူဖို့အတွက် အနည်းငယ် ရုန်းကန်နေရတယ်။ ဒါပေမယ့် မိုနာကိုအသင်းကနေ ပြောင်းရွှေ့လာခဲ့တဲ့ အသက် ၂၂ နှစ်အရွယ် တိုင်လီမန်ကတော့ ခြေစွမ်းပြကစားနေတယ်။ သူ့ရဲ့ ခြေစွမ်းပြကစားနိုင်မှုကြောင့်လည်း လက်စတာအသင်း အနေနဲ့ ရလဒ်တွေကောင်းနေခဲ့တာဖြစ်တယ်လို့လည်း ဆိုရမယ်။ ဒါပေမယ့် လက်စတာအသင်းအနေနဲ့ ပြီးခဲ့တဲ့ နွေရာသီက ငွေကြေးသုံးပြီး ခေါ်ယူခဲ့တဲ့ ကစားသမားတွေထဲမှာ ပီရက်တစ်ဦးတည်းသာ အသင်းမှာ စွမ်းဆောင်ရည် အနည်းငယ်နိမ့်နေတယ်လို့ဆိုရမယ်။ ဒါပေမယ့် ခြုံပြီး ပြောမယ်ဆိုရင်တော့ လက်စတာအသင်းရဲ့ နွေရာသီ ကစားသမား ခေါ်ယူမှုဟာ အသင်းအတွက်တော့ အကောင်းဆုံး အထောက်အပံ့ဖြစ်စေခဲ့တယ်လို့ ပြောရမယ်။

### ပွဲကိုင်ရှင်

လက်စတာအသင်း မန်နေဂျာ ရော်ဂျာဟာ ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီလကစတင်ပြီး အသင်းကို စတင်ကိုင်တွယ်ခဲ့တဲ့သူဖြစ်ပါတယ်။ သူ့အနေနဲ့ လက်စတာအသင်းကို ရာသီဝက်ကျော်မှာ စတင်ကိုင်တွယ်ခဲ့ရတာကြောင့် စိတ်တိုင်းကျ ကိုင်တွယ်ခွင့်မရခဲ့ပေမယ့် သူ့ရဲ့လက်အောက်မှာ လက်စတာအသင်းဟာ နိုင်ပွဲတွေပြန်ရခဲ့ပါတယ်။ ဒါကြောင့်လည်း လက်စတာအသင်းဟာ ရာသီကုန်မှာ အဆင့် ၉ နေရာမှာ ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။ တကယ်တော့ ရော်ဂျာဟာ ပရီမီယာလိဂ်နဲ့ စိမ်းတဲ့သူ တစ်ဦးမဟုတ် သလို လီဗာပူးအသင်းကို ကိုင်တွယ်ခဲ့စဉ်ကတည်းက ပရီမီယာ လိဂ်သဘောသဘာဝကို ကောင်း ကောင်း နားလည်ထားသူ ဖြစ်ပါတယ်။ ရော်ဂျာဟာ လီဗာပူးအသင်းကို ကိုင်တွယ်ခဲ့စဉ်မှာ ဆုဖလားရယူပေးနိုင်ခြင်း မရှိပေမယ့် အသင်းကို အဆင့်တစ်ဆင့်မှာ ရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့တဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် လီဗာပူးအသင်းကနေ စကော့တလန်ကလပ် ဆဲလ်တစ်အသင်းကို ပြောင်းရွှေ့သွားခဲ့ပြီးတဲ့ နောက်ပိုင်းမှာလည်း စကော့တလန် ပရီမီယာရှစ်နှစ်ကြိမ်၊ စကော့တလန်ဖလားနှစ်ကြိမ်နဲ့ စကော့တလန် လိဂ်ဖလားသုံးကြိမ် ရယူနိုင်ခဲ့တဲ့ နည်းပြတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့်လည်း နည်းပြလောကမှာတော့ ရော်ဂျာဟာ ထိပ်တန်းအဆင့် မရှိပေမယ့် လျှော့တွက်လို့မရတဲ့ နည်းပြတစ်ဦးလို့ပြောရမှာပါ။

တကယ်တော့ လက်ရှိအချိန် လက်စတာအသင်း ရလဒ်တွေကောင်းနေတာဟာ မန်နေဂျာ ရော်ဂျာရဲ့ပွဲကိုင်ကောင်းမွန်မှု၊ ကစားသမားတွေရဲ့ စုဖွဲ့မှုအားကောင်းမှု၊ ပြီးခဲ့တဲ့ နွေရာသီအတွင်း ကစားသမားခေါ်ယူရာ မှန်ကန်မှုအပြင် ထိပ်တန်းကစားသမားတွေ ဒဏ်ရာပြဿနာ ကင်းဝေးမှုတွေကြောင့်လို့ ပြောရမှာပါ။ ဒါပေမယ့် ဒီနှစ်ရာသီ လက်စတာရဲ့ လက်ရှိအခြေနေအရတော့ ရော်ဂျာ ရဲ့ ထုဆစ်မှုအောက်မှာ ပိုမိုရုပ်လုံးကြွလာတယ်လို့ ဆိုရမှာပါ။

# ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့ ပွဲစဉ် ပြန်လည်ကျင်းပမည့်ရက် သတ်မှတ်

၂၀၁၉-၂၀၂၀ ပြည့်နှစ် စပိန်လာလီဂါရာသီ၏ ပွဲစဉ် ၁၀ အဖြစ် ဘာစီလိုနာအသင်းက ရီးရဲမက်ဒရစ်အသင်းအား အိမ်ကွင်းတွင် လက်ခံကစားရမည့် ပွဲစဉ်အား လာမည့် ဒီဇင်ဘာ ၁၈ ရက်တွင် ပြောင်းရွှေ့ကျင်းပရန် စပိန်ဘောလုံးအဖွဲ့ချုပ်က အတည်ပြုသတ်မှတ်လိုက်သည်။



မူလပွဲစဉ်ရေးဆွဲထားမှုအရ နူးကမ့်ကွင်းတွင် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်အသင်းတို့ ဆုံတွေ့သည့်ပွဲစဉ်အား အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ သို့သော်လည်း ပြီးခဲ့သည့် သီတင်းပတ်အတွင်းတွင် ဘာစီလိုနာအသင်း အခြေစိုက်ရာ ကာတာလိုနီးယားဒေသ၌ ကာတာလိုနီးယားဒေသ လွတ်လပ်ရေးအတွက် ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် အဆိုပါပွဲကို ရက်ပြောင်းရွှေ့ ခဲ့ရခြင်းဖြစ်သည်။

စပိန်လာလီဂါအဖွဲ့ကမူ ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်အသင်းတို့ ပွဲစဉ်ကို ဒီဇင်ဘာ ၄ ရက် သို့မဟုတ် ၇ ရက်တွင် ကျင်းပရန် ဆန္ဒရှိခဲ့ကာ စပိန်ဘောလုံးအဖွဲ့ချုပ်က သတ်မှတ်ခဲ့သည့် ရက်အပေါ် သဘောတူညီမှု မရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

စပိန်လီဂါဘောလုံးအဖွဲ့ချုပ်က "ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်အသင်းတို့ရဲ့ ပွဲကို ဒီဇင်ဘာ ၁၈ ရက်မှာ ကစားဖို့အတွက် စီစဉ်ခဲ့တာကို စပိန်လီဂါအဖွဲ့အနေနဲ့ သဘောမတူပါဘူး။ ဒီကိစ္စအတွက် အယူခံဝင်မလားဆိုတာကို ဆုံးဖြတ်ဖို့အချက်အလက်တွေကို လေ့လာသွားမှာပါ" ဟု သတင်းထုတ်ပြန်ခဲ့သည်။

ဒီဇင်ဘာ ၁၈ ရက်သို့ ရက်ပြောင်းရွှေ့ခြင်းနှင့်ပတ်သက်၍ စပိန်ဘောလုံးအဖွဲ့ချုပ်က "ဒီပွဲ ပြန်လည်ကစားဖို့အတွက် အသင်းတွေရဲ့ အဆိုပြုရက်တွေကို စိစစ်လေ့လာပြီးတဲ့နောက် ဒီဇင်ဘာ ၁၈ ရက်မှာ ကစားစေဖို့ ပြိုင်ပွဲကျင်းပရေး ကော်မတီက ဆုံးဖြတ်ခဲ့တာပါ။ ဒီလို ရက်သတ်မှတ်ဖို့အတွက် ဘာစီလိုနာအသင်းနဲ့ ရီးရဲမက်ဒရစ်အသင်းတို့ရဲ့ သဘောတူညီမှုကိုလည်း ရယူခဲ့ပါတယ်" ဟု သတင်းထုတ်ပြန်ခဲ့သည်။

ဘာစီလိုနာအသင်းသည် ရီးရဲမက်ဒရစ်အား အိမ်ကွင်း၌ လက်ခံကစားရမည့်ပွဲကို မူလအစီအစဉ်အတိုင်းသာ ကျင်းပသွားရန် ဆန္ဒရှိခဲ့သည်ဟုဆိုသည်။ ဘာစီလိုနာအသင်းသည် ဒီဇင်ဘာလအတွင်းတွင် စပိန်လာလီဂါပွဲစဉ်များအဖြစ် အက်သလက်တီကို၊ မာယော့ကာ၊ ဆိုစီဒက်၊ ဒီပိုတီပိုအသင်းတို့နှင့် လည်းကောင်း၊ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အဝေးကွင်းတွင် အင်တာမီလန်အသင်းနှင့်လည်းကောင်း ရင်ဆိုင်ရမည်ဖြစ်သည်။

ရီးရဲမက်ဒရစ် အသင်းသည်လည်း ဒီဇင်ဘာလအတွင်း စပိန်လာလီဂါပွဲစဉ်များအဖြစ် ဒီပိုတီဗို၊ အက်စပန်ညော၊ ဗလန်စီယာ၊ ဘီလ်ဘိုအသင်းတို့နှင့် လည်းကောင်း၊ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အဝေးကွင်းတွင် ဘရုဂျက်အသင်းနှင့်လည်းကောင်း ရင်ဆိုင်ရမည်ဖြစ်သည်။

■ ထက်အောင်

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ်သွင်းယူနိုင်သည့် ကစားသမားများအနက်မှ တစ်ဦးအဖြစ် စတာလင်း မှတ်တမ်းဝင်



ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ရာဟီးစတာလင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ်သွင်းယူနိုင်သည့် ရှစ်ဦးမြောက် အင်္ဂလန်ကစားသမားဖြစ်လာခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက် ၂၄ နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမား စတာလင်းသည် အောက်တိုဘာ ၂၃ ရက်တွင် မန်စီးတီးအသင်းက အိမ်ကွင်း၌ အတ္တလန်တာအသင်းအား ၅ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ် အုပ်စုပွဲစဉ်တွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ စတာလင်းသည် ၂၀၁၉ ခုနှစ်အတွင်းတွင် ခြေစွမ်းကောင်းရရှိနေသူဖြစ်ပြီး ယခုပြက္ခဒိန်နှစ်အတွင်း သွင်းဂိုး ၃၅ ဂိုး သွင်းယူထားသူဖြစ်သည်။ အဆိုပါ သွင်းဂိုးပမာဏမှာ ဘာစီလိုနာကစားသမား မက်ဆီ သွင်းယူထားသည့် ဂိုးအရေအတွက်နှင့် တူညီသည့်ပမာဏဖြစ်ပြီး ဂျူဗင်တပ်စ်ကစားသမား ရော်နယ်ဒို၏ သွင်းဂိုးထက်လည်း ပိုမိုများပြားသည့် ပမာဏဖြစ်သည်။ ကွင်းလယ်ကစားသမား စတာလင်းသည် ၂၀၁၉ ခုနှစ်အတွင်းတွင် အသင်းဖော်များ ဂိုးသွင်းယူနိုင်ရန်လည်း ၁၉ ကြိမ်အထိ ဖန်တီးမှုပြုလုပ်ပေးထားသူဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ် စတင်သွင်းယူနိုင်ခဲ့သည့် အင်္ဂလန်ကစားသမားမှာ ဘလက်ဘန်းတိုက်စစ်မှူးဟောင်း မိုက်နီဝဲလ်ဖြစ်သည်။ တိုက်စစ်မှူးဟောင်း မိုက်နီဝဲလ်သည် ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၆ ရက်တွင် ဘလက်ဘန်းအသင်းက ရိုစင်ဘော့အသင်းအား ၄ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သော ချန်ပီယံလိဂ်ပွဲစဉ်တွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သည့် အခြား အင်္ဂလန်ကစားသမားများမှာ အင်ဒီကိုးလ်(မန်ယူ)၊ မိုက်ကယ်အိုဝင် (လီဗာပူး)၊ အလန်ရှီးယားရား(နယူးကာဆယ်)၊ ဝိန်းရွန်နေး (မန်ယူ)၊ ဒန်နီဝဲလ်ဘတ်(အာဆင်နယ်)နှင့် ဟယ်ရီကိန်း(စပါး)တို့ ဖြစ်သည်။ တိုက်စစ်မှူးဟောင်း အင်ဒီကိုးလ်နှင့် မိုက်ကယ်အိုဝင်တို့သည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ် နှစ်ကြိမ်စီ သွင်းယူနိုင်ခဲ့ကြသည်။ အတ္တလန္တာနှင့်ပွဲအပြီး မန်စီးတီးမန်နေဂျာ ဂွါဒီယိုလာက "စတာလင်းရဲ့ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုက အံ့မခန်းပါပဲ။ သူဟာ အလွန်ကြံ့ခိုင်သူဖြစ်ပါတယ်။ ပွဲတစ်ပွဲကစားပြီး သိပ်မကြာခင်မှာပဲ နောက်တစ်ပွဲကစားဖို့ အဆင်သင့်ရှိနေသူပါ။ စတာလင်းရဲ့ အင်အားပြန်လည်ပြည့်ဝမှုက မယုံကြည်နိုင်စရာကောင်းပါတယ်။ စတာလင်းက လျင်မြန်တဲ့ကစားသမားမို့ အသင်းရဲ့ ခံစစ်ကိုလည်း အများကြီးကူညီပေးနိုင်သူ ဖြစ်ပါတယ်"ဟု ချီးကျူးပြောဆိုခဲ့သည်။

# 2019-20 EPL WEEK-10

# စပါးကို အိမ်ကွင်းမှာမရှုံးဖူးသေးတဲ့ ဂျာဂျင်ကလော့

■ ဝေမိုးဆက်

မန်ယူကိုသရေကျခဲ့တာကြောင့် လီဗာပူးဟာ မန်စီးတီးကို ၆ မှတ်သာ ဖြတ်ထားနိုင်တော့တဲ့ အခြေအနေဖြစ်ခဲ့ရပါတယ်။ ဒီတစ်ပတ်မှာလည်း လီဗာပူးအနေနဲ့ စပါးနဲ့ ရင်ဆိုင်ရမှာဖြစ်လို့ နိုင်ပွဲမရခဲ့ရင် ၄ မှတ်သာ အသာရတော့မယ့် အခြေအနေ ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီတစ်ပတ်မှာ လီဗာပူးအနေနဲ့ စပါးကို အနိုင်ရယူနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

### ဂိုးအများဆုံးသွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| အဂူရို | မန်စီးတီး | ၈ |
| အာဘရာဟမ် | ချယ်လ်ဆီး | ၈ |
| အူဘာမီယန် | အာဆင်နယ် | ၇ |
| တီမူပူကီ | နော့ဝှစ်ချ် | ၆ |
| စတားလင်း | မန်စီးတီး | ၆ |

## ဆောက်သမ်တန် - လက်စတာ

ယမန်နှစ်ရလဒ်-ဆောက်သမ်တန် ၁-၂ လက်စတာ

| ဆောက်သမ်တန်၏ နောက်ဆုံးသုံးပွဲရလဒ် | | | လက်စတာ၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ဝုဖ် | ၁-၁ | ဆောက်သမ်တန် | လက်စတာ | ၂-၁ | ဘန်လေ |
| ဆောက်သမ်တန် | ၁-၄ | ချယ်လ်ဆီး | လီဗာပူး | ၂-၁ | လက်စတာ |
| စပါးစ် | ၂-၁ | ဆောက်သမ်တန် | လက်စတာ | ၅-၀ | ကာဆယ် |

ဆောက်သမ်တန်က ဝုဖ်နဲ့ပွဲမှာ သရေပဲ ကစားနိုင်ခဲ့ပေမယ့် ခြေစွမ်းပိုင်းမဆိုးပါဘူး။ အခုပွဲက အိမ်ကွင်းလည်းဖြစ်ပါတယ်။ ဒါကြောင့် နိုင်ပွဲပြန်ရဖို့ အားစိုက်ကစားလာမှာ သေချာနေတယ်။ ဒါပေမယ့် လက်စတာကလည်း ခြေစွမ်းထက်မြက်နေပြီး နိုင်ပွဲတွေ ဆက်နေတယ်။ ထိုးစစ်ကလည်း ဂိုးသွင်းခြေရနေတယ်။ ဒါကြောင့်လည်း လက်စတာတို့ အဝေးကွင်းဖြစ်ပေမယ့် ဆောက်သမ်တန်ကို တုံ့ပြန်နိုင်ခြေရှိသလို သရေလောက်ကစားနိုင်မယ်။

## ဘရိုက်တန် - အဲဗာတန်

ယမန်နှစ်ရလဒ် - ဘရိုက်တန် ၁-၀ အဲဗာတန်

| ဘရိုက်တန်၏ နောက်ဆုံးသုံးပွဲရလဒ် | | | အဲဗာတန်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ဗီလာ | ၂-၁ | ဘရိုက်တန် | အဲဗာတန် | ၂-၀ | ဝက်စ်ဟမ်း |
| ဘရိုက်တန် | ၃-၀ | စပါး | ဘန်လေ | ၁-၀ | အဲဗာတန် |
| ချယ်လ်ဆီး | ၂-၀ | ဘရိုက်တန် | အဲဗာတန် | ၁-၃ | မန်စီးတီး |

ဘရိုက်တန်ခြေစွမ်း အားနည်းပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာဆိုရင် စပါးကိုတောင် အနိုင်ကစားနိုင်စွမ်းရှိတာကို သတိပြုရမယ်။ အဲဗာတန်က ဝက်စ်ဟမ်းကို အနိုင်ရခဲ့တဲ့ပွဲမှာ ခြေစွမ်းကောင်းမွန်ပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ တိုက်စစ်ရော ခံစစ်ပိုင်းကပါ စိတ်မချရပါဘူး။ ဒါကြောင့် ဒီပွဲမှာတော့ ဘရိုက်တန်ကို အဲဗာတန် အသာရဖို့ခက်မယ်။ အမှတ်လိုနေလို့ အိမ်ကွင်းမှာ ခြေကုန်ထုတ်လာမယ့် ဘရိုက်တန် အနိမ့်ဆုံးသရေရမယ်။

## ကာဆယ် - ဝုဖ်

ယမန်နှစ်ရလဒ် -ကာဆယ် ၀-၄ ဝုဖ်

| ကာဆယ်၏ နောက်ဆုံးသုံးပွဲရလဒ် | | | ဝုဖ်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ချယ်လ်ဆီး | ၁-၀ | ကာဆယ် | ဝုဖ် | ၁-၁ | ဆောက်သမ်တန် |
| ကာဆယ် | ၁-၀ | မန်ယူ | မန်စီးတီး | ၀-၂ | ဝုဖ် |
| လက်စတာ | ၅-၀ | ကာဆယ် | ဘက်ရှီးတပ် | ၀-၁ | ဝုဖ် |

ကာဆယ်က ချယ်လ်ဆီးကို အရေးနိမ့်ခဲ့ရပေမယ့် ခြေစွမ်းကောင်းမွန်ခဲ့တယ်။ လက်စတာကို ဂိုးပြတ်အရေးနိမ့်ခဲ့ပြီးတဲ့နောက်ပိုင်း ခံစစ်ကစားပုံလည်း ကောင်းမွန်လာတယ်။ အိမ်ကွင်းပွဲတွေမှာလည်း ရုန်းအားရှိတယ်။ ဝုဖ်က ယူရိုပါလိဂ်ကြောင့် ပွဲပန်းမှုတွေရှိလာနိုင်တာ သေချာနေတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ကာဆယ်တို့ အသာရဖို့မခက်ဘူး။ ကာဆယ်ကပ်နိုင်မယ်။

## အာဆင်နယ် - ပဲလေ့စ်

ယမန်နှစ်ရလဒ် -အာဆင်နယ် ၂-၃ ပဲလေ့စ်

| အာဆင်နယ်၏ နောက်ဆုံးသုံးပွဲရလဒ် | | | ပဲလေ့စ်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ရှက်ဖီးလ်ယူ | ၁-၀ | အာဆင်နယ် | ပဲလေ့စ် | ၀-၂ | မန်စီးတီး |
| အာဆင်နယ် | ၁-၀ | ဘုန်းမောက် | ဝက်စ်ဟမ်း | ၁-၂ | ပဲလေ့စ် |
| အာဆင်နယ် | ၄-၀ | စတန်းဒက်လီဂီ | ပဲလေ့စ် | ၂-၀ | နော့ဝှစ်ချ် |

အာဆင်နယ်က ယူရိုပါလိဂ်ကြောင့် ပွဲပန်းလာနိုင်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်နေလို့ ရလဒ်ကောင်းဖို့တော့ အားစိုက်ကစားလာမှာ သေချာနေတယ်။ ဒါပေမယ့် ပဲလေ့စ်က တုံ့ပြန်ကစားပုံကောင်းတတ်တဲ့ အသင်းဖြစ်နေတာကို သတိပြုရမယ်။မန်စီးတီးကို အရေးနိမ့်ခဲ့ရပေမယ့် အဆိုပါပွဲမှာ ခြေစွမ်းပိုင်းမဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ အာဆင်နယ် ဂိုးပြတ်နိုင်ပွဲရဖို့အတွက်တော့ ခက်မယ်။

## မန်းစီးတီး - ဗီလာ

ယမန်နှစ်ရလဒ် - မရှိ

| မန်စီးတီး၏ နောက်ဆုံးသုံးပွဲရလဒ် | | | ဗီလာ၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ပဲလေ့စ် | ၀-၂ | မန်စီးတီး | ဗီလာ | ၂-၁ | ဘရိုက်တန် |
| မန်စီးတီး | ၀-၂ | ဝုဖ် | နော့ဝှစ်ချ် | ၁-၅ | ဗီလာ |
| မန်စီးတီး | ၂-၀ | ဒီနမိုဇာဂရက် | ဗီလာ | ၂-၂ | ဘန်လေ |

ဗီလာခြေစွမ်းပိုင်း တိုးတက်လာတာ မှန်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲဆက်တိုက် အနိုင်ရယူနိုင်ခဲ့တယ်။ တိုက်စစ်ကလည်း ဂိုးသွင်းခြေ ထက်မြက်လာတယ်။ ဒါပေမယ့် ခံစစ်ပိုင်းကတော့ ပွဲတိုင်းဂိုးတွေ ပေးနေရတယ်။ မန်စီးတီးကလည်း အိမ်ကွင်းဖြစ်တာကြောင့် တိုက်စစ်ဖွင့်ကစားလာမှာ သေချာတယ်။ လီဗာပူးနဲ့ စပါးဆုံနေချိန်မှာ မန်စီးတီးတို့ နိုင်ပွဲရယူထားနိုင်ဖို့ အားစိုက်ကစားမှာလည်း ဖြစ်တဲ့အတွက် ဂိုးပြတ်နိုင်ပွဲ ရယူသွားနိုင်မှာပါ။

## ဝက်ဖို့ဒ် - ဘုန်းမောက်

ယမန်နှစ်ရလဒ် - ဝက်ဖို့ဒ် ၀-၄ ဘုန်းမောက်

| ဝက်ဖို့ဒ်၏ နောက်ဆုံးသုံးပွဲရလဒ် | | | ဘုန်းမောက်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| စပါး | ၁-၁ | ဝက်ဖို့ဒ် | ဘုန်းမောက် | ၀-၀ | နော့ဝှစ်ချ် |
| ဝက်ဖို့ဒ် | ၀-၀ | ရှက်ဖီးလ်ယူ | အာဆင်နယ် | ၁-၀ | ဘုန်းမောက် |
| ဝုဖ် | ၂-၀ | ဝက်ဖို့ဒ် | ဘုန်းမောက် | ၂-၂ | ဝက်စ်ဟမ်း |

ဘုန်းမောက်က အသင်းလိုက် စွမ်းဆောင်ရည်မဆိုးဘူး။ ခံစစ်ကစားပုံလည်း ကောင်းမွန်လာတာ တွေ့ရတယ်။ ဒါပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေ ကျဆင်းသွားပြီး နောက်ဆုံးနှစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ပါဘူး။ ဝက်ဖို့ဒ်က နိုင်ပွဲတွေ ဆက်တိုက်ပျောက်ဆုံးနေလို့ ခြေကုန်ထုတ် ကစားနေတယ်။ စပါးနဲ့ပွဲမှာ အဝေးကွင်းဖြစ်ပေမယ့် အကောင်းဆုံး ထိန်းချုပ်ကစားနိုင်ခဲ့သရေကျခဲ့တယ်။ သွင်းဂိုးနည်းနိုင်ပြီး ဝက်ဖို့ဒ်ကပ်နိုင်ဖို့ရှိတယ်။

## လီဗာပူး - စပါး

ယမန်နှစ်ရလဒ် - လီဗာပူး ၂-၁ စပါး

| လီဗာပူး၏ နောက်ဆုံးသုံးပွဲရလဒ် | | | စပါး၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| မန်ယူ | ၁-၁ | လီဗာပူး | စပါး | ၁-၁ | ဝက်ဖို့ဒ် |
| လီဗာပူး | ၂-၁ | လက်စတာ | ဘရိုက်တန် | ၃-၀ | စပါး |
| လီဗာပူး | ၄-၃ | ဆောဘတ် | စပါး | ၂-၇ | ဘိုင်ယန် |

လီဗာပူးက မန်ယူနဲ့ သရေကျခဲ့လို့ နိုင်ပွဲရယူနိုင်အောင် အားစိုက်ကစားလာမှာဖြစ်တယ်။ ဒါပေမယ့် ချန်ပီယံလိဂ် ကစားခဲ့ရမှာဖြစ်သလို ဒီပွဲအပြီးမှာလည်း ကာရာဘောင်ဖလားပွဲအဖြစ် အာဆင်နယ်နဲ့ ရင်ဆိုင်ရမယ်။ စပါးက ခြေပျက်နေပေမယ့် ဒီပွဲအပြီးမှာ ကာရာဘောင် ဖလားပွဲ ကစားရဖို့မရှိလို့ ခြေကုန်ထုတ်နိုင်ဖို့ရှိနေတယ်။ အစဉ်အလာအရ ဂျာဂျင်ကလော့ အားသာပေမယ့် သရေကျဖို့များတယ်။

## ဝက်စ်ဟမ်း - ရှက်ဖီးလ်ယူ

ယမန်နှစ်ရလဒ် - မရှိ

| ဝက်စ်ဟမ်း၏ နောက်ဆုံးသုံးပွဲရလဒ် | | | ရှက်ဖီးလ်ယူ၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| အဲဗာတန် | ၂-၀ | ဝက်စ်ဟမ်း | ရှက်ဖီးလ်ယူ | ၁-၀ | အာဆင်နယ် |
| ဝက်စ်ဟမ်း | ၁-၂ | ပဲလေ့စ် | ဝတ်ဖို့ဒ် | ၀-၀ | ရှက်ဖီးလ်ယူ |
| ဘုန်းမောက် | ၂-၂ | ဝက်စ်ဟမ်း | ရှက်ဖီးလ်ယူ | ၀-၁ | လီဗာပူး |

ဝက်စ်ဟမ်းက သုံးပွဲဆက်တိုက် နိုင်ပွဲမရခဲ့တာကြောင့် ဒီအိမ်ကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေတယ်။ ခံစစ်ပိုင်းကတော့ အားနည်းမှုတွေ ရှိနေပေမယ့် အိမ်ကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းစွမ်းဆောင်ရည် ကောင်းမွန်တတ်တယ်။ ရှက်ဖီးလ်ယူက ခံစစ်ကစားပုံမဆိုးပေမယ့် တိုက်စစ်ပိုင်း အားနည်းကာ အဝေးကွင်းခြေညံ့တယ်။ ဝက်စ်ဟမ်း နိုင်ပွဲရမယ်။

## ဘန်လေ - ချယ်လ်ဆီး

ယမန်နှစ်ရလဒ် - စပါး ၂-၁ ဝက်ဖို့ဒ်

| ဘန်လေ၏ နောက်ဆုံးသုံးပွဲရလဒ် | | | ချယ်လ်ဆီး၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| လက်စတာ | ၂-၁ | ဘန်လေ | ချယ်လ်ဆီး | ၁-၀ | ကာဆယ် |
| ဘန်လေ | ၁-၀ | အဲဗာတန် | ဆောက်သမ်တန် | ၁-၄ | ချယ်လ်ဆီး |
| ဗီလာ | ၂-၂ | ဘန်လေ | လေလီ | ၁-၂ | ချယ်လ်ဆီး |

ဘန်လေက လက်စတာကို အရေးနိမ့်ခဲ့ရပေမယ့် အိမ်ကွင်းပွဲတွေမှာ ခံစစ်ကစားပုံ ကောင်းမွန်သလို တန်ပြန်တိုက်စစ်လည်း ထက်မြက်မှုရှိပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း တည်ငြိမ်လာတယ်။ ချန်ပီယံလိဂ် ကစားခဲ့ရတာကြောင့် ချယ်လ်ဆီးတို့ ပွဲပန်းနိုင်ပေမယ့်လည်း အခုနောက်ပိုင်းမှာ ခံစစ်ပိုင်းကအစ အနည်းငယ်တည်ငြိမ်လာတယ်။ ချယ်လ်ဆီး အနိုင်သုံးမှတ်တော့ရမယ်။

## နော့ဝှစ်ချ် - မန်ယူ

ယမန်နှစ်ရလဒ် - မရှိ

| နော့ဝှစ်ချ်၏ နောက်ဆုံးသုံးပွဲရလဒ် | | | မန်ယူ၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ဘုန်းမောက် | ၀-၀ | နော့ဝှစ်ချ် | မန်ယူ | ၁-၁ | လီဗာပူး |
| နော့ဝှစ်ချ် | ၁-၅ | ဗီလာ | ကာဆယ် | ၁-၀ | မန်ယူ |
| ပဲလေ့စ် | ၂-၀ | နော့ဝှစ်ချ် | အယ်ကမာ | ၀-၀ | မန်ယူ |

နော့ဝှစ်ချ်က အိမ်ကွင်းပွဲတွေမှာ မထင်မှတ်တာတွေ လုပ်ပြတတ်တယ်ဆိုပေမယ့် ပွတ်ကီ ဂိုးသွင်းခြေ ပျောက်ဆုံးသွားတာနဲ့ တိုက်စစ်က ဂိုးသွင်းအား ကျသွားတာကို သတိပြုရမယ်။ မန်ယူကလည်း လက်ရှိအချိန်မှာ တိုက်စစ်ပြဿနာရှိနေပြီး ဂိုးသွင်းခြေ မတည်ငြိမ်ပါဘူး။ အဝေးကွင်းလည်း ဖြစ်နေတာကို သတိပြုရမယ်။ သွင်းဂိုးနည်းပြီး မန်ယူကပ်နိုင်မယ်။

## ပရီမီယာလိဂ်ပွဲစဉ် (၁၀)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂၅-၁၀-၁၉ |
| နံနက် ၁:၃၀ | ဆောက်သမ်တန် | - | လက်စတာ |
| စနေနေ့ | | | ၂၆-၁၀-၁၉ |
| ည ၆:၀၀ | မန်စီးတီး | - | ဗီလာ |
| ည ၈:၃၀ | ဘရိုက်တန် | - | အဲဗာတန် |
| ည ၈:၃၀ | ဝက်ဖို့ဒ် | - | ဘုန်းမောက် |
| ည ၈:၃၀ | ဝက်စ်ဟမ်း | - | ရှက်ဖီးလ်ယူ |
| ည ၁၁:၀၀ | ဘန်လေ | - | ချယ်လ်ဆီး |
| တနင်္ဂနွေနေ့ | | | ၂၇-၁၀-၁၉ |
| ည ၈:၃၀ | ကာဆယ် | - | ဝုဖ် |
| ည ၁၁:၀၀ | အာဆင်နယ် | - | ပဲလေ့စ် |
| ည ၁၁:၀၀ | လီဗာပူး | - | စပါး |
| ည ၁၁:၀၀ | နော့ဝှစ်ချ် | - | မန်ယူ |

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၉)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂၅-၁၀-၁၉ |
| နံနက် ၁:၀၀ | မိန့်ဇ် | - | ကိုလုံး |
| စနေနေ့ | | | ၂၆-၁၀-၁၉ |
| ည ၈:၀၀ | ဘိုင်ယန် | - | ယူနီယံဘာလင် |
| ည ၈:၀၀ | ဟာသာဘာလင် | - | ဟော့ဖန်ဟိမ်း |
| ည ၈:၀၀ | ဖရိုင်းဘတ် | - | လိုက်ပဇစ် |
| ည ၈:၀၀ | ရှော်လ်ကာ | - | ဒွေ့မွန် |
| ည ၈:၀၀ | ပါဒါဘွန် | - | ဖော်ကျူနာ |
| ည ၁၁:၀၀ | လေဗာကူဆင် | - | ဝါဒါဘရီမင် |
| တနင်္ဂနွေနေ့ | | | ၂၇-၁၀-၁၉ |
| ည ၉:၀၀ | ဝုဖ်ဘတ် | - | အော့ဘတ် |
| ည ၁၁:၃၀ | ဂလာဘတ်ချ် | - | ဖရန့်ဖွတ် |

## ပြင်သစ်ပထမတန်းပွဲစဉ်(၁၁)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂၅-၁၀-၁၉ |
| နံနက် ၁:၁၅ | နန့်စ် | - | မိုနာကို |
| စနေနေ့ | | | ၂၆-၁၀-၁၉ |
| ည ၁၀:၃၀ | လေလီ | - | ဘော်ဒိုး |
| နံနက် ၀၀:၃၀ | စထရက်ဘော့ချ် | - | နိုက်စ် |
| နံနက် ၀၀:၃၀ | ဘီရက် | - | ဒီဂျွန် |
| နံနက် ၀၀:၃၀ | လိုင်ယွန် | - | မက်ဇ် |
| နံနက် ၀၀:၃၀ | ရိမ်းစ် | - | နီမက်စ် |
| နံနက် ၀၀:၃၀ | မောင့်ပယ်လီယာ | - | အန်ဂျာစ် |
| တနင်္ဂနွေနေ့ | | | ၂၇-၁၀-၁၉ |
| ည ၈:၃၀ | ရိန်းနက်စ် | - | တူးလောက်စ် |
| ည ၁၀:၃၀ | စိန့်အေတီယန် | - | အာမီယံ |
| နံနက် ၂:၃၀ | ပီအက်စ်ဂျီ | - | မာဆေး |

## စီးရီးအေပွဲစဉ်(၉)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂၅-၁၀-၁၉ |
| နံနက် ၁:၁၅ | ဗီရိုနာ | - | ဆာစူအိုလို |
| စနေနေ့ | | | ၂၆-၁၀-၁၉ |
| ည ၇:၃၀ | လေချီ | - | ဂျူဗင်တပ် |
| ည ၁၀:၃၀ | အင်တာ | - | ပါးမား |
| နံနက် ၁:၁၅ | ဂျီနိုအာ | - | ဘရက်ရှား |
| တနင်္ဂနွေနေ့ | | | ၂၇-၁၀-၁၉ |
| ည ၆:၀၀ | ဘလော့ညာ | - | ဆမ်ဒိုးရီးယား |
| ည ၈:၃၀ | အတ္တလန္တာ | - | အူဒီးနီးစ် |
| ည ၈:၃၀ | SPAL | - | နာပိုလီ |
| ည ၈:၃၀ | တိုရီနို | - | ကက်ဂလီယာရီ |
| ည ၁၁:၃၀ | ရိုးမား | - | မီလန် |
| နံနက် ၂:၁၅ | ဖီအိုရင်တီးနား | - | လာဇီယို |

## လာလီဂါပွဲစဉ်(၁၀)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂၅-၁၀-၁၉ |
| နံနက် ၁:၃၀ | ဗီလာရီးရဲ | - | အလာဗက်စ် |
| စနေနေ့ | | | ၂၆-၁၀-၁၉ |
| ည ၈:၃၀ | လီဂါနက်စ် | - | မာယော့ကာ |
| ည ၁၁:၀၀ | ဗယ်လာဒိုးလစ် | - | အီဘား |
| နံနက် ၁:၃၀ | အက်သလက် | - | ဘီလ်ဘို |
| တနင်္ဂနွေနေ့ | | | ၂၇-၁၀-၁၉ |
| ညနေ ၅:၃၀ | ဆယ်တာဗီဂို | - | ဆိုစီဒက် |
| ည ၇:၃၀ | ဂရန်နာဒါ | - | ဘက်တစ် |
| ည ၉:၃၀ | လီဗန်တေး | - | အက်စ်ပန်ညို |
| နံနက် ၀၀း၀၀ | ဆီဗီးလ် | - | ဂီတာဖေး |
| နံနက် ၂:၃၀ | အိုဆာစူနာ | - | ဗလင်စီယာ |

## နာပိုလီတွင် ပါဝင်ကစားရေး မိုဗစ်ကိုယ်တိုင် ဆုံးဖြတ်ရမည်ဟု ဥက္ကဋ္ဌဖြစ်သူပြော

စီးရီးအေကလပ် နာပိုလီအသင်းတွင် တိုက်စစ်မှူး အီဘရာဟီမိုဗစ် ပါဝင်ကစားရေးမှာ အီဘရာဟီမိုဗစ်ကိုယ်တိုင်၏ ဆုံးဖြတ်ချက်ပေါ်တွင် မူတည်ကြောင်း နာပိုလီအသင်းဥက္ကဋ္ဌ ဒီလော်ရန်တစ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ် (၃၈ နှစ်)သည် လာမည့် ဒီဇင်ဘာလအတွင်းတွင် လက်ရှိပါဝင်ကစားနေသည့် အမေရိကန်မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်သစ် ထပ်မံချုပ်ဆိုဖြစ်ဖွယ်မရှိခြင်းကြောင့် အခြားကလပ်အသင်းများအနေဖြင့် လာမည့် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် အီဘရာဟီမိုဗစ်အား ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ခေါ်ယူနိုင်ဖွယ်ရှိနေသည်။

အင်တာဗျူးအစီအစဉ်တစ်ခုတွင် နာပိုလီအသင်းသို့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်အား ခေါ်ယူနိုင်ရေး အခြေအနေနှင့်ပတ်သက်၍ ဥက္ကဋ္ဌ ဒီလော်ရန်တစ်က "ဟီမိုဗစ်ကို နာပိုလီအသင်းဆီ ခေါ်ယူဖို့က ကျွန်တော်တို့ရဲ့ စိတ်ကူးတစ်ခု ဖြစ်လာနိုင်ပါတယ်။ ဒါပေမယ့် နာပိုလီအသင်းမှာ ပါဝင်ကစားလိုခြင်း ရှိ မရှိ ဆိုတာကတော့ အီဘရာဟီမိုဗစ် အပေါ်မှာသာ မူတည်ပါတယ်"ဟု ပြောဆိုခဲ့သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ပြီးခဲ့သည့်လအတွင်းက ၎င်း၏ အသင်းဟောင်းဖြစ်သည့် မန်ယူအနေဖြင့် မိမိအား လိုအပ်မည်ဆိုပါက မန်ယူအသင်းတွင် ပြန်လည်ပါဝင် ကစားသွားရန် အဆင်သင့်ရှိကြောင်း ပြောဆိုခဲ့ဖူးသူဖြစ်သည်။ **ထက်အောင်**

# ဘတ်စ်ကားများအပ်နှံ၍ လူစီးယာဉ်တင်သွင်းခွင့်ထောက်ခံချက် ထုတ်ယူရန် YRTA သို့ တင်ပြထားသည့် အစီးရေ ၁၃၀ ကျော်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၄**

၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကားများအပ်နှံ၍ လူစီးယာဉ်တင်သွင်းခွင့်ထောက်ခံချက် ထုတ်ယူရန် YRTA သို့ လာရောက်တင်ပြထားသည့် အစီးရေ ၁၃၀ ကျော်ရှိကြောင်း အောက်တိုဘာ ၂၃ ရက်က YRTA ရုံး၌ ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

"ကျွန်တော်တို့ရုံးကို လူစီးယာဉ် တင်သွင်းခွင့်ထောက်ခံချက်နဲ့ အပ်နှံခွင့်ပေးပါဆိုပြီး စီးတီးဘတ်စ် ၁၂၆ စီးနဲ့ မီနီဘတ်စ် ခုနစ်စီးတင်ပြထားပြီး ဖြစ်ပါတယ်"ဟု ဦးလှအောင်က ပြောသည်။

အဆိုပါ ဘတ်စ်ကားများအပ်နှံ၍ လူစီးယာဉ်တင်သွင်းခွင့်ထောက်ခံချက် ထုတ်ယူရန် လာရောက်တင်ပြထားသည့် ယာဉ်များကို YRTA မှ စိစစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြပေးမည်ဖြစ်ကာ အစိုးရမှတစ်ဆင့် အထူးကိစ္စရပ်အဖြစ်အပ်နှံခွင့်ရရှိရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

လက်ရှိ YBS ယာဉ်များအတွင်းတွင် မြို့တော်အင်္ဂါရပ်နှင့် မညီသော စက်စွမ်းအားကျဆင်းပြီး ကြံ့ခိုင်မှု မရှိသည့်ယာဉ်များနှင့် လုပ်ငန်းမလည်ပတ်နိုင်သော ယာဉ်များဖြစ်သည့် ၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကားများကို အပ်နှံပါက လူစီးယာဉ်တင်သွင်းခွင့်ထောက်ခံချက်ရရှိရေး အထူးကိစ္စရပ်တစ်ခုအနေဖြင့် ဆောင်ရွက်ပေးရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တင်ပြမှုကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အပ်နှံခွင့်နှင့်ပတ်သက်၍လည်း ယာဉ်လိုင်းများကို အသိပေးပြီးဖြစ်ပြီး လက်ရှိ စာရင်းများအရ ၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကား YBS အစီးရေမှာ ၇၀၀ ကျော်ရှိကြောင်း သိရသည်။

ထိုသို့ ဘတ်စ်ကားများ အပ်နှံ၍ လူစီးယာဉ်တင်သွင်းမည်ဆိုပါက ယင်းဘတ်စ်ကားရှိ သဘာဝဓာတ်ငွေ့(CNG)များကို ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း သိရသည်။

"CNG ဟာ ခရီးသွားပြည်သူလူထု သယ်ယူပို့ဆောင်ရေးအတွက် ပေးထားတာပါ၊ အခု ၁၉၉၉ -၂၀၀၃ ခုနှစ်ထုတ်ယာဉ် အပ်လို့ လူစီးယာဉ်တင်သွင်းခွင့်ရတဲ့အတွက် အဲဒီယာဉ်တွေအားလုံးသည် CNG ကိုပြန်လည်အပ်နှံခဲ့ရမှာဖြစ်ပါတယ်၊ ခရီးသွား ပြည်သူလူထု သယ်ယူပို့ဆောင်ရေး မဟုတ်တဲ့ဟာ ပြောင်းလဲသွားလို့ရှိရင် အဲဒီယာဉ်တွေအားလုံးသည် CNG အပ်ရပါမယ်"ဟု ဦးလှအောင်က ပြောသည်။

ငြိမ်းငြိမ်း

# လှိုင်သာယာမြို့နယ် တိုးချဲ့ခုတင် ၂၀၀ ဆေးရုံကြီးတွင် အောက်တိုဘာလပထမပတ်မှစတင်၍ လက်ခံကုသပေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၄**

နိုင်ငံတော်က ပြည်သူ့ကျန်းမာရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး လူဦးရေများသောနေရာတို့တွင် ဆေးရုံများကို တိုးချဲ့တည်ဆောက်ဖွင့်လှစ်၍ ကျန်းမာရေးဝန်ဆောင်မှု တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ခုတင် ၂၀၀ တိုးချဲ့ဆေးရုံကြီး တည်ဆောက်ပြီးစီးပြီဖြစ်၍ အောက်တိုဘာလပထမပတ်မှစတင်ကာ လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

**ခုတင် ၂၀၀ သို့ တိုးချဲ့နိုင်ခဲ့**

စက်မှုမြို့ဖြစ်သောကြောင့် လူဦးရေတိုးပွားလာမှုနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလိုအပ်လာရာ မူလ ခုတင် ၂၅ လုံးမှ ခုတင် ၂၀၀ သို့ တိုးချဲ့နိုင်ခဲ့ပြီဖြစ်၍ အင်းစိန်ဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှုလျော့ကျခဲ့သည်။ ခုတင် ၂၀၀ ဆေးရုံကြီးဖြစ်သည်နှင့်အညီ နေ့စဉ် လူနာများပြားသည့်အတွက် ဆရာဝန်၊ ဆရာမ၊ သူနာပြုလိုအပ်သော်လည်း ရရှိသောဝန်ထမ်းအင်အားဖြင့် ကုသပေးလျက်ရှိကြောင်း သိရသည်။



လှိုင်သာယာမြို့နယ်ရှိ တိုးချဲ့လေးထပ်ဆောင်ဆေးရုံကြီးကို တွေ့ရစဉ်။ ဓာတ်ပုံ -သစ္စာ

**တိုးချဲ့လေးထပ်ဆောင်စတင်အသုံးပြု**

လေးထပ်ဆောင်တိုးချဲ့ဆေးရုံကြီးတွင် မြေညီထပ်၌ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ စီတီဓာတ်မှန်၊ အကြောစစ်ဌာန၊ အထူးကုပြင်ပလူနာဌာနများနှင့် အုပ်ချုပ်မှုအခန်းများ၊ ပထမထပ်တွင် သားဖွားခန်းများ၊ ဒုတိယထပ်တွင် ခွဲစိတ်လူနာဆောင်၊ တတိယထပ်တွင် ကလေးလူနာဆောင်နှင့် ခွဲစိတ်ခန်းလေးခန်း၊ အပေါ်ဆုံးလွှာတွင် စည်းဝေးခန်း၊ ဘုရားခန်း၊ အနားယူခန်း၊ ကိုယ်ကာယလေ့ကျင့်ခန်း၊ ခွဲစိတ်ခန်း အဝတ်အစားခန်း၊ ကလေးအထွေထွေ အသုံးပြုခန်းတို့ဖြင့် အသုံးပြုသွားမည်ဖြစ်သည်။ တိုးချဲ့လေးထပ်ဆောင်ကြီးကို ၂၀၁၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ပြီးစီးကာ အောက်တိုဘာလပထမပတ်၌ စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။

**ပြသတဲ့လူနာ ၂၅၀ အထက်မှာရှိ**

"ခွင့်ပြုခုတင် ၂၀၀ ဆေးရုံကြီးဖြစ်ပေမယ့် အသုံးပြုခုတင် ၂၉၀ ထိ အသုံးပြုနေပါတယ်။ အသုံးပြုခုတင် ၄၀၀ ကျော်ထိ ကုသနိုင်မယ်လို့ မှန်းထားပါတယ်။ ဝန်ထမ်းတွေအတွက် ကျန်စစ်မင်းအိမ်ရာနဲ့ ထီးလှိုင်ရှင်အိမ်ရာမှာ အိမ်ခန်းပေါင်း ၉၆ ခန်း ရရှိထားပြီးပါပြီ။ အနီးကပ်ကုသနိုင်ဖို့ အခန်း ၁၆ ခန်းပါတဲ့ လေးထပ် နှစ်လုံးပဲ ဆေးရုံတောင်ဘက်မှာ ဆောက်ဖို့ရှိပါတယ်။ ပြင်ပလူနာ နေ့စဉ်များတဲ့အတွက် ဖွဲ့စည်းပုံဝန်ထမ်းအင်အား ၆၀၀ မှာ ၂၀၀ နဲ့ ကုသမှုပေးနေပါတယ်။ နေ့စဉ် ပြသတဲ့လူနာက ၂၅၀ အထက်မှာရှိတယ်။ ခွဲစိတ်ကုသမှုကိုလည်း ဝန်ဆောင်မှုပေးနေပါတယ်။ လိုအပ်ချက်လည်း ရှိနေပါသေးတယ်။ လူနာတွေကို ဆေးရုံအထောက်အကူပြု မြို့မိမြို့ဖ အာဟာရကော်မတီက ကျွေးမွေးတာလည်းရှိတယ်"ဟု ပြည်သူ့ဆေးရုံအုပ်ကြီး(လှိုင်သာယာ) ဒေါက်တာ ဆန်းလွင်ဦးက ပြောသည်။

**စစ်ဆေးပေးလျက်ရှိ**

လှိုင်သာယာတိုးချဲ့ပြည်သူ့ဆေးရုံကြီးတွင် ကိုယ်ဝန်ဆောင်မိခင်များအား သားဖွားနှင့် မီးယပ်ဌာနမှ အင်္ဂါနှင့် ဗုဒ္ဓဟူးနေ့တို့တွင် ပြင်ပလူနာအဖြစ် စစ်ဆေးပေးလျက်ရှိပြီး အပတ်စဉ်လူနာ ၁၀၀ ကျော် လာရောက်ပြသလျက်ရှိရာ လိုအပ်ပါက မွေးလူနာများအား ဗဟိုအမျိုးသမီးဆေးရုံသို့ လွှဲပြောင်းကုသပေးလျက်ရှိသည်။

၁၆၄

# ဖောင်းပြင်၌ ဘိုးဘွားများအား အခမဲ့ကုသပေး

**ဖောင်းပြင် အောက်တိုဘာ ၂၄**

ဖောင်းပြင်မြို့နယ် ပြည်သူ့ဆေးရုံတွင် သက်ကြီးဘိုးဘွားများအား မကူးစက်နိုင်သောရောဂါများ အခမဲ့ရှာဖွေကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၄ ရက်က ပရဟိတအသင်း(ဖောင်းပြင်)၏ ပူးပေါင်းကူညီမှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြောင်း သိရသည်။ ထိုသို့ ကုသရာတွင် သွေးချိုဆီးချို၊ နှလုံးသွေးကြောကျဉ်း၊ ကင်ဆာ၊ ပန်းနာရင်ကျပ်နှင့် နာတာရှည် အဆုတ်ပွရောဂါများကို စစ်ဆေးရှာဖွေကုသပေးပြီး ကျေးရွာများရှိ ဘိုးဘွားများကိုလည်း ကုသပေးနိုင်ရန် နယ်လှည့်အသိပညာပေးဟောပြောကြောင်း သိရသည်။

ဖောင်းပြင်(ပြန်/ဆက်)

# တာလေမြို့၌ ကလေးများကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမည်

**တာလေ အောက်တိုဘာ ၂၄**

တာချီလိတ်ခရိုင် တာလေမြို့တွင် ကလေးများကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းများ ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက်က တာလေတိုက်နယ် ကျန်းမာရေးဌာန၌ ကျင်းပသည်။

တာလေမြို့အုပ်ချုပ်ရေးမှူး ဦးကျော်သူဝင်းက အမှာစကားပြောကြားပြီး တိုက်နယ်ဆရာဝန် ဒေါက်တာ အောင်မြင့်ကျော်က ကာကွယ်ဆေးထိုးနှံပေးသွားမည့် အောက်တိုဘာ ၂၅ ရက်မှ ၃၀ ရက်အထိတွင် မပျက်မကွက် လာရောက်ထိုးနှံစေလိုကြောင်းနှင့် ပူးပေါင်းကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်း ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

အောင်ကျော်မိုး(ပြန်/ဆက်)

# ပိန်းဇလုပ်မြို့ တိုက်နယ်ဆေးရုံတွင် ဓာတ်မှန်ဆောင်အဆောက်အအုံသစ်ဖွင့်လှစ် ဓာတ်မှန်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်း

**ပိန်းဇလုပ် အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ မြို့မ(၁)ရပ်ကွက်ရှိ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတွင် ဓာတ်မှန်ဆောင်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ဓာတ်မှန် စက်(200MA X-Ray machine) နှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးနှင့်ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို အဆိုပါ ဆေးရုံဝင်းအတွင်း၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် ပိန်းဇလုပ်တိုက်နယ်ဆေးရုံမှ ဆရာဝန်ဒေါက်တာ ဇော်သူအောင်က အမှာစကားပြောကြားပြီး မဲဆန္ဒနယ်အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦး၊ ပိန်းဇလုပ်ဒေသအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဒေါက်တာမျိုးဝင်းတို့က ဓာတ်မှန်ဆောင် အဆောက်အအုံသစ်ဆောက်လုပ်ခြင်း၊ ဓာတ်မှန်စက်နှင့်ဆက်စပ်ပစ္စည်းများ၊ ဆေးနှင့်ဆေးဝါးပစ္စည်းများလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များက ဓာတ်မှန်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးနှင့်ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးနှင့် တိုက်နယ်ဆရာဝန် ဒေါက်တာဇော်သူအောင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါဆေးရုံဝင်းအတွင်းရှိ ဓာတ်မှန်ဆောင်အဆောက်အအုံသစ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် သိန်း ၁၉၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဒေသနေပြည်သူများ၏ ကျန်းမာရေးအတွက် အထောက်အပံ့ပြုနိုင်ရန် ပိန်းဇလုပ်ဒေသအသင်း(ရန်ကုန်) မှနာယက ပါမောက္ခဒေါက်တာ မြသိန်းဟန်(ဆေးဝန်ထမ်းညွှန်ကြားရေးမှူး-ငြိမ်း)၏ လမ်းညွှန်စီစဉ်မှုဖြင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးရှိ နိုက်တင်ဂေးလ် ဆေးကုခန်းမှ (ဦးမောင်မောင်ထွန်း)-ဒေါ်မြင့်မြင့်ကြည်မိသားစုက အမေရိကန်ဒေါ်လာ ၈၀၀၀ ကျော်ခန့်တန်ဖိုးရှိ ဓာတ်မှန်စက်(200MA X-Ray machine)နှင့် ဆက်စပ်ပစ္စည်းများကို လှူဒါန်းခဲ့ပြီး ရန်ကုန်မြို့မှ စိန် လေမှုတ်စက် မိသားစုက ဆေးနှင့် ဆေးဝါးပစ္စည်းများ တန်ဖိုးငွေကျပ်ငါးသိန်းခန့်ကို ယနေ့ ပြုလုပ်သည့်အခမ်းအနားတွင် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




ဓာတ်မှန်စက်အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်နေစဉ်။

ရန်အောင်ထွန်း၊ ဓာတ်ပုံ-ရဲသိန်း

# ဘူးသီးတောင်မြို့နယ်၌ တရားရုံးထုတ်အချုပ်ယာဉ်နှင့် လုံခြုံရေးယာဉ်တန်းအား AA အဖွဲ့က အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်၍ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ကျဆုံး

**နေပြည်တော် အောက်တိုဘာ ၂၄**

ဘူးသီးတောင်မြို့နယ် ဘူးသီးတောင်-မောင်တော ကားလမ်း၌ တရားရုံးထုတ် အချုပ်ယာဉ်နှင့် လုံခြုံရေးယာဉ်တန်းတို့အား AA အဖွဲ့က အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ကျဆုံးခဲ့ကြောင်း သိရသည်။

**လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်**

ဖြစ်စဉ်မှာ ဘူးသီးတောင်မြို့နယ် ဘူးသီးတောင်-မောင်တောကားလမ်း မိုင်တိုင်(၅/၂) အနီး၌ ညနေ ၄ နာရီ ၂၅ မိနစ်ခန့်က မောင်တောမြို့နယ် တရားရုံးမှ ဘူးသီးတောင်အကျဉ်းစခန်းသို့ ထွက်ခွာလာသည့် လုံခြုံရေး တပ်ဖွဲ့ဝင် ၁၄ ဦးလိုက်ပါပြီး အချုပ်တရားခံ အမျိုးသား ၂၀ ပါ တရားရုံးထုတ် အချုပ်ယာဉ်နှင့် အချုပ်တရားခံ အမျိုးသား ၈ ဦး၊ အမျိုးသမီး ၂ ဦး ပေါင်း ၁၀ ဦးပါဝင်သည့် ယာဉ်တို့အား AA အဖွဲ့ အင်အား ၁၀ ဦးခန့်က အဝေးထိန်း မိုင်း နှစ်လုံးဖောက်ခွဲကာ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးအဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် AA အဖွဲ့ ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။

**ဒဏ်ရာများရရှိ**

အဆိုပါဖြစ်စဉ်ကြောင့် လုံခြုံရေးအဖွဲ့မှ ရဲတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာများ ရရှိပြီး အချုပ်တရားခံ အမျိုးသမီး နှစ်ဦးတွင် ဒဏ်ရာများ ရရှိခဲ့သည်။

ဒဏ်ရာရရှိသူများကို ဘူးသီးတောင်မြို့ရှိ တပ်မတော်စစ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအနက် ရဲတပ်သား ထွန်းအောင်ကျော်နှင့် ရဲတပ်ကြပ် ဟိန်းဇော်တို့နှစ်ဦးမှာ ညနေ ၅ နာရီခွဲခန့်တွင် ရရှိသော ဒဏ်ရာများဖြင့် ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

**နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိ**

ကျန်အချုပ်တရားခံများအား ဘူးသီးတောင်အကျဉ်းစခန်းသို့ ပို့ဆောင်ခဲ့ပြီး ထိတွေ့မှုဖြစ်ပွားသည့်နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာ့ရုပ်မြင်သံကြား

၂၅-၁၀-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၇:၃၅ - MRTV Travelogue
၈:၃၅ - "ဦးတိုးအောင် အငြိမ်းစား ကုလသမဂ္ဂအရာထမ်း UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံမေးမြန်းခန်း"
၁၅:၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၃၄)

**ညပိုင်း**

၁၆:၂၀ - "ဒေါက်တာရှောင်တန်နယ်(လ်) (စီးပွားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း)" (အပိုင်း-၁)
၁၆:၃၅ - Road to Sea Games (ခားခုတ်)
၁၇:၀၅ - "ဒေါက်တာရှောင်တန်နယ်(လ်) (စီးပွားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း)" (အပိုင်း-၂)
၁၇:၃၀ - Weekly Sport Info
၁၇:၅၅ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုလုပ်ခြင်းအား ကြိုတင်ကာကွယ်နိုင်ရန်
၁၈:၂၀ - "ဒေါက်တာအဲ(န်)နာရွှေလွှမ်း (ချင်းလူနည်းစု)(ဇိုဖေး) ချင်းမျိုးနွယ်စုဝင်နှင့် တွေ့ဆုံမေးမြန်းခန်း"
၁၈:၂၅ - BBC Click
၁၈:၃၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "သုံးယောက်ပေါင်း လောင်းကျော်"
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသ
၂၀:၃၅ - "ပြည်သူ့အတွက် ဥပဒေစကားဝိုင်း" (တရားရုံးများကို မထီမဲ့မြင်ပြုသည်ဆိုခြင်းမှာ)
- Myanmar National Symphony Orchestra Concert 2018 Yangon

## ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်း ခိုးမှုကျူးလွန်သူနှစ်ဦးကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် (၁၇)ရပ်ကွက် ငုရွှေဝါလမ်း အမှတ်(၈၈၂)နေ ဦး--- သည် အောက်တိုဘာ ၁၃ ရက် နံနက် ၁ နာရီခွဲက အိပ်ရာမှနိုးစဉ် အိပ်ခန်း အတွင်း အားသွင်းထားသော ဟွာဝေး ဖုန်းတစ်လုံးနှင့် ASUS Laptop တစ်လုံး၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၆၀၀၀၀ ခန့်မှာ ပျောက်ဆုံးနေသဖြင့် ပစ္စည်းများ ခိုးယူသွားသူအား အရေးယူပေးရန် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ရွှေထူးဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် အောက်တိုဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် ဖမ်းဆီးစစ်ဆေးခဲ့ရာမှ ခိုးယူပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ ရွှေထူးအား အခြားခိုးမှုများ ကျူးလွန်ထားခြင်း ရှိ/မရှိ စစ်ဆေးရာ ၎င်း၏သူငယ်ချင်းဖြစ်သူ သက်နိုင်ထွန်း(ခ)ဖိုးတေနှင့်အတူ ၂၀၁၉ ခုနှစ် ဇွန်လ၊ စက်တင်ဘာလနှင့် အောက်တိုဘာလများအတွင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၈)ရပ်ကွက်ရှိ နေအိမ်ခုနစ်အိမ်၊ (၅၄)ရပ်ကွက်ရှိ နေအိမ်နှစ်အိမ်၊ (၇၀)ရပ်ကွက် ရာဇသင်္ကြန်လမ်းမရှိ နေအိမ်တစ်အိမ်၊ (၁၉) ရပ်ကွက်ရှိ နေအိမ်တစ်အိမ်နှင့် (၁၇) ရပ်ကွက်ရှိ နေအိမ်တစ်အိမ်တို့အတွင်းမှ စုစုပေါင်း Laptop နှစ်လုံး၊ ဖုန်း ၁၀ လုံးနှင့် ရွှေထည်ပစ္စည်းများအား ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေး ပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ ရွှေထူးနှင့် သက်နိုင်ထွန်း(ခ)ဖိုးတေတို့နှစ်ဦးအား ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ရွှေထူးနှင့် သက်နိုင်ထွန်း(ခ)ဖိုးတေတို့အား ခိုးယူပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား




## သီပေါမြို့ စံဖိတ်ကျေးရွာ၌ ဘုရားမီးပူဇော်ရာမှ နေအိမ်တစ်လုံးမီးလောင်

**သီပေါ အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စံဖိတ်ကျေးရွာအုပ်စု စံဖိတ်ကွက်သစ်ရပ်မှ ဒေါ်သန်းငွေ၏ နေအိမ်၌ အောက်တိုဘာ ၂၃ ရက် ည ၈ နာရီခန့်က ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ နေအိမ်မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ သီပေါမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်း ကြီးကြပ်သော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ပတ်ဝန်းကျင်နေအိမ်များသို့ မီးကူးစက်လောင်ခြင်းမရှိဘဲ ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် လုံးဝမီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဒေါ်သန်းငွေအား သီပေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုင်း(သီပေါ)

## ဖားကန့်၌ စွန့်ပစ်မြေစာပုံပြိုကျ၍ ရေမဆေးကျောက်ရှာဖွေသူတစ်ဦး သေဆုံး

**ဖားကန့် အောက်တိုဘာ ၂၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မော်မောင်းလယန်ကျေးရွာအနီးရှိ လုပ်ငန်းရပ်နားထားသည့် ကျောက်မျက်တူးဖော်ရေးလုပ်ကွက်၌ အောက်တိုဘာ၂၃ ရက် နံနက်ပိုင်းက စွန့်ပစ်မြေစာပုံ ပြိုကျခဲ့၍ ရေမဆေးကျောက်ရှာဖွေသူတစ်ဦး သေဆုံးခဲ့ကြောင်း ဖားကန့်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၃ ရက် နံနက် ၁၁ နာရီခန့်က ဖားကန့်မြို့နယ် မော်မောင်းလယန်ကျေးရွာအနီးရှိ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းရပ်နားထားသည့် ကချင်တိုင်းရင်းသားအကျိုးတူ (KNDCP) ကျောက်မျက်တူးဖော်ရေးကုမ္ပဏီလုပ်ကွက်၌ မြေစာပုံပြိုကျရာမှ ရေမဆေးကျောက်ရှာဖွေသူ အောင်နိုင်ဝင်း (၃၇နှစ်)အား ပိမိခဲ့ပြီး အနီးရှိ ရေမဆေးကျောက်ရှာဖွေသူများက တူးဖော်ကယ်တင်ခဲ့သော်လည်း သေဆုံးလျက် တူးဖော်ရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူ အောင်နိုင်ဝင်း၏ ရုပ်အလောင်းကို ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ဖားကန့်မြို့မရဲစခန်းမှ သေမှုသေခင်းဖွင့်လှစ်ထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

## တားမြစ်ဆေးများ မီးရှို့ဖျက်ဆီး

**အမ်း အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ အခြားမိတ်ဖက်ဌာန/အဖွဲ့အစည်းများဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ စည်ပင်၊ ကျန်းမာရေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပူပေါင်းကာ အောက်တိုဘာ ၅ ရက်က တပ်တောင်မြို့ အမှတ်(၃) ရပ်ကွက် ဈေးအပြင်တန်းအတွင်းရှိ ဆေးဆိုင်ခုနစ်ဆိုင်အား ရှောင်တခင်စစ်ဆေးခဲ့ရာ FDA မှ တားမြစ်ထုတ်ပြန်ထားသော သစ္စာရှင်နှင့် ရွှေဆေးအမှတ်တံဆိပ် အဆစ်အမျက်နာ အကိုက်ခဲပျောက်ဆေး ၆၅၇ ထုပ်ကို သိမ်းဆည်းရမိခဲ့သည်။

၎င်းသိမ်းဆည်းရမိခဲ့သော သစ္စာရှင်နှင့်ရွှေဆေးအမှတ်တံဆိပ် အဆစ်အမျက်နာအကိုက်အခဲပျောက်ဆေး ၆၅၇ ထုပ်ကို အောက်တိုဘာ ၂၃ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပဥ္စမအကြိမ်မြောက်ရက္ခပူရ သာသနာလင်္ကာရစာမေးပွဲ

**ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် သံဃာတော်အရှင်သူမြတ် တို့ဘုရား**

ပဥ္စမအကြိမ်မြောက် ရက္ခပူရသာသနာလင်္ကာရစာမေးပွဲကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ၁၃၈၁ခုနှစ် တပို့တွဲလဆန်း ၃/၄/၅ရက်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇/၂၈/၂၉ ရက်များတွင် ကျင်းပ၍ စာအောင်ဆုနှင်းသဘင်ကို တပို့တွဲလဆန်း ၈ရ က်၊ ဖေဖော်ဝါရီ ၁ရက် ၂၀၂၀ ပြည့်နှစ် (စနေနေ့)တွင် စစ်တွေမြို့၊ ဦးဥတ္တမခန်းမ၌ ကျင်းပ မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စာမေးပွဲဝင်ခွင့်လျှောက်လွှာများကို အောက်ပါသတ်မှတ်ချက်များ နှင့်အညီ တန်ဆောင်မုန်းလပြည့်နေ့ ၁၁-၁၁-၂၀၁၉ရက် နောက်ဆုံးထား၍ အောက်ပါအတိုင်းတင်သွင်းနိုင်ပါသည်။

| | | |
|---|---|---|
| ပထမအဆင့် | - | မည်သည့်ရဟန်း၊ သာမဏေ၊ သီလရှင်မဆို အသက်အကန့်အသတ်မရှိဖြေဆိုခွင့်ရှိပါသည်။ |
| ဒုတိယအဆင့် | - | ရက္ခပူရသာသနာလင်္ကာရစာမေးပွဲပထမအဆင့် အောင်မြင်ပြီး အောင်လက်မှတ်တင်ပြနိုင်သော သံဃာတော်များသာ ဖြေဆိုခွင့်ရှိပါသည်။ |
| တတိယအဆင့် | - | ရက္ခပူရသာသနာ လင်္ကာရစာမေးပွဲဒုတိယအဆင့် အောင်မြင်ပြီး အောင်လက်မှတ်တင်ပြနိုင်သောသံဃာတော်များ သာဖြေဆိုခွင့်ရှိပါသည်။ |

မှတ်ချက် ။ ။ ၁။ ရခိုင်ပြည်နယ်၌ ဝါကပ်တော်မူကြသည့်ရဟန်း၊ သာမဏေများသည် ဥပစာတန်းများနှင့်မူလတန်းကို ဝင်ရောက်ဖြေဆိုခွင့်ရှိပါသည်။
၂။ ၃၀-၁-၂၀၂၀ ရက်၌ ညဝါစာမေးပွဲကိုလည်း ဝင်ရောက်ဖြေဆိုနိုင်ပါသည်။

**လျှောက်လွှာတင်ရမည့်လိပ်စာ**

(၁) ဦးမြင့်ဦး၊ ဥက္ကဋ္ဌ၊ ရက္ခပူရသာသနာလင်္ကာရအသင်း၊ ၃တ-၅၇၊ ဦးဥတ္တမလမ်း၊ ရှုပမြောက်ရပ်ကွက်၊ စစ်တွေမြို့ ဖုန်း-၀၉-၄၅၀၅၃၉၈၃၀၊ ၀၉-၄၅၄၈၃၉၉၂၄
(၂) ဇေတဝန်အောင်စံကျောင်းတိုက်၊ ကျေးတမာလမ်း၊ (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၂၁၀၇၇၁၃၇
(၃) သစ္စာမဏ္ဍိုင်ပိဋကတ်စာအုပ်ဆိုင်အမှတ်၂/၃၊ ရွှေတိဂုံဘုရားကြီးဈေးတော်ရုံ တောင်ဘက်မုခ်၊ အမှတ်-၆၂/၆၃/၆၄၊ ရွှေတိဂုံဘုရား၊ ဒဂုံစာတိုက်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၇၈၄၉၊ ၀၉-၃၂၃၆၃၈၉၁

မှတ်ချက် ။ အသေးစိတ်အချက်အလက်များကို အထက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း လျှောက်ထားအပ်ပါသည်။

### ဒုတိယအကြိမ် ညဝါစာမေးပွဲအတွက်သိရှိနိုင်ရန်

**ညဝါကျမ်းများကို အတန်းလိုက်ပိုင်းခြားပြဋ္ဌာန်းခြင်း**

(၁) ဥပစာတန်းအတွက် အစိုးရမူလတန်းညဝါ
(၂) ပထမအဆင့် ပထမငယ်တန်းညဝါ
(၃) ဒုတိယအဆင့်တွင် ပထမလတ်တန်းညဝါ
(၄) တတိယအဆင့်တွင် ပထမကြီးတန်းညဝါ တို့ဖြစ်ကြပါသည်ဘုရား။

**၎င်းဘာသာရပ်များကို စာဖြေရှင်များသည်**

(က) သာမဏေကျော်ကျမ်းရင်းများဖြေဆိုပြီးနောက် စတုတ္ထနေ့တွင်ဖြေဆိုရပါမည်။
(ခ) အဆင့်(၄)ဆင့်လုံးစီ၌ (၁၀)ပုစ္ဆာအတွင်းဆိုင်ရာပြဋ္ဌာန်းကျမ်းစာများကို အားလုံးပါဝင်အောင်မေးခွန်းထုတ်မည်ဖြစ်ပါသည်။ ဆိုလိုသည်မှာတတိယအဆင့်တွင် အထက်ယမိုက်နှင့်ပဋ္ဌာန်းဘာသာရပ်များကို မေးခွန်းလွှာတစ်ရွက်တည်းပေါင်း၍ (ယမိုက်-၅ပုစ္ဆာ၊ ပဋ္ဌာန်း-၅ပုစ္ဆာ)စစ်ဆေးမည်ဟုဆိုလိုပါသည်။ ဒုတိယအဆင့်စသည်၌လည်း ထိုနည်းအတိုင်းပင်။
(ဂ) ညဝါမကျွမ်းကျင်သေးသောစာသင်သားများ မဖြေလိုကမဖြေဆိုဘဲ နေနိုင်ပါသည်။
(ဃ) ညဝါဘာသာရပ်များကို မည်သည့်အတန်းကဖြစ်စေ ဝင်ရောက်ဖြေဆိုနိုင်ပါသည်။

ဥပမာ - တတိယစာဖြေရှင်တစ်ပါးသည် ပထမအဆင့်ညဝါက စတင်ဖြေဆိုလိုသော် ဖြေဆိုခွင့်ရှိသည်။

ညဝါဘာသာရပ်များကို သုံးဆင့်လုံးအောင်မြင်ပြီးသောအခါ ထိုစာသင်သားအား အဘိဓမ္မာ(ညဝါ)အထူးပြုဘာသာရပ်ဖြင့် ရရှိတော်မူသည်ဟု အောင်လက်မှတ်၌ ရိုက်နှိပ်ဖော်ပြခြင်းခံရပါမည်။

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၁၉-၂၀၂၀ပညာသင်နှစ်အတွက် ဒီပလိုမာညနေပိုင်း(ပထမနှစ်) ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် ၂၀၁၉-၂၀၂၀၊ ပညာသင်နှစ်အတွက် A.G.T.I ဒီပလိုမာ ညနေပိုင်း၊ ပထမနှစ်သင်တန်းသား များ ခေါ်ယူမည်ဖြစ်ပါသည်။
၂။ လျှောက်ထားသူသည်-
(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများ သို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများ ပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည် ဖြစ်စေ လျှောက်ထားနိုင်သည်။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့်သင်္ချာ စုစုပေါင်းရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။
(ဃ) အစိုးရနည်းပညာအလယ်တန်းကျောင်း အောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။
၃။ ဖွင့်လှစ်သင်ကြားပေးမည့်သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မြို့ပြအင်ဂျင်နီယာ
(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) စက်မှုအင်ဂျင်နီယာ
၄။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက A.G.T.I ဒီပလိုမာ အောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။
၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ ၃၁-၁၀-၂၀၁၉ ရက် တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၁၉-၁၁-၂၀၁၉ရက် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်။
၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်။
(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
(ခ) ကျန်းမာရေးကောင်းမွန်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာ(မူရင်း)။
(ဂ) သက်ဆိုင်ရာမှတရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း(မူရင်း)။
(ဃ) အစိုးရနည်းပညာအထက်တန်းကျောင်း အောင်မြင်သူဖြစ်ပါက သက်ဆိုင်ရာကျောင်းမှ တရားဝင်ထုတ်ပေးထားသည့် အောင်လက်မှတ် (မူရင်း/မိတ္တူ) နှင့် အမှတ်စာရင်း(မူရင်း)(သို့မဟုတ်) အောင်လက်မှတ်မရှိပါက အောင်မြင်ကြောင်း ထောက်ခံစာ (မူရင်း)။
(င) လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား(မိတ္တူ)။
(စ) ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။
၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)ဖုန်း- ၀၉-၄၄၃၉၇၃၆၀၆၊ ၀၉-၄၄၃၉၇၃၆၀၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ အဆောက်အအုံ (၂)ခုနှင့် အခန်း(၁)ခန်းတို့အား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (၅)နှစ်သက်တမ်း၊ (၁)နှစ်တစ်ကြိမ် စာချုပ်စနစ်၊ ငှားရမ်းမှုတန်ဖိုး၏ (၁)လစာအား စပေါ်ငွေအဖြစ်ထားရှိ၍ ငှားရမ်းခနှင့် ကုန်သွယ်လုပ်ငန်းခွန်(၅%)တို့အား (၁၂)လစာ ကြိုတင်ပေးသွင်းခြင်းစနစ်ဖြင့် နှစ်စဉ်ငှားရမ်းခကို ၅% တိုးမြှင့်၍ ငှားရမ်းရန် အိတ်ဖွင့် တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) Lot(1) ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၄၀၀/၄၀၆)ရှိ အဆောက်အအုံ(၁)ခု။
Lot (2) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ကုန်သည်လမ်း နှင့်ပန်းဆိုးတန်းလမ်းထောင့်၊ အမှတ်(၅၄၂)ရှိ အဆောက် အအုံ(၁)ခု
Lot(3) ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၅၇၉)ရှိ အခန်း(၁)ခန်း။

| | | |
|---|---|---|
| (ခ) တင်ဒါပုံစံရောင်းချမည့်နေ့ရက် | - | ၂၅-၁၀-၂၀၁၉ရက်မှ ၂၇-၁၁-၂၀၁၉ ရက်အထိ (ရုံးချိန်အတွင်း) |
| (ဂ) တင်ဒါပိတ်မည့် နေ့ရက်/အချိန် | - | ၂၇-၁၁-၂၀၁၉ရက်(၁၅:၀၀) နာရီ |
| (ဃ) တင်ဒါပုံစံရောင်းချမည့်နေရာ | - | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော် |
| (င) တင်ဒါစည်းကမ်းချက် ရှင်းလင်းမည့်နေ့ရက်/အချိန် | - | ၂၈-၁၁-၂၀၁၉ ရက် (၁၂:၀၀)နာရီ |
| (စ) တင်ဒါတင်သွင်းဖွင့်ဖောက်မည့် နေ့ရက်/အချိန်/နေရာ | - | ၂၈-၁၁-၂၀၁၉ရက် (၁၃:၀၀)နာရီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော် |

၂။ တင်ဒါဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင်ဝန်ကြီးဌာန၊ တင်ဒါ ကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။
၃။ ကုန်သွယ်ရေးဦးစီးဌာနမှ ငှားရမ်းမည့် အဆောက်အအုံ/အခန်းများ၏ မျက်မြင် အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွား ရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံ ရောင်းချမည့် နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၈၄၁၀ သို့ ဖြစ်စေစုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ဇုန်အလိုက်ရေဖြန့်ဖြူးရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း
## စိတ်ပါ ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာတင်သွင်းရက် ပြင်ဆင်သတ်မှတ်ကြောင်းကြေညာခြင်း

၁။ ရန်ကုန်မြို့တော်တွင် ဇုန်အလိုက်ရေဖြန့်ဖြူးရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆိုင်ရာလုပ်ငန်းများအတွက် Public-Private Partnership (PPP) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် ပြည်တွင်း/ပြည်ပ သို့မဟုတ် ဖက်စပ်ကုမ္ပဏီများ အား စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာများ ၂၈-၁၀-၂၀၁၉ရက် ၁၅:၀၀နာရီမတိုင်မီ တင်သွင်းနိုင်ရန် ၂၇-၈-၂၀၁၉ရက် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများတွင် ကြေညာဖိတ်ခေါ်ထားခဲ့ပါသည်။
၂။ သို့ရာတွင် အဆိုပါသတ်မှတ်နေ့ရက်အား အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာခဲ့ပါသဖြင့် အိတ်ပိတ်ထားသည့် EOI အဆိုပြုလွှာများအား ရုံးဖွင့်ရက်ဖြစ်သည့် ၂၀၁၉ခုနှစ် အောက်တိုဘာလ ၂၉ရက်နေ့ (အင်္ဂါနေ့) ၁၅:၀၀နာရီမတိုင်မီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ရုံး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ၁၂ထပ်ခွဲရုံးသစ်၊ အမှတ်(၃၉၀)၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင် လာရောက်တင်သွင်းရန် ပြင်ဆင်သတ်မှတ်ကြေညာအပ်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကယားပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## လမ်း/တံတားလုပ်ငန်းများအတွက် (၁/၂၀၁၉-၂၀၂၀) ပစ္စည်းတင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကယားပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လွိုင်ကော်ခရိုင်နှင့်ဘောလခဲခရိုင်၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်းရှယ်စုံ၊ သစ်ခွဲသား၊ ဒီဇယ်ဆီ၊ ကျောက်ရှယ်စုံ၊ သဲနှင့်တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ ဝယ်ယူလိုသော ပစ္စည်းအမျိုးအစားအလိုက်အရေအတွက်၊ အသေးစိတ်အချက်အလက်များနှင့်လုပ်ငန်းတင်ဒါလျှောက်လွှာများကို အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| (က) စတင်ရောင်းချမည့်ရက်/အချိန် | - | ၂၃-၁၀-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ရုံးချိန်အတွင်း |
| (ခ) အရောင်းပိတ်မည့်ရက်/အချိန် | - | ၂၂-၁၁-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄နာရီ |
| (ဂ) တင်ဒါရွေးချယ်မည့်ရက်/အချိန် | - | ၂၆-၁၁-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၉:၃၀နာရီ |
| (ဃ) ရောင်းချမည့်နေရာ | - | လမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ |

၃။ အသေးစိတ်သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လွိုင်ကော်ခရိုင်၊ ဘောလခဲခရိုင် ဖုန်း-၀၈၃-၂၂၂၄၂၅၂၊ ၀၉-၇၈၇၀၀၀၉၉၉၊ ၀၉-၇၇၆၉၉၃၅၅၀၊ ၀၉-၇၈၁၂၈၀၀၃၂ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်အတွင်းရှိ ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ) ဖြင့်ဝယ်ယူလိုပါသည်။
၂။ ဝယ်ယူလိုသည့် ပစ္စည်းအမျိုးအမည်၊ အရေအတွက်စာရင်း၊ တင်ဒါစည်းကမ်းသတ်မှတ်ချက်၊ တင်ဒါလျှောက်လွှာပုံစံများကို (၄-၁၁-၂၀၁၉)ရက်မှစ၍ မြောင်းမြခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြောင်းမြမြို့နယ် -ဖုန်း-၀၉-၄၅၁၅၅၅၁၀၁သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့် ရက်/အချိန် | - | ၂၆-၁၁-၂၀၁၉ရက် (၁၃:၀၀)နာရီ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၂၇-၁၁-၂၀၁၉ရက် (၁၃:၀၀)နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့ |

**တင်ဒါခေါ်ယူရေးကော်မတီ**
**မြောင်းမြခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
## ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အောက်တိုဘာမှ စက်တင်ဘာ) အထိ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ရန် အတွက် လုပ်ငန်းများအား (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ခေါ်ယူအပ်ပါသည်။

| စဉ် | လုပ်ငန်းအမျိုးအစား |
|---|---|
| ၁ | ပြည်နယ်ထွေ/အုပ်ရုံး (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းနေအိမ်(၁)လုံးဆောက်လုပ်ခြင်း(၆၁'-၆"x၅၁')RC |
| ၂ | တနိုင်းမြို့နယ်(၆)ခန်းတွဲ(၁)ထပ်ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း(၁၀၈'x၃၂'x၁၁')RC |
| ၃ | အင်ဂျန်းယန်မြို့နယ်(၄)ခန်းတွဲ(၂)ထပ်ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း(၆၁'-၆"x၅၁')RC |
| ၄ | ချီဖွေမြို့နယ် OSSရုံးဆောက်လုပ်ခြင်း(၄၅'x၃၀')RC |
| ၅ | ဆော့လော်မြို့နယ်(၄)ခန်းတွဲ(၁)ထပ် ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း(၆၁'-၆"x၅၁')RC |
| ၆ | မိုးညှင်းခရိုင်(၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း(၆၁'-၆"x၅၁')RC |
| ၇ | မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူးနေအိမ်ဆောက်လုပ်ခြင်း(၄၀'x၃၀'x၁၂')(RC) |
| ၈ | နန့်မွန်းမြို့အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း(၁၄၄'-၉"x၇၆'-၉")(RC) |
| ၉ | မိုးကောင်းမြို့နယ်(၄)ခန်းတွဲ(၂)ထပ်ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း(၁၀၀'x၃၂'x၂၃')(RC) |
| ၁၀ | မိုးမောက်မြို့နယ်(၄)ခန်းတွဲ(၂)ထပ်ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း(၁၀၆'-၄"x၃၂'-၆"x၂၂')RC |
| ၁၁ | ပူတာအိုမြို့နယ်အုပ်ချုပ်ရေးမှူးနေအိမ်တည်ဆောက်ခြင်း (၄၀'x၅၄')(RC) |
| ၁၂ | မချမ်းဘောမြို့နယ်၊ ဂူဘားရိပ်သာခြံစည်းရိုး Chain Link နှင့်အုတ်တိုင်စိုက်ခြင်း(၇၉၁'x၆'x၃') |
| ၁၃ | ခေါင်လန်ဖူးမြို့နယ်ရုံး ခြံစည်းရိုးကာရံခြင်း (၁၁၇၉'x၇')(ကွန်ကရစ်တိုင်၊ သွပ်ဆူးကြိုး) |

(က) တင်ဒါလျှောက်လွှာပုံစံထုတ်ပေးမည့်ရက် -၂၄-၁၀-၂၀၁၉ရက်မှ ၂၂-၁၁-၂၀၁၉ရက်အထိ
(ခ) တင်ဒါလျှောက်လွှာတင်သွင်းမှုပိတ်သိမ်းမည့်ရက် - ၂၂-၁၁-၂၀၁၉ရက် (၁၆:၀၀နာရီ)
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ဌာနခွဲ(၁)၊ ဌာနစု(၁)၊ ဘဏ္ဍာ/ငွေစာရင်းဌာန၊ ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဖုန်း-၀၇၄-၂၅၂၂၆၆၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၃/၂၀၁၉-၂၀၂၀)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၁၂)၊ မတူပီမြို့ မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မုံရွာ(ညောင်ပင်ကြီး) ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်းနှင့် အောင်မြင်(ဂန့်ဂေါ)-အိုက္ကားလမ်း လုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | ၂၅-၁၀-၂၀၁၉ရက် မှ ၁၅-၁၁-၂၀၁၉ ရက်အထိ(နံနက် ၉:၃၀ နာရီ-ညနေ ၄:၀၀နာရီ) |
| (ခ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်ရမည့်ရက်/အချိန် | - | ၂၂-၁၁-၂၀၁၉ရက် (ညနေ ၃:၀၀နာရီ) |
| (ဂ) တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၂၇-၁၁-၂၀၁၉ရက် (နံနက် ၉:၃၀နာရီ) |
| (ဃ) တင်ဒါဖွင့်မည့်နေရာ | - | ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟားခါးမြို့ |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၂)၊ ဒု-ညွှန်ကြား ရေးမှူး(မြို့ပြ)ရုံး၊ မတူပီမြို့ ဖုန်း-၀၉-၇၇၄၈၅၄၃၄၇၊ ၀၉-၇၈၀၅၃၀၀၁၈တို့သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ပါလုပ်ငန်း(၃)မျိုးအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် မြန်မာနိုင်ငံသားလုပ်ငန်း ရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

(က) ဒက္ခိဏခရိုင်ရုံးများရေပေးရေးအတွက် ၆"စက်ရေတွင်းသွယ် တန်းခြင်းနှင့်လျှပ်စစ်သွယ်တန်းခြင်း - Lot(1)
(ခ) ဒက္ခိဏသီရိမြို့စုပေါင်းရုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်ခြင်း - Lot(2)
(ဂ) ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းအထူးရပ်ကွက်ရေပေးရေး ရေကူပိုက်သွယ်တန်းခြင်း - Lot(3)

| | | |
|---|---|---|
| တင်ဒါပုံစံထုတ်ပေးမည့်ရက် | - | ၂၅-၁၀-၂၀၁၉ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၂၅-၁၁-၂၀၁၉ရက်(၁၄:၀၀)နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | - | အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း/စည်းကမ်းအသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)ဖုန်း-၀၆၇-၄၀၃၂၁၉၊ ၀၉-၄၃၀၄၇၉၄ တို့သို့မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

Ju Hnin Mar Naing Trading Co,Ltd ၏ပို့ကုန်လိုင်စင်အမှတ်-MSE Q EL 5 181903863 (15-8-2019)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၂၃၃၁၇

## ပျောက်ဆုံးကြောင်း

Chit Oo Maung Co,Ltd ၏ ပို့ကုန်လိုင်စင်အမှတ် MSE Q EL 5 1819038859(14-8-2019) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၂၃၃၁၇

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/9477 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြည်) ပြည်မြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/3248 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဧယ/၇၂၇၆၄ Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပန်းအိဖြူ ၇/ပမန(နိုင်)၁၄၅၁၂၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပြည်) ပြည်မြို့

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး
## မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို (လုပ်ငန်းခွင်အရောက်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၂၉-၁၀-၂၀၁၉ရက် |
| **အချိန်** | | (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မိတ္ထီလာခရိုင် |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - | ၂၇-၁၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) |
| **အချိန်** | - | ညနေ ၄ နာရီ |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ လမ်း/တံတားတည်ဆောက်ရေးပစ္စည်းများ လိုအပ်ချက်နှင့် အသေးစိတ်လိုအပ်ချက်များကို သိရှိလို ပါက ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၆၄-၂၆၄၉၂**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် အသုံးပြုမည့် ဖိုက်ဘာလှေ (အင်ဂျင်အပါ)များကို ဝယ်ယူရန်အတွက် အိတ်ပိတ်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ **တင်ဒါပုံစံစတင်ထုတ်ယူ ရမည့်အချိန်** | - | ၂၅-၁၀-၂၀၁၉ရက် နံနက် ၁၀နာရီ |
| **တင်ဒါပုံစံများနောက်ဆုံး လာယူရမည့်ရက်** | - | ၃၁-၁၀-၂၀၁၉ရက် ညနေ ၄ နာရီ |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၅-၁၁-၂၀၁၉ရက် ညနေ ၄နာရီ |
| **တင်ဒါပုံစံများကို ထုတ်ယူရမည့်နေရာ** | - | ထောက်ပံ့၊ ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ၊ အမှတ် ၄၂၊ ကမ်းနားလမ်း၊ စတုတ္ထအထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ |

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိရန် -ဖုန်း-၀၉-၄၄၃၂၇၂၀၁၄သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ဒေါ်အေးအေးသန်း ၁၂/လမန(နိုင်)၀၁၈၀၈၇ ကိုင်ဆောင်သူနှင့် အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ကိုင်းတန်းလမ်း၊ အမှတ်-၆၁နေ ဒေါ်တင်တင်ဝင်း ၁၂/လမတ(နိုင်)၀၁၇၃၇၉ ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေနှင့်လူကြီးမင်းတို့သည် လူကြီးမင်း၏ညီအစ်မဝမ်းကွဲတော်စပ်သူ ဒေါ်မီမီပြုံး မိတ်ဆက်ပေးခြင်းကြောင့် ရင်းနှီးခဲ့သည်ကို လူကြီးမင်းအသိပင်ဖြစ်ပါသည်။ လူကြီးမင်းက လူကြီးမင်းပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မြေတိုင်းအမှတ်-၂၀/ခ၊ မြေကွက်အမှတ်-၇၁၊ ဦးဖိုးမှန်လမ်း၊ အမှတ်-၁၂(B)ဟုခေါ်တွင်သော ဧရိယာ (၂၃ပေx၂၂ပေx၁၃ပေx၂၂ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်၃ထပ်တိုက်၏ ပထမထပ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို ရောင်းချလိုကြောင်း ဒေါ်မီမီပြုံးမှတစ်ဆင့် ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်တင်တင်ဝင်းသို့ ကမ်းလှမ်းပြောကြားခဲ့သည်ကို လူကြီးမင်းသိရှိပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေကလည်း လူကြီးမင်းနှင့်ဒေါ်မီမီပြုံးတို့ကမ်းလှမ်းပြောဆိုမှုကို သဘောတူလက်ခံခဲ့ပြီး ၂၄-၅-၂၀၁၅ရက်တွင် မြေကွက်နှင့် တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ကို ချုပ်ဆိုပြုလုပ်၍ ဝယ်ယူပိုင်ဆိုင်လာခဲ့ပါသည်။ ထိုနေ့တွင်လူကြီးမင်းရောင်းချသည့်နေအိမ်တိုက်ခန်း၌ လူကြီးမင်းငှားရမ်းထားသည့် အိမ်ငှားများရှိနေသောကြောင့် ကျွန်ုပ်အနေဖြင့် စတိလက်ရောက်ရယူပြီး အဆိုပါအိမ်ငှားများကို ဆက်လက်ငှားရမ်းနေထိုင်စေခဲ့ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေအနေဖြင့် လူကြီးမင်းထံမှ မြေကွက်နှင့်တိုက်ခန်း ကိုဝယ်ယူခဲ့သော်လည်း နေထိုင်ရန် နေအိမ်တိုက်ခန်းရှိနေခြင်း၊ ဝယ်ယူထားသည့်တိုက်ခန်းနှင့်အလှမ်းဝေးနေခြင်းတို့ကြောင့် လူကြီး မင်းအားထိန်းသိမ်းစောင့်ရှောက်ရန် အကူအညီတောင်းခံအပ်နှံခဲ့သည်ကိုလည်း လူကြီးမင်းအသိပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေအနေဖြင့် အဆိုပါတိုက်ခန်းစတင်ငှားရမ်းစဉ်က ကျွန်ုပ်တို့မိတ်ဆွေအမည်ဖြင့် ငှားရမ်းခဲ့ပြီး ငှားရမ်းခများကို ကျွန်ုပ်တို့မိတ်ဆွေကိုယ်တိုင်အပြင် လူကြီးမင်းမှတစ်ဆင့် ရယူခဲ့သည်မှာ ၃၁-၁၀-၂၀၁၇ရက်ထိဖြစ်ပါသည်။ နောက်ပိုင်းလူကြီးမင်းက ကျွန်ုပ်တို့မိတ်ဆွေငှားရမ်းထားသည့် အိမ်ငှားများ ပြောင်းရွှေ့မည်ဖြစ်သောကြောင့် အိမ်ရှင်၊ အိမ်ငှားစာချုပ်ကို ခေတ္တခဏပေးအပ်ထားရန်၊အိမ်ငှားအသစ်ကိုလည်း လူကြီးမင်းက တာဝန်ယူရှာပေးမည်ဖြစ်ကြောင်းကျွန်ုပ်တို့မိတ်ဆွေသို့ ယုံကြည်အောင်ပြောဆိုပြီး အိမ်ငှားစာချုပ်ကို ရယူသွားခဲ့ပါသည်။ ထို့နောက်လူကြီးမင်းသည် တိုက်ခန်းထပ်မံငှားရမ်းသည့်အခါ ကျွန်ုပ်တို့ မိတ်ဆွေ၏ခွင့်ပြုချက်တစ်စုံတစ်ရာရယူခြင်းမရှိဘဲ တိုက်ခန်းပိုင်ရှင်နေရာတွင်လူကြီးမင်း၏ အမည်ဖြင့် အစားထိုးငှားရမ်းခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေကလည်း လူကြီးမင်းအား ယုံကြည်သောကြောင့် လူကြီးမင်းလုပ်ရပ်များကို ငြင်းဆန်ခဲ့ခြင်းမရှိပါ။ ထိုသို့ပြုလုပ်ခဲ့ပြီးနောက် လူကြီးမင်းအနေဖြင့် တိုက်ခန်းငှားရမ်းခများကို လူကြီးမင်းကိုယ်တိုင်ဖြင့်လည်းကောင်း၊ ဒေါ်မီမီပြုံးမှတစ်ဆင့်လည်းကောင်း ကျွန်ုပ်မိတ်ဆွေထံသို့ ပေးအပ်ခဲ့ပါသည်။ နောက်ပိုင်း၌လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေထံသို့ ပေးအပ်ရမည့်ငှားရမ်းခများကို ကုန်ကျစရိတ်အမျိုးမျိုးပြလျက် ပေးအပ်ခဲ့ခြင်းမရှိပါ။ ကျွန်ုပ်တို့မိတ်ဆွေကလည်း လူကြီးမင်းထံသို့ငှားရမ်းခများပေးအပ်ရန် အတွက်လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ ဖုန်းဖြင့်ဆက်သွယ်၍လည်းကောင်း၊ ဒေါ်မီမီပြုံးမှတစ်ဆင့်လည်းကောင်း အကြိမ်ကြိမ် တောင်းခဲ့သည့်အခါ လူကြီးမင်းကအတွေ့မခံဘဲရှောင်တိမ်းနေခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်သည်ကို လူကြီးမင်းအသိပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းအနေဖြင့် ဤသတင်းစာကြော်ငြာပါရှိသည့် ၁၄ရက်အတွင်း ကျွန်ုပ်တို့မိတ်ဆွေတရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် မြေကွက်နှင့်လူကြီးမင်းအားယုံကြည်သောကြောင့် အပ်နှံ၍ ငှားရမ်းစေခဲ့သောတိုက်ခန်းကို ငှားရမ်းယူထားသူများ ဖယ်ရှားပြီး ကျွန်ုပ်တို့မိတ်ဆွေထံသို့ အလွတ်လက်ရောက်ပြန်လည်အပ်နှံရန် အလေးအနက်သတိပေး အကြောင်းကြားသိစေအပ်ပါသည်။ ဒေါ်အေးအေးသန်းထံမှ လက်ရှိငှားယူထားသူတိုက်ခန်းငှားသူများအနေဖြင့် ငှားရမ်းသည့်ကိစ္စအရပ်ရပ်တို့ကို ဒေါ်အေးအေးသန်းနှင့်သာ ဖြေရှင်းကြရန်အသိပေးအပ်ပါသည်။

လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ပါက ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရားရုံးကုန်ကျစရိတ်အရပ်ရပ်တို့သည်လည်း လူကြီးမင်းဒေါ်အေးအေးသန်းအပေါ်တွင် ကျရောက်လိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်အောင်စိုး**
**LL.B,C.B.L,D.B.L.D.I.L**
**(စဉ်-၁၁၂၈၅)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးအောင်သူစိုး | ဦးဖြိုးသက်ဝင်း | ဦးဝဏ္ဏစည်သူမိုး | ဒေါ်မေသူဆွေ |
|---|---|---|---|
| LL.B,B.Sc(Engg) | LL.B | LL.B | LL.B |
| (စဉ်-၃၉၂၇၁) | (စဉ်-၄၂၀၂၅) | (စဉ်-၄၇၁၃၂) | (စဉ်-၄၄၁၆၄) |

**အထက်တန်းရှေ့နေများ**
**အမှတ်(၁၆-က)၊ ပထမထပ်(ခြေရင်းခန်း)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၄၀၃၁၈၃၊ ၀၉-၆၉၅၄၀၃၁၈၃၊ ၀၉-၇၆၅၄၀၃၁၈၃**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက် (တနင်္လာနေ့) သည် အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## (Expression of Interest-EOI)တင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမြို့နယ်၊ ဇီးကုန်းကျေးရွာအုပ်စုရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဧရိယာအကျယ် (၃၆ဒသမ၄၀ဧကေ)ပေါ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့်စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ(EOI)အား ဆောင်ရွက်လိုသည့် Business Model နှင့်အတူ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **EOI ပုံစံထုတ်ယူရန်နှင့် တင်သွင်းရမည့်နေရာ** | - | ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးရုံးခန်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| (ခ) | **EOI ပုံစံထုတ်ယူနိုင်သည့်ရက်** | - | ၂၅-၁၀-၂၀၁၉ရက် |
| (ဂ) | **EOI ပုံစံနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** | - | ၂၄-၁၁-၂၀၁၉ရက် ညနေ ၁၆:၃၀နာရီ |

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၄၃-၂၀၂၂၆၅၁ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁၀-၂၀၁၉ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၁) မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ကြော်ငြာတွင် အမှတ်စဉ်(၂) မော်လမြိုင်ခရိုင် ဖုန်း-၀၅၇-၂၀၂၅၂၇အစား ဖုန်း-၀၅၇-၂၀၂၅၈၂၇ ဟုလည်းကောင်း၊ အမှတ်စဉ်(၂) (ဂ)တွင် မော်လမြိုခရိုင်အား မော်လမြိုင်ခရိုင်ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

Right Guide International Co,Ltd ၏ထုတ်ကုန်/သွင်းကုန် လိုင်စင် အမှတ်-38460 (10-12-15) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌
## (သီဝမ်းဂရု(ပ်)အော့ဖ်ကုမ္ပဏီလီမိတက်၏အရေး၌)
## ၂၀၁၉ခုနှစ် တရားမအထွေထွေလျှောက်လွှာအမှတ်-(၁၄၈)

| | | |
|---|---|---|
| ဦးမျိုးမြင့်အောင် | **နှင့်** | သီဝမ်းဂရု(ပ်)အော့ဖ်ကုမ္ပဏီလီမိတက်၊ |
| အခန်း ၁၅၀၇၊ ရွှေဟသ်ာကွန်ဒို၊ | | (The One Group of |
| တာဝါ(ဘီ) ရွှေဟင်္သာလမ်း၊ | | Company Ltd.) အမှတ်(၁၁၇)၊ |
| လှိုင်မြို့နယ်၊ | | အနောက်ရွှေဂုံတိုင် လမ်း၊ |
| ရန်ကုန်တိုင်းဒေသကြီး | | အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ |
| | | ဗဟန်းမြို့နယ်၊ |
| | | ရန်ကုန်တိုင်းဒေသကြီး |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |

အမှတ်(၁၁၇)၊ အနောက်ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရုံးခန်းဖွင့်လှစ်ထားသော သီဝမ်းဂရု(ပ်)အော့ဖ်ကုမ္ပဏီလီမိတက်၊ (The One Group of Company Ltd.)ကို တရားရုံး၏အမိန့်အရစာရင်းရှင်းလင်းဖျက်သိမ်းရန် မြန်မာနိုင်ငံကုမ္ပဏီဥပဒေပုဒ်မ-၂၉၈(စ)အရ လျှောက်ထားသောအမှုတွင်-

အထက်အမည်ပါကုမ္ပဏီကိုစာရင်းရှင်းလင်းဖျက်သိမ်းပေးရန်လျှောက်ထားသူက ၂၀၁၉ခုနှစ် အောက်တိုဘာ(၈)ရက်တွင် ဤတရားရုံးသို့ လျှောက်ထားသည်ဖြစ်၍ အဆိုပါလျှောက်လွှာကို (ကောဇာသက္ကရာဇ် ၁၃၈၁၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်) ၂၀၁၉ခုနှစ် နိုဝင်ဘာ ၁၈ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဒုတိယခရိုင်တရားသူကြီး(၄)ရုံး၌ နံနက် ၁၀နာရီအချိန်တွင် စစ်ဆေးကြားနာမည်ဖြစ်ရာ အထက်ပါဥပဒေအရအဆိုပါ ကုမ္ပဏီအားဖျက်သိမ်းရန်အမိန့်ထုတ်ပေးခြင်းအပေါ် ကန့်ကွက်လိုသော်လည်းကောင်း၊ ကုမ္ပဏီ၏ မြီရှင်၊ ကြွေးမြီကူညီပေးဆပ်သူသို့မဟုတ်၊ အစုပါဝင်သူ တစ်ဦးတစ်ယောက် တို့သည်၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်းတို့၏အခွင့်အမိန့်ရရှေ့နေတစ်ဦးဦးနှင့်ဖြစ်စေ၊ မြန်မာနိုင်ငံကုမ္ပဏီများနည်းဥပဒေနှင့်အညီ ဆောင်ရွက်ပြီး ကြားနာစစ်ဆေးမည့် အဆိုပါချိန်းဆိုထားသည့်ရက်တွင် ထိုကိစ္စအတွက် လာရောက် ရန်ကြော်ငြာလိုက်သည်။ အောက်တွင်လက်မှတ်ရေးထိုးသူထံအဆိုပါကုမ္ပဏီ၏မြီရှင်၊ ကြွေးမြီကူညီပေးဆပ်သူ၊ သို့မဟုတ်အစုပါဝင်သူ၊ မည်သူမဆို ၎င်းလျှောက်ထားသည့်လျှောက်လွှာမိတ္တူတစ်စောင်ကို အလိုရှိပါက ၎င်းအတွက် သတ်မှတ်ထားသောနှုန်းပေးသွင်းလျှင် ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ဦးမင်းစိန်၊ တရားလွှတ်တော်ရှေ့နေ**
**(၁၆၉၉-၂၃/၈/၁၉၇၈)**
**၇ထပ်၊ ပန်းဆိုးတန်းအော့ဖစ်(စ်)တာဝါ**
**အမှတ် ၁၈၉-၁၉၅၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒ ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဒက္ခိဏခရိုင်တရားရုံးတော်၌
## ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၆

| | | |
|---|---|---|
| ဦးလှမိုး | **နှင့်** | ဒေါ်စန်းစန်းမြင့်(ခ)မမိငယ် |
| **တရားလို** | | **တရားပြိုင်** |

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာကျေးရွာနေ တရားပြိုင် ဒေါ်စန်းစန်းမြင့်(ခ)မမိငယ်(ဘ)ဦးလှမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလှမိုးက ကြီးလေးသောရက်စက်မှုကြောင့် လင်မယားကွာရှင်း ပြတ်စဲပေးစေလိုမှုနှင့် နှစ်ဦးပိုင်လက်ထပ်ပွားပစ္စည်းများအား ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ခုနှစ် နိုဝင်ဘာ ၁၅ရက် (၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၃ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူဝင်းလတ်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ဒက္ခိဏခရိုင်.တရားရုံး**

## ရောင်းပါမည်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ခရိုင်ချင်း ဆက်လမ်းမပေါ်ရှိ ဥယျာဉ်ခြံမြေများ(၃)ကေ၊ တစ်ကေ(၅၀)သိန်း၊ ၂၀ကေ၊ တစ်ကေ(၃၅)သိန်း၊ (၃၂)ကေ၊ တစ်ကေ(၄၅)သိန်း၊ (၇၀)ကေ၊ တစ်ကေ(၃၅)သိန်း

**ဖုန်း-၀၉-၄၂၃၆၆၁၉၃၇၊ ၀၉-၉၆၄၅၆၁၉၃၇**

## မြေရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ညောင်ပင်သာ မြောက်၊ မြေ(၁၅၀)ကေကျော် ကားလမ်းပေါက်သည်။

**ဖုန်း-၀၉-၉၆၅၀၃၆၁၆၄၊ ၀၉-၇၆၅၀၃၆၁၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/5138 Daihatsu Hijet S210P P/U(4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးနွယ် ၁၄/လပတ(နိုင်)၁၅၃၂၇၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ပဒေသာမြို့သစ် ၊ (၈)ရပ်ကွက်၊ ဦးပိုင်မြေကွက်အမှတ်(၃၅၆-၃၅၇)၊ မြေဧရိယာ (၀ဒသမ၁၁၀)ဧကရှိ မြေကွက်အား မြေပေးမိန့်ထုတ်ပေးရန်အတွက် ဒေါ်ခင်ဝင်းတင့်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးညဏ်ထက် ၉/ပဥလ(နိုင်) ၀၁၁၂၉၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၆/ပဒေသာ)၊ ဦးပိုင်အမှတ်(၁/ဒ)၊ ဧရိယာ(၀ဒသမ၀၈၅)ဧကရှိ မြေကွက်နှင့် ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၆/ပဒေသာ)၊ ဦးပိုင်အမှတ်(၁/န)၊ မြေယာအမှတ် (1/T)၊ ဧရိယာ(၀ဒသမ၁၂၈)ဧကရှိ မြေကွက်တို့အား ဒေါ်ခင်မာကြည် ၅/မရန(နိုင်)၁၃၃၂၂၂ မှ ပိုင်ဆိုင်ခဲ့ပြီး မြေငှားဂရန်သစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ (၂)ရပ်ကွက်၊ ကွင်းအမှတ်(၁၁/စဉ့်ကူးအရှေ့ကွင်း)၊ မြေကွက်အမှတ်(ဃ-၂၆)၊ မြေဧရိယာ ၀ဒသမ၀၈၆၉ ကရှိမြေအား မြေငှားဂရန်သစ်(ဂရန်သစ်၊ လူနေထိုင်ရန်)လျှောက်ထားနိုင်ရေး ဒေါ်သူဇာမြင့် ၉/စကန(နိုင်)၀၆၄၅၅၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/စဉ့်ကူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စဉ့်ကူးမြို့**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဖမိုင်ခွဲ၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀-၃၂)၊ (သားရေစက်ရုံအနီး)၊ မြေကွက်အမှတ်(၁၀/ဇ-၁)(၁၄-၁/န) မြေပိုင်မြေအမျိုးအစား မြေချိန်ဧရိယာ (၉.၈၂၈)ဧကရှိ လှိုင်မြို့နယ်၊ ရွှေဟင်္သာလမ်း၊ အမှတ်(၄၉၀)ဟုခေါ်တွင်သော မြေပိုင်မြေများနှင့် ပတ်သက်၍ အများသိစေရန်ကြော်ငြာ

အထက်ပါမြေဧရိယာ(၉.၈၂၈)ဧကအကျယ်အဝန်းရှိ မြေပိုင်မြေသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဗမာရော်ဘာနှင့်အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက် အမည်ဖြင့် မြေအမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်များဖြစ်ပါသည်။

ကုမ္ပဏီပိုင်ယင်းမြေကွက်များပေါ်တွင် ကျူးကျော်နေထိုင်သူမည်သူမျှ အဆောက်အအုံများဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ အိမ်ဆောက်ခွင့်ပြုမိန့် လျှောက်ထားရယူခွင့်မရှိပါ။

ထို့ပြင် အထက်ပါမြေကွက်များပေါ်တွင် ကျူးကျော်ဝင်ရောက်နေထိုင်သူများကိုမည်သူကမျှ နှစ်ကိုနှစ်ရှည်ဂရန်မြေအမည်ပေါက် ဂရန်ထုတ်ပေးခြင်းများပြုလုပ်ခွင့်မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။ ယခုကဲ့သို့ တားမြစ်ထားပါလျက် ဂရန်စာချုပ် ထုတ်ပေးခြင်းကို ဆောင်ရွက်ပါလျှင် ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဗမာရော်ဘာနှင့်အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်ကိုယ်စား**
**အုပ်ချုပ်မှု ဒါရိုက်တာ ဦးတိုးနီ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်မောင်ဆွေ (B.A(Law),LLB,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၃)**
**အမှတ်(၈၂)၊ ပထမထပ်၊ (၃၈)လမ်း၊**
**ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၀၉၁၆၇၊ ၀၉-၇၉၅၀၀၉၁၆၇၊ ၀၉-၉၆၅၀၀၉၁၆၇**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့၊ လမ်းအထူးအဖွဲ့(၁၀)မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၅ ရက်

**တင်ဒါပုံစံနောက်ဆုံးတင်ရမည့် ရက်နှင့်အချိန်** - ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက် ညနေ ၁၆:၃၀ နာရီ

**တင်ဒါဖွင့်မည့်ရက်နှင့်အချိန် ရက်နှင့်အချိန်** - ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၅ ရက် နံနက် ၀၉:၃၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဟားခါးမြို့၊ လမ်းအထူးအဖွဲ့(၁၀)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၇၀-၂၁၂၄၅တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါ သည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ချင်းပြည်နယ်၊ဟားခါးမြို့၊ လမ်းအထူးအဖွဲ့(၁၀)မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းသုံးပစ္စည်းများအား သက်ဆိုင်ရာလမ်းပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

**တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** - ၂၀၁၉ခုနှစ် အောက်တိုဘာ၂၅ ရက်

**တင်ဒါပုံစံ နောက်ဆုံး တင်ရမည့်ရက်နှင့်အချိန်** - ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက် ညနေ (၁၆:၃၀)နာရီ

**တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၅ ရက် နံနက် (၀၉:၃၀)နာရီ

**တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊လမ်းဦးစီးဌာန၊ ဟားခါးမြို့

၂။တင်ဒါလျှောက်လွှာပုံစံများကို ဟားခါးမြို့၊ လမ်းအထူးအဖွဲ့(၁၀)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၇၀-၂၁၂၄၅ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## မြစ်ကြီးနားခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားခရိုင်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း၊ တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို (လုပ်ငန်းခွင်အရောက်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့် ပစ္စည်းအမျိုးအမည်၊ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် စုံစမ်းမေးမြန်းနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံများကို ၁၁-၁၀-၂၀၁၉ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၁-၁၀-၂၀၁၉ ရက် (သောကြာနေ့)

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၁၁-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၆:၀၀ နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ယက္ကန်းကျောင်းလမ်း၊ ရောရပ်ကွက်၊ မြစ်ကြီးနားမြို့

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၇၄-၂၅၂၆၆၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ခုနှစ် နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လေးခန်းတွဲလေးထပ် ဆရာ ဆရာမဆောင် RC (၁၀၀'x၃၀')၊ အဆောင်အဝင်လမ်း(၁၀၀'x ၁၂'x၈")၊ ပြင်ပရေ (၄လက်မ အဝီစိတွင်း (၄၀၀')၊ ဂါလန် (၁၂၀၀၀) ဆံ့ မြေအောက်ရေလှောင်ကန် 5.5Hp Summersible pump နှင့် အဆောက်အအုံ) ပြင်ပမီးသွယ်တန်းခြင်းအပါအဝင် (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း

(ခ) ၁၆၀ ဦးဆံ့ ကျောင်းသား/သူအိပ်ဆောင် (၂)ထပ် RC (၁၂'x၁၃၂') (၂၆၉၂၄၈/ပေ) (၁)လုံးနှင့် ထမင်းစားဆောင် (၁၂၂'x၄၈') (၅၈၅၆စ/ပေ) (ရေမီးအပါအဝင်)၊ အဆောက်အဝင်လမ်း (၂၀၀'x၁၂'x၈")၊ ပြင်ပရေ(၄"အဝီစိတွင်း၊ ဂါလန်(၁၂၀၀၀)ဆံ့ မြေအောက်ရေလှောင်ကန် 5.5Hp Summersible pump နှင့် အဆောက်အအုံ) ပြင်ပမီးသွယ်တန်းခြင်းအပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်း

၂။ **တင်ဒါလျှောက်လွှာပုံစံများ** - ၂၆-၁၀-၂၀၁၉ ရက်
**စတင်ရောင်းချမည့်ရက်/အချိန်** နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၁၁-၂၀၁၉ ရက် ညနေ ၄:၃၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက ဒုတိယပါမောက္ခချုပ်ရုံး၊ ဖုန်း-၀၉-၂၄၀၀၁၂၇၈၊ စီမံရေးရာဌာန၊ ဖုန်း-၀၉-၆၉၃၃၅၃၉၅၉၊ ၀၉-၆၈၉၇၁၉၄၂၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)**

## ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## ဘားအံမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

| No.176(First Floor),Botahtaung Pagoda Road, Pazundaung Township, | K–9, Anawyahtar Industrial Zone. Hlaing Thar Yar Township, |
| Yangon Region. | Yangon Region. |

The Creditors of SBT MYANMAR COMPANY LIMITED are, therefore, requested to submit their claims together with supporting legal documents to the liquidators at the addresses given above,latest by 22nd, November' 2019

**U MIN HTAW MON**
**SBT MYANMAR COMPANY LIMITED**

## NOTICE PURSUANT TO THE SECTION 348 OF THE MYANMAR COMPANIES LAW SIAM CITY LAW (MYANMAR) COMPANY LIMITED (MEMBERS' VOLUNTARY WINDING UP)

**(Company Registration No.113874732)**

The Special Resolution of the General Meeting of **SIAM CITY LAW (MYANMAR) COMPANY LIMITED** on 22nd October 2019, and it was resolved;

(1) that SIAM CITY LAW(MYANMAR) COMPANY LIMITED be wound up voluntary with effect from (22–10–2019)

(2) that be appointed the following persons as Liquidators of the Company for by members' voluntary winding up.

**LIQUIDATORS**

| | |
|---|---|
| U YE NOOS(Supreme Court Advocate) | MR.CHAVALITUTTASART(Director) |
| YE NOOS & ASSOCIATES(Law Firm) | SIAM CITY LAW(MYANMAR) COMPANY LIMITED |
| No.176(First Floor), Botahtaung Pagoda Road, Pazundaung Township, Yangon Region | K–9,Anawyahtar Industrial Zone, Hlaing Thar Yar Township, Yangon Region. |

The creditors of SIAM CITY LAW (MYANMAR) COMPANY LIMITED are, therefore, requested to submit their claims together with supporting legal documents to the liquidators at the addresses given above, latest by 22nd, November 2019.

**MR.VIRAKAMMEE**
**SIAM CITY LAW (MYANMAR) COMPANY LIMITED**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် X/9016 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/2736 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/1374 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၆၂၈၄၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသူအောင် ၉/ပဘန(နိုင်)၁၆၁၃၉၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး တာဝန်ထမ်းဆောင်နေသော ဒေါ်နန်းခမ်းဦး၏ဖခင် လုံးအိန္တနှင့် ဦးအိန္တမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်ရွှေမြို့နယ်၊ အထက(အင်းယား)၊ တက္ကသိုလ်ဝင်တန်းမှ မူသူဇာဝင်း၏ ဖခင် ဦးပန်းရွှေနှင့် မောင်ရွှေ ၁၃/ပလန(နိုင်)၀၆၂၃၀၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အထက(ရွာမ)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ နန်းခိုင်ချိုသန့်၏ ဖခင်အမည်မှန်မှာ ခွန်အေးဖေ ၁၃/တကန(နိုင်)၂၇၃၇၀ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အထက(အင်းယား)၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်အာကာဟိန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုး ၁၃/ညရန(နိုင်)၀၇၆၂၀၇ ဖြစ်ပါကြောင်း။ **ဦးကျော်စိုး**

## အမည်ပြောင်း

အထက(၂)ညောင်ရွှေ၊ သတ္တမတန်း(က)မှ မောင်ကောင်းမြတ်အောင်အား ယနေ့မှစ၍ မောင်ဉာဏ်သုတချိုဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဉာဏ်သုတချို**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဒူရီ ၁၃/ရစန(နိုင်)၁၁၅၃၄၆၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၄၇၆၅၁၀၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်ထွန်းအောင် ၁၃/ကတလ(နိုင်)၀၁၇၉၇၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၂၉၄၃၀၁၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုင်းဆန်ငင်း ၁၃/လလန(နိုင်)၀၁၄၈၃၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၁၂၁၈၁**

## ဖခင်အမည်မှန်

အထက အင်းယား၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မတင်တင်ဝင်းနှင့် ပဥ္စမတန်းမှ မအေးအေးမိုးတို့၏ ဖခင်အမည်မှန်မှာ ခွန်သန်းလွန်း ၁၃/ပလန(နိုင်)၀၆၉၇၉၈ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၄)ရပ်ကွက်နေ ဦးမြင့်ဝင်း-ဒေါ်စန်းစန်းသော်တို့၏သား မောင်ပြည့်စုံအောင် ၇/ကတခ(နိုင်)၁၁၆၈၀၄ (ခ)မောင်ကျော်ဇောဟန်သည်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မောင်ပြည့်စုံအောင်(ခ)မောင်ကျော်ဇောဟန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/5000 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (နေပြည်တော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၅၄၀၅၃ Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်လင်း ၁၀/ကမရ(နိုင်)၁၃၁၅၈၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ခရစ်တော်၌အိပ်ပျော်ခြင်း

## မဂရေ့စ်အေးမွန်သန့်

[(4[th] Year Bio-Chemistry-ဓာတုဗေဒဌာန,LCCI(Level-3)]

### အသက်(၂၁)နှစ်

မန္တလေးမြို့၊ သမီးတော်ဈေးရပ်နေ(ဦးညွန့်လှိုင်-ဒေါ်ခင်)၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စိန့်မေရီဝင်းနေ(ဦးအောင်ဖေ)-ဒေါ်အေးမြင့် တို့၏မြေး၊ မန္တလေးမြို့နေ ဦးယုကြိုင်-(ဒေါ်လှလှဝင်း)၊ ဦးပါရီကျော်-ဒေါ်မေနှင်းရီ၊ ဦးမောင်မောင်ညွန့်-(ဒေါ်စိုးစိုးဦး)၊ (ဦးနေဝင်း)-ဒေါ်မာလာရီ၊ ရန်ကုန်မြို့နေ (ဦးစွမ်းတိုက်)-ဒေါ်မာဂရက်မေမြင့်ဌေး၊ ဦးတင်ထူးနွယ်-ဒေါ်ခင်သန်းဝင်း၊ (ဦးသန်းလွင်)-ဒေါ်ဆန်းယဉ်နွဲ့၊ ဦးလှမြင့်ဦး-ဒေါ်အယ်သယ်၊ (ဒေါ်မော်နီကာသန္တာဆွေ) တို့၏တူမ၊ မန္တလေးမြို့၊ ၂၂လမ်း၊ ၈၆x၈၇လမ်းကြားနေ ဦးမျိုးသန့်(မန်နေဂျာ-ငြိမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)-ဒေါ်လီလီယာ(စာရင်းကိုင်-မန္တလေးသာသနာပိုင်နယ်)တို့၏သမီးသည် ၂၃-၁၀-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆:၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၁၀-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ၂၆လမ်း၊ ၇၇လမ်းထောင့်၊ စိန့်မေရီဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီးမွန်းလွဲ ၂:၃၀နာရီတွင် ခရစ်ယာန်သင်္ချိုင်းအေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အောက်မေ့ဖွယ်ဝတ်ပြုကိုးကွယ်ခြင်းကို ၂၉-၁၀-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ၂၆လမ်း၊ ၇၇လမ်းထောင့်ရှိ ရှင်မာရီဘုရားကျောင်းတွင်ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး အမိန့် ၅၊ နည်းဥပဒေ ၂၀)

### ကျောက်ဆည်မြို့နယ်တရားရုံးတော်

### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၉၆

| | | |
|---|---|---|
| ဦးမြင့်စိုး | နှင့် | ဒေါ်အမလေး |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဖောင်ရွာရပ်ကွက်နေ တရားပြိုင်ဖြစ်သည့် ဒေါ်အမလေး(ဘ) ဦးစိန်တုတ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သူ ဦးမြင့်စိုးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၄ရက် (၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(သဲမို့မို့ဆွေ)**

**မြို့နယ်တရားသူကြီး**

**ကျောက်ဆည်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း၊ အမှတ် ၅၈(A)၊ မြေညီထပ်၊ ထပ်ခိုးပါအလျား ၁၇ပေxအနံပေ၇၀ အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မြဝတ်ရည်လွင် ၆/ကသန(နိုင်)၀၄၄၄၃၆ မှ တရားဝင်ပိုင်ဆိုင်ပြီး ၎င်းက ၎င်းအပိုင်အခန်းမှ ဒေါ်ကော်မီး ၁/မညန(နိုင်)၀၉၀၄၀၈အား တိုက်ခန်းနှစ်ချုပ်ငှားရမ်းခြင်းစာချုပ်ဖြင့် ငှားရမ်းထားခဲ့ပါသည်။ သို့ဖြစ်ရာ အထက်ပါတိုက်ခန်း၏ ပိုင်ရှင်မှာ ဒေါ်မြဝတ်ရည်လွင်တစ်ဦးတည်းသာဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန္တာလွင် LL.B**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၆၇)**

**အမှတ် ၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇) ရပ်ကွက်၊ ရွှေပေါက်ကံ**

**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၂၅၆၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်းဘွဲ့မြို့နယ်၊ ထီလုံကျေးရွာအုပ်စု (အနောက်ပိုင်း)ကျေးရွာနေ နန်းသွန်းနန္ဒာဆွေ ၃/လဘန(နိုင်)၁၇၀၃၁၃ ၏ ဖခင် ဦးခွန်အုန်းမြင့်(ခ)ဦးအုန်းမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခွန်အုန်းမြင့်(ခ)ဦးအုန်းမြင့်**

## မွေးသက္ကရာဇ်အမှန်

မိုးမိတ်ခရိုင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငယ်တန်းစာရေး ဦးအောင်နိုင်ဝင်း ၉/မကန(နိုင်)၁၂၂၀၀၄၏မွေးသက္ကရာဇ်အမှန်မှာ ၁၈-၉-၁၉၉၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၆ယ/၄၆၉၃(ကမ်ဘိုဒရင်း) ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မာဝင်း ၁၃/ဟပန(နိုင်)၀၀၄၅၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၄ယ/၉၃၇၄ (ဟွန်ဒါကလစ်) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်သီး ၁၃/တကန(နိုင်)၂၈၆၉၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

## မသက်ဆိုင်တော့ပါကြောင်း

ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်၊ မြို့သစ်(၄)လမ်း၊ အမှတ် (တ/၁၄၁)နေ ကျွန်မ ဒေါ်သီတာ ၆/ထဝန(နိုင်)၀၀၂၀၀၉၏ ခင်ပွန်းဖြစ်သူ ဦးဌေးအောင် ၆/ထဝန(နိုင်)၀၈၀၈၆၅ သည် ဇနီးသည်အပေါ် လင့်ဝတ္တရားကျေပွန်မှုမရှိဘဲ ငွေရေးကြေးရေးကိစ္စရပ်များတွင် အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၎င်းနှင့်သက်ဆိုင်သော ကိစ္စအဝဝကို လုံး၀(လုံး၀) တာဝန်မယူ မသက်ဆိုင်တော့ကြောင်း သိစေအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်သီတာ ၆/ထဝန(နိုင်)၀၀၂၀၀၉**

**ဖုန်း-၀၉-၂၆၇၆၃၂၅၃၀**

## ဒေါ်မြင့်မြင့်

### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

### အထက(၁)ထားဝယ်မြို့

### အသက်(၇၃)နှစ်

ထားဝယ်မြို့၊ မြောက်ရွာရပ်၊ ပခုက္ကူကျောင်းလမ်း၊ အမှတ်(၆၆၆)နေ (ဦးဘတိုး-ဒေါ်နှင်းရွှေ)တို့၏သမီး၊ ဦးအောင်အောင်-အေးသိန်းတို့၏အစ်မသည် ဒေါ်မြင့်မြင့်သည် ၂၃-၁၀-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၁၀-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အားအကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ဇာနည်ဌေး ၁/မကတ(နိုင်)၀၈၁၅၉၆ နှင့် အများသိစေရန်ကြော်ငြာခြင်း

Myanmar Shwe Sein International Trading Co.,Ltd မှ တာဝန်ရှိသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဇာနည်ဌေးနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

Myanmar Shwe Sein International Trading Co.,Ltd သည် ရုံးခွဲအဖြစ် မန္တလေးမြို့၊ ကျောက်ဆစ်မီးသတ်အရှေ့ဘက် ဥယျာဉ်တန်းရပ်ကွက်၊ လမ်း(၃၀)၊ ၈၉x၉၀ကြား ပြည်ကျော်ဈေးမြောက်ဘက်တွင် ဖွင့်လှစ်ခဲ့ပြီး ဒေါ်ဇာနည်ဌေးအား မန္တလေးရုံးခွဲတာဝန်ခံအဖြစ် ခန့်အပ်ခဲ့ပါသည်။ ဒေါ်ဇာနည်ဌေးသည် ရုံးခွဲတာဝန်ခံအဖြစ် တာဝန်ယူလုပ်ဆောင်နေစဉ်အတွင်း ကုမ္ပဏီ၏အမည်ကိုသုံး၍ ကုမ္ပဏီ Customer ဆိုင်များသို့ မိမိတို့ ကုမ္ပဏီ၏အမျိုးအစားတူ ပစ္စည်းများအား အခြားသောဆိုင်များမှ ဝယ်ယူဖြန့်ဖြူးရောင်းချခြင်းမျိုးပြုလုပ်ခဲ့သဖြင့် ၎င်းအား သတိပေးတားမြစ်ခဲ့သော်လည်း ထပ်မံပြုလုပ်ခဲ့သောကြောင့် ၂၇-၉-၂၀၁၉ရက်မှစ၍ ဒေါ်ဇာနည်ဌေးအား ကုမ္ပဏီမှအလုပ်ထုတ်ပယ်ခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် မန္တလေးရုံးခွဲက ၁-၁၀-၂၀၁၉ရက်မှစ၍ ဆက်လက်ဖွင့်လှစ်လုပ်ကိုင်ခြင်း မပြုတော့သည့်အတွက် မန္တလေးရုံးခွဲမှဝန်ထမ်းများဖြစ်သည့် မကြည်ကြည်အေး၊ မအေးအေးထွန်း၊ ကိုစောလင်းထွန်း၊ ကိုစည်သူမောင်၊ ကိုဟန်ဝင်းထွန်း၊ ကိုအာကာထက်၊ ကိုအောင်ကိုဇင်၊ ဦးထွန်းအောင်ကျော်၊ ဦးလှမျိုးထက်တို့သည် ၎င်းတို့၏ ဘဘောဆန္ဒအရ အလုပ်မှနုတ်ထွက်လိုသောကြောင့် ကုမ္ပဏီမှလည်း နုတ်ထွက်ခွင့်ပြုခဲ့ပြီးဖြစ်သည်။ ကုမ္ပဏီမှ အလုပ်ထုတ်ပယ်ခဲ့သည့် ဒေါ်ဇာနည်ဌေးနှင့် ၎င်းတို့၏သဘောဆန္ဒအလျောက် အလုပ်မှနုတ်ထွက်ခဲ့သည့်အထက်ပါ ဝန်ထမ်းကိုးဦးတို့သည် ကုမ္ပဏီနှင့် ပတ်သက်၍ သက်ဆိုင်ခြင်း၊ စပ်ဆိုင်ခြင်းလုံးဝမရှိတော့ပါ။

သို့ဖြစ်ပါသောကြောင့် ကုမ္ပဏီနှင့်သက်ဆိုင်ခြင်း၊ စပ်ဆိုင်ခြင်းမရှိတော့သဖြင့် ကုမ္ပဏီ၏အမည်ကို သုံးစွဲခွင့်၊ နာမည်ဂုဏ်သတင်း၊ ဂုဏ်သိက္ခာကျစေရန် မဟုတ်မမှန်သတင်းလွှင့်ခြင်း စသည်တို့ကို မည်သည့်နည်းနှင့်မျှပြုလုပ်ခြင်း၊ ဆောင်ရွက်ခြင်းမျိုးမပြုလုပ်ရန်နှင့် ဌာနဆိုင်ရာများသို့ တိုင်ကြားခြင်းမျိုး၊ ပြုလုပ်ခြင်းမျိုး လုံးဝမပြုလုပ်ရန် အသိပေးအပ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မီမီထွန်း(LL.B)** | **ဒေါ်မော်မော်မြင့်(LL.B,D.B.L,D.I.L)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၉၆၈၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၃၃/၁၇)** |
| **တိုက်(၂)၊ အခန်း(၂၀၄)၊ ဒညင်းကုန်းအိမ်ရာ** | **အမှတ်(၄၆/ခ)၊ မြောင်းမြလမ်း၊ (၁၈)ရပ်ကွက်၊** |
| **မြတ်အိမ်ရာ(၁)လမ်း၊ အင်းစိန်မြို့နယ်၊** | **ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့** |
| **ဖုန်း-၀၉-၉၆၇၂၁၂၆၀၉** | **ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ပြည်-တောင်ကုတ်လမ်းမကြီးဘေးတွင် Nine (သို့) Nile အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပါသည်။ သို့ပါ၍ သောက်ရေသန့်စက်ရုံများမှ အမည်တူရှိနေပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမပြုပါက ထုတ်လုပ်ရောင်းချရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါ သည်။

**ဦးညွန့်ဝင်း ဖုန်း-၀၉-၂၆၇၅၁၇၇၁၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်(၉၈၃က)ဒုတိယထပ်၊ မြောက်ကျောကပ်၊ ၆/အရှေ့နေရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၁၈'x၅၅')တိုက်ခန်း(ဒုတိယထပ်)ရေ၊ မီးစုံတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြုပြောဆိုလာသူ ဦးအောင်ခင် ၁၂/သကတ(နိုင်)၁၂၅၄၅၈ ထံမှ ကျွန်မ ဒေါ်ခိုင်သွယ်စိုး ၁၂/မဂတ(နိုင်)၀၉၈၈၆၅ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ဒေါ်ခိုင်သွယ်စိုး ဖုန်း-၀၉-၆၉၅၂၈၂၂၅၉ ၀၉-၄၂၀၈၀၉၆၂၆**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂/ဥတ္တရသီရိအလယ်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေရေိယာ(၀ဒသမ ၃၃၀)ကေ၊ မြေကွက်အမှတ်(ဥ-၄၀၅၅)၊ ဦးငြိမ်းချမ်း ၁၄/ပသန(နိုင်) ၂၇၄၈၇၁ (ဘ)ဦးကျော်ကျော် အမည်ပေါက် ပါမစ်မြေကွက်ကို ဦးသိမ့် ၁၄/မမန(နိုင်) ၁၄၆၆၄၀ (ဘ) ဦးဘခင် မှမြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဆရာမ ဒေါ်သန်းသန်းမြင့်

### အထက (၁) စမ်းချောင်း

### ကန်တော့ခံ ဆရာမကြီး

### အသက် (၈၂)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)-၁၀၆ရပ်ကွက်၊ ဩဘာလမ်း၊ အမှတ် ၉၀၃နေ (ဦးသာရင်-ဒေါ်လှတင်)တို့၏ သမီး (ဦးချစ်မောင်-ဒေါ်တင်လှ)၊ ဦးဘမြင့်-(ဒေါ်စန်းလှ)၊ (ဦးစိုးသိန်း)-ဒေါ်သိန်းရှင်၊ (ဒေါ်သိန်းရွှေ)၊ (ဦးသောင်းမြင့်)-ဒေါ်မာမာဆွေ၊ (ဦးမောင်မောင်ကြည်)၊ ဒေါ်အေးအေးနွယ်တို့၏ ညီမ-အစ်မ၊ တူ-တူမ ခုနစ်ယောက်တို့၏ ကြီးတော်၊ မြေး ခုနစ်ယောက်တို့၏အဘွား ဒေါ်သန်းသန်းမြင့်သည် ၂၃-၁၀-၂၀၁၉ရက် မွန်းလွဲ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ကျိုစုအအေးတိုက်မှ ကျိုစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှ ကားများ ညနေ ၃:၂၀ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်မောင်လေး အသက်(၇၁)နှစ်

### မူလတန်းကျောင်းအုပ်(ငြိမ်း)

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ သင်ပန်းကုန်းရပ်နေ ဒေါ်ညိုညို၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ထွန်းဝေ-ဒေါ် ရွှေဇင်ဦး၊ ဦးမျိုးမင်းထွန်း-ဒေါ်နေဇင်လတ်၊ ဒေါက်တာဝေဇင်ထွန်း(လက်ထောက်အထူးကုဆရာဝန်)(သားဖွားမီးယပ်)၊ (အထွေထွေရောဂါကုဆေးရုံကြီး၊ ကျိုင်းတုံ)တို့၏မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးမောင်မောင်လေးသည် ၂၃-၁၀-၂၀၁၉ရက် (ဗုဒ္ဓဟူး နေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေရောဂါကုဆေးရုံကြီး(မိသားစု)၊ ကျိုင်းတုံမြို့**

## အမည်မှန်

မိုင်းယောင်းမြို့၊ (၈)ရပ်ကွက်နေ (ဘ)ဦးအိုက်ခမ်းအွန်၏သား အိုက်ခမ်းအွန်၏ အမည်မှန်မှာ စိုင်းဥတစ် ၁၃/မယတ(နိုင်)၀၃၀၄၉၅ ဖြစ်ပါကြောင်း။

**စိုင်းဥတစ်**

## အမည်ပြောင်း

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ နဂါးလိမ်လမ်း၊ အိမ်အမှတ်(၉၀၀)နေ ဦးမြင့်သန်း၏သမီး မထူးရာဇာမေ ၇/ပမန(နိုင်)၁၈၂၈၈၇ အား မစံရတီဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မစံရတီ**

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက(အင်တော)တက္ကသိုလ်ဝင်တန်း(ECO)မှ မဇာခြည်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ပိုင် ၈/ရနခ(နိုင်) ၁၁၃၉၅၆ ဖြစ်ပါကြောင်း။ **ဦးကျော်ပိုင်**

## ဖခင်အမည်မှန်

ကျောက်ဖြူမြို့၊ စေတီတောင်ရပ်ကွက်နေ အထက(ခွဲ)(လ-၂)၊ ဆဌမတန်းမှ မောင်ငြိမ်းဆက်ပိုင်၏ဖခင်အမည်မှန်မှာ ဦးခင်ရွှေ ၁၁/ကဖန(နိုင်)၁၀၅၃၈၅ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စတုတ္ထနှစ်ဖြေဆိုထားသော မကြည်စုလှိုင်၏မိခင် ဒေါ်ဝင်းခိုင်နှင့် ဒေါ်ဝင်းဝင်းခိုင် ၉/လဝန(နိုင်) ၀၄၉၂၈၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဝင်းခိုင်(ခ)ဒေါ်ဝင်းဝင်းခိုင်**

## ဖခင်အမည်မှန်

ကျောက်ဖြူမြို့၊ ကုလားဘာတောင်ရပ်ကွက်နေ အထက-ခွဲ(လ-၂) ဆဌမတန်းမှ မောင်မျိုးမြင့်စိုး၏ဖခင်အမည်မှန်မှာ ဦးဦးလှရွှေ ၁၁/ကဖန(နိုင်)၀၃၉၆၈၈ဖြစ်ပါကြောင်း။

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

လယ်ဝေးမြို့၊ အထက သစ်ပုတ်ပင်မှ အလယ်တန်းပြဆရာ ဦးမောင်မောင်ဝင်း၏ အမည်မှန်နှင့် ဦးမောင်ဝင်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၅-၃-၁၉၆၄) ဖြစ်ပါကြောင်း။

## အမည်မှန်

ရသေ့တောင်မြို့နယ်၊အထက(စေတီပြင်)ဒုတိယတန်းမှ (ဘ) ဦးမျိုးမြင့်ကျော်၏ သမီးမလင်းဘဲ၏အမည်မှန်မှာ မရေဗက္ကာလင်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးမြို့၊ အောင်ပွဲစံကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မဟိန်းနန္ဒာအောင်၏ဖခင်အမည်မှန်မှာ ဦးစောမောင်(MGN-159579) ဖြစ်ပါကြောင်း။ **ဦးစောမောင်**

## မွေးသက္ကရာဇ်အမှန်

မိုင်းဖြတ်မြို့ အထက(မိုင်းဖြတ်) ဒုတိယတန်း(ခ)မှ ကျောင်းသားမောင်သျှိုင်းထက်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ အရှင်မွေးလက်မှတ်အရ ၁၂-၁၀-၂၀၁၂ခုနှစ်ဖြစ်ပါကြောင်း။

**ဒေါ်ခင်ဝင်းမိခင်**

## မိဘအမည်မှန်

နေပြည်တော်၊ ပျဉ်းမနားကံဦးရပ်ကွက်၊ ကံဦးမူလတန်းကျောင်း(KG)တန်းမှ ၅-၁၂-၂၀၁၃ တွင်မွေးဖွားသည့် မောင်မင်းပြည့်စုံဟိန်း၏ဖခင်အမည်မှန်မှာ ဦးမင်းမင်းဦး ၉/ပမန(နိုင်)၁၀၉၀၀၅ နှင့် မိခင်အမည်မှန်မှာ ဒေါ်ခိုင်နှင်းဆီ ၉/ပမန(နိုင်)၂၁၇၈၂၅ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မဒေါ်ဝင်းမြင့် ၉/ဝတန(နိုင်)၁၂၆၃၁၅ ၏ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၀၉၃၀၉၁၀**

**စာအုပ် စာပေ လူ့မိတ်ဆွေ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/1617 Toyota Hilux Surf HZN 185 Stationg Wagon (4x4) Rယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန်းထွန်း ၁၂/စခန(နိုင်)၀၀၇၆၄၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၅၅၇)နေ ဦးခင်မောင် ၁၄/ပသန(နိုင်) ၀၂၇၄၅၅၊ ဒေါ်ခင်ဝင်းကြည်(ကွယ်လွန်) ၁၄/ပသန(နိုင်) ၀၂၇၄၅၆တို့၏သား မောင်ထင်မော် ၁၄/ပသန(နိုင်) ၀၀၁၇၂၃သည် ဖခင်ဖြစ် သူ၏ သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ ဖခင်နှင့် မိသားစုအသိုင်းအဝိုင်း စိတ်ဆင်းရဲ ဂုဏ်သိက္ခာကျစေရန် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စများကို လုံးဝတာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အသိပေးကြေညာပါသည်။

**ဦးခင်မောင်**

**၁၄/ပသန(နိုင်)၀၂၇၄၅၅**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဖြိုးမောက် ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)
(မြန်မာ့သစ်လုပ်ငန်း)
**အသက်(၉၀)**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ ၆၁-၆၂လမ်းကြား၊ ၂၂လမ်းနေ (ဦးဝေဠု-ဒေါ်စောမေ)တို့၏သား၊ ဒေါ်ခင်မူမူရှန်၏ခင်ပွန်း၊ ဦးနေဝင်း-ဒေါ်နှင်းမာမာဖြိုး၊ ဦးစိုးနိုင်ဖြိုး-ဒေါ်နီနီဝင်း၊ ဦးငြိမ်းချမ်းဖြိုး-ဒေါ်သီတာဝင်း၊ ဦးသန့်ဇင်-ဒေါ်မွန်မြတ်သူဖြိုး၊ ဦးတေဇာဖြိုး-ဒေါ်အေးအေးမွန်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၃-၁၀-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရဦးမြင့်မောင်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေးထွန်း**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်ကြည် (ဝါးခယ်မ)
ဥက္ကဋ္ဌ
နိကာယ်ငါးရပ်ဝင်၊ ဓမ္မသာကစ္ဆာအဖွဲ့ချုပ်
**အသက်(၉၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်-ဘူတာရုံလမ်း၊ ပြည်သာယာအိမ်ရာနေ (ဦးဘိုးထွေး-ဒေါ်အေးကြည်)တို့၏သား၊ (ဦးမောင်ဆိုင်-ဒေါ်အေးမိ)တို့၏သားသမက်၊ (ဒေါ်ခင်ရီ)၏ခင်ပွန်း၊ ဦးလှကြည်-ဒေါ်မြသက်စော၊ ဒေါ်ခင်မာမာအေး(The Great Success ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)တို့၏ဖခင်၊ ကိုထက်အောင်ကျော်(Fortune TV)-မတင့်လှိုင်ထွန်း( Tiger Supply Co,Ltd)၊ ကိုကျော်ရဲနောင်တို့၏အဘိုး၊ မထက်အိမ်စည်(New Campus)၏ဘိုးဘိုးကြီးသည် ၂၃-၁၀-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅:၂၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်သစ်သစ်(ခ) Miss Rani Chowdhury
**B.Sc(Zoo),B.Ed**
**အထက-ကျိုက္ကလီ၊ အထက(၅)တောင်ဥက္ကလာပ**
**အသက်(၇၅)နှစ်**

ရေတာရှည်မြို့၊ သစ်စက်ပိုင်ရှင် (ဦးမန်ချူး-ဒေါ်စိန်)တို့၏သမီးကြီး၊ ဒေါ်တင်တင်ရီ(ခ)Miss Roma Chowdhury (ဒုတိယအင်ဂျင်နီယာမှူးကြီး၊ မြို့ပြ-ငြိမ်း၊ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဦးကျော်သူ(ခ) Mr. Ronald Chowdhury (ငွေစာရင်းဦးစီး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ငြိမ်း)-Mrs.Ruby Chowdhury တို့၏အစ်မ၊ တူ၊ တူမ (၁၀)ယောက်တို့၏ချစ်လှစွာသောအဒေါ်သည် ၂၂-၁၀-၂၀၁၉ရက် ညပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းမြင့် (မြိတ်)
**အသက်(၇၁)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ လေးကျွန်းဆီမီးစေတီတော်ကြီး၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အတွင်းရေးမှူး ဦးဝင်းမြင့်သည် ၂၂-၁၀-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗုဒ္ဓဘာသာအသင်းကြီး၊ မြိတ်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းမြင့် (မြိတ်)
**အသက်(၇၁)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ လေးကျွန်းဆီမီးစေတီတော်ကြီး၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ အတွင်းရေးမှူး ဦးဝင်းမြင့်သည် ၂၂-၁၀-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**လေးကျွန်းဆီမီးစေတီတော်ကြီး၊ မြိတ်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးငြိမ်းဌွေး
(ခရမ်းမြို့)
**အသက်(၆၈)နှစ်**

ဒဂုံတက္ကသိုလ်၊ အင်္ဂလိပ်စာဌာနမှ ကထိက၊ ဒေါ်ငြိမ်းသွဲ့ခိုင်၏ဖခင် ဦးငြိမ်းဌွေးသည် ၂၁-၁၀-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**အင်္ဂလိပ်စာဌာန**
**ဒဂုံတက္ကသိုလ်**

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## Daw Ram Men အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ကျမ်းစာသင်ကျောင်းလမ်း၊ အမှတ်(၉၈၀)နေ ဦးထာအုပ်-ဒေါ်ငွေဒီးတို့၏ဖခင်၊ ဦးတလွန်နှင်း၏ ချစ်လှစွာသောဇနီး၊ (ဗိုလ်ကြီးဟေကုန်း-ဒေါ်ဆွေးနောန်)တို့၏သမီး၊ Pu Bawi Mang (ခွာပီးရွာ)၊ တပ်ကြပ်ကြီး မန်းလေ့(ကလေးမြို့)၊ (Pi Tial Hlei), (Pi Sui Tar), (Pa Hre Lian)တို့၏အစ်မ၊ Pu Lian Bika -Pi Ngun Neih, (Pa Kap Cung Lian), (Pa Mang Peng Thang)တို့၏မွေးသမိခင်၊ မ Van Bawi Hnem, မ Nomi Sung Hlei Par တို့၏အဘွားသည် ၂၃-၁၀-၂၀၁၉ရက် (ဗုဒ္ဓ ဟူးနေ့) ညနေ ၅:၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၁၀-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ် လှိုင်သီရိအိမ်ရာ၊ အင်းစိန်ဘီအိုစီနှင့် မြောက်ဒဂုံ YLBC များမှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်သန်းအေး
**အသက်(၆၈)နှစ်**

ညောင်တုန်းမြို့၊ (၂)ရပ်ကွက်၊ (၂၄)လမ်းနေ ဦးကျော်မြင့်(ဆ/မ-ငြိမ်း)၏ဇနီး၊ (ကိုဆန်းထွန်းကျော်)-မစန္ဒာ၊ ကိုသန်းထွန်းကျော်-မအေးမွန်ဦး တို့၏မိခင်သည် ၂၃-၁၀-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပြီး ၂၅-၁၀-၂၀၁၉ရက် (သောကြာနေ့) မွန်းတည့်၁၂နာရီတွင် ညောင်တုန်းမြို့ ငြိမ်းချမ်းမြေသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

**တောင်တွင်းကြီးမြို့နယ်အသင်း**
(ရန်ကုန်)
## ဦးမောင်မောင်သင်
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ စက်မှု(၁)လမ်း၊ စက်မှု(၁)ဝန်ထမ်းအိမ်ရာ၊ တိုက်(၁၅)၊ အခန်း(၁၁)နေ အသင်းဝင် ဦးမောင်မောင်သင်သည် ၂၂-၁၀-၂၀၁၉ရက်တွင် ကွယ်လွန်ပြီး ၂၄-၁၀-၂၀၁၉ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **အမှုဆောင်အဖွဲ့**

---

## ဒေါ်ခင်မာချို(ခ)ချိုကြီး
**အသက်(၃၉)နှစ်**

သာကေတမြို့နယ်၊ (၁၀)တောင်၊ (၁၃ရပ်ကွက်)၊ (၇)ဈေးလမ်းမ၊ စည်ပင်ရေစက်ဝင်းနေ (ဦးတင်အေး-ဒေါ်တင်လှ)တို့၏သမီး၊ ဒေါ်လှလှဝေ၊ ဒေါ်လှလှဝင်း၊ ဒေါ်လှလှအေး၊ မောင်ခင်မောင်အေးတို့၏ညီမ၊ မောင်ခန့်ဝင်း၊ မခိုင်ဇာဝင်း၊ မောင်မင်းခန့်ကိုတို့၏ မိခင်သည် ၂၄-၁၀-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၉ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၉ ရက်နံနက်ပိုင်းတွင် သာကေတမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးခင်မောင်
**စည်ပင်အုပ်ချုပ်ရေးမှူး(ငြိမ်း)အောင်ဆန်းအပတ်စဉ်(၁၀)**
**အသက်(၉၇)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်နေ(ဦးစံညွန့်-ဒေါ်ချစ်ငွေ)တို့၏သား၊ ဒေါ်စောကြည်(သူနာပြုဆရာမကြီး-ငြိမ်း)၏ခင်ပွန်း၊ ဦးဝင်းမြတ်သူ(ဦးစီးအရာရှိ-စက်မှုလယ်ယာ)-ဒေါ်ခင်မလေး၊ ဒေါ်အိအိခင်(စင်ကာပူ)သူနာပြုဆရာမ၊ ဒုတိယဗိုလ်မှူးကြီးအေးကျော်အောင်(ငြိမ်း)(ဌာနမှူး၊Y.C.D.C)-ဒေါ်မေသူခင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၄-၁၀-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၂:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် တောင်အင်း/မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၃လမ်း၊ ငုရွှေဝါလမ်းနှင့်စံပယ်လမ်းကြား၊ အိမ်အမှတ်(ဏ-၇/၁၀၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးကာအစ်(ခ)တန်ကာချီ
**(ဘင်အန်းဆန်စက်/ခနောင်တို)**
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၈)လမ်း၊ အမှတ် (၃၄)နှင့်(၇)လမ်း၊ အမှတ်(၂၉)နေ (ဒေါ်ခင်အေး)၏ခင်ပွန်း၊ ဦးတန်ဟုန်ရှောင်၊ ဦးတင်လတ်(ခ)ဦးတင်လှ-ဒေါ်ကျင်မွန်၊ ဒေါ်မြစန်း(B 116 မြေအောက်၊ ညောင်ပင်လေးဈေး)၊ ဦးမိုးကျော်- ဒေါ်ရှုမီ၊ ဒေါ်ဆိုက်သင်း၊ ဦးအင်းရှောင်-ဒေါ်စိန်စိန်မြင့်တို့၏မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၄-၁၀-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၀:၅၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၉ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ(၇)လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးစိုးလှိုင် (ကြည်း-၈၀၃၇)
**ဗိုလ်သင်တန်းအပတ်စဉ်(၂၁)**
**(ပေါင်းတည်မြို့)**
**အသက်(၉၀)**

မင်းကွန်းရွှေစင်တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဂန္ဓမာလာ လင်္ကာရ မဟာအတုလဝေယံဘုံသာ၊ မင်္ဂလာဒုံ ကျောင်း တိုက်၏ ရဟန်းဒါယိကာမကြီး (ဒေါ်မြမြစိန်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာခင်မြမြစိုး၊ (ပါမောက္ခ/ဌာနမှူး) ရူပဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဦးအေးငွေ-ဒေါက်တာခင်အေးအေးစိုး (ပါမောက္ခ/ဌာနမှူး)၊ သမိုင်းဌာန၊ ပုသိမ်တက္ကသိုလ်၊ ဦးဘခိုင်-ဒေါ်ခင်ဝါဝါစိုး၊ ဦးဇော်မင်းစိုးတို့၏ဖခင်ကြီး၊ မသက်နွယ်စိုး၊ မကေသီဘခိုင်တို့၏ အဘိုးသည် ၂၄-၁၀-၂၀၁၉ရက် နံနက် ၈:၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၉ရက်တွင် အမှတ်(6/A-pro-2) မင်းဓမ္မအဆင့်မြင့်အိမ်ရာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးခင်ကြည် (ဝါးခယ်မ)
**(သာကစ္ဆာဓမ္မဇောတိကဓဇ၊ ဥက္ကဋ္ဌ၊**
**နိကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ်)**
**အသက်(၉၀)**

ရွှေတိဂုံစေတီတော်(စနေထောင့်)၊ ရွှေတောင်ငွေတောင်တန်ဆောင်း၊ နိကာယ် ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၊ ဥက္ကဋ္ဌကြီး ဦးခင်ကြည်သည် ၂၃-၁၀-၂၀၁၉ ရက်တွင် ရန်ကင်းမြို့နယ်၊ ပြည်သာယာအိမ်ရာ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၉ရက် ညနေ ၄:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ရာ အမှုဆောင်များလိုက်ပါပို့ဆောင်ကြပါရန်။

**အမှုဆောင်အဖွဲ့**

---

ဝမ်းနည်းကြေကွဲခြင်း
## ဆရာမကြီး ဒေါ်ခင်စီ
**အသက်(၈၅)နှစ်**

အထက(၂)မှော်ဘီမှ ကန်တော့ခံဆရာမကြီး ဒေါ်ခင်စီသည် ၂၀-၁၀-၂၀၁၉ရက်တွင် တောင်ကြီးမြို့၌ ကွယ်လွန်သွားပါသဖြင့် ကျောင်းသားဟောင်းများမှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**အထက(၂)မှော်ဘီမြို့**
**ကျောင်းသားဟောင်းများ**

---

## ဒေါ်ကြည်ဝင်း
**အသက်(၈၀)**

တောင်ငူမြို့နယ်၊ ကျွန်းကုန်းမြို့နေ(ဦးဘကွန်း-ဒေါ်ကျင်ရွှေ)တို့၏ သမီး၊ (ဦးညွန့်ဝေ) (မီးရထားရုံပိုင်ကြီး)၏ ချစ်လှစွာသောဇနီး၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်နေ(ဒေါ်အေးအေးဝေ)၊ ဗိုလ်မှူးစိုးမြင့်ဦး(ငြိမ်း)-ဒေါ်ဌေးဌေးဝေ(မူလတန်းပြ-ငြိမ်း)၊ ဦးထွန်းထွန်းဝေ-ဒေါ်ချို(ရွှေအိမ်စံ၂-ကဖေးနှင့်အအေး)၊ ဦးမိုးသန့်-ဒေါ်မျိုးမျိုးဝေ(Joy)၊ ဒေါ်ငြိမ်းငြိမ်းဝေ(Joy-အိမ်အမျိုးအမျိုးနှင့်Fancyစတိုး)၊ဦးသန့်ဇင်-ဒေါ်မေဇော်ဦး(ရွှေအိမ်စံ-ကဖေး၊ ဘရဏီပရိဘောဂ)၊ ဦးသိန်းသန်းနိုင်-ဒေါ်သင်းသင်းဝေ(Joy ဖိနပ်နှင့် လျှပ်စစ်စတိုး)၊ ဗိုလ်ကြီးနိုင်လင်းဝေ(ငြိမ်း)-ဒေါ်ထက်ထက်ကြိုင်(ဒုတိယ ညွှန်ကြားရေးမှူး/သံမှူး မြန်မာ သံရုံးစင်ကာပူမြို့)၊ ဦးမျိုးအောင်-ဒေါ်မိုးမိုး(အီလက်ထရွန်နစ်ပြုပြင်ရေး)၊ ဦးဖေ ပါစိုး-ဒေါ်နှင်းနုနုဝေတို့၏မိခင်၊ မြေး ၁၈ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၄-၁၀-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၄:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးဝင်းမောင်တင် (ပုသိမ်)
**ဘဏ်မန်နေဂျာ(ငြိမ်း)(ပုသိမ်အသင်းဝင်)**
**(ET ဖောင်ဒေးရှင်း၊ မျက်စိဆေးရုံ၊ ပုသိမ်မြို့)**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနလုံးချင်းအိမ်ရာ၊ သီရိခေမာလမ်း၊ ခြံအမှတ်(၁)နေ (ရွှေပြည်တော်ဦးဘတင်-ဒေါ်ကျော့စိန်)တို့၏သား၊ ဒေါ်သန်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဟန်ထွန်း)-ဒေါ်အေးအေးဝင်း၊ (ဒေါ်ဆွေဆွေဝင်း- ET)၊ ဦးထွန်းအောင်-ဒေါ်သီသီဝင်း၊ ဗိုလ်မှူးကြီးစိုးဝင်းနိုင်-ဒေါ်အေးမြတ်မြတ်မော်တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မြေးခြောက်ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၂၄-၁၀-၂၀၁၉ရက် မွန်းလွဲ ၁၂:၅၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၉ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဃန်းကျွန်းနေအိမ်မှ ကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်မြင့်မြင့်စန်း (ဝါးခယ်မ/သက္ကယ်)
**အသက်(၈၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ (ဦးအကြွန်-ဒေါ်သန်းမြ)တို့၏သမီး၊ (ဦးဘဘ-ဒေါ်သန်းမြင့်)၊ (ဦးအုန်း ကြည်-ဒေါ်ကျင်ညောင်း)တို့၏ညီမ၊ ဦးကျော်မြင့်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်သန်းသန်းအေး၊ ဦးစန်းမြင့်-(ဒေါ်ယဉ်ပြုံး)တို့၏အစ်မ၊ ကိုလှအောင်-မမြင့်မြင့်ကြူ၊ ကိုကျော်မင်းခိုင်-မပြုံး၊ ကိုဇော်ဝင်းဖြိုး-မမိုးမိုးခိုင်တို့၏မွေးသမိခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ (ဦးတင်အောင်)၏ဇနီး ဒေါ်မြင့်မြင့်စန်းသည် ၂၄-၁၀-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၅:၂၀ နာရီတွင် အမှတ်(၄) သစ္စာ ရှင်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းဘူတာအနီး(ကန်လေးစု)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဦးသန်းထိုက် (3/E)(Ocean Tankes)
**ရန်ကင်း**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အခန်း(၉)၊ တိုက်(၂၉၂)နေ (ဒုဗိုလ်မှူးကြီးကိုကိုကြီး ဘ.ခ.ရညွှန်ချုပ်-ဒေါ်ခင်ရွှေ)တို့၏သား၊ ပိန်းဇလုပ်မြို့နေ (ဦးသာဌေး-ဒေါ်စိန်မေ)တို့၏ သားသမက်၊ ဒေါ်မာမာမြင့်(အလက-၆-ငြိမ်း၊ ရန်ကင်း)၊ ဦးအောင်သူ- ဒေါ်ဝါဝါမြင့် (U.S.A)၊ ပိန်းဇလုပ်မြို့နေ ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်နွဲ့နွဲ့ကြည်၊ ဒေါ်ရင်ရင်ထွေး(အထက ပိန်းဇလုပ်)တို့၏အစ်ကို၊ မခင်ခန့်ဇင်သူ၊ မခင်သန့်ဇင်သူ(USA)တို့၏ဘကြီး၊ ကိုအောင်နိုင်ထွေး-မသက်မာလာထွန်း၊ ကိုထွန်းသန်း-မသန္တာဦး၊ ကိုရဲကျော်သူ၊ ကိုမောင်မောင်စိုးထက်-မယဉ်မေလွင်၊ မောင်သက်ကိုကိုထွေး-မကြည်ကြည်စိုး၊ မသူဇာနွယ်ထွေး (အလက ထိန်တပင်)၊ မဇာဇာသက်ထွန်း(အထကဆေးရိုးခင်း)၊ မောင်ကြယ်စင်ထွန်း၊ မောင်တည်တံ့ထွန်း၊ မဝင်းသန္တာထွန်းတို့၏ဦးလေး၊ အနောက်ရန်ကင်း၊ ရွှေအုန်းပင်အိမ်ရာ(၂)၊ တိုက်(၂၇)၊ အခန်း(၀၂)၊ မြေညီထပ်နေ မောင်သက်ကိုကိုထိုက်(Sanctum Inle Resort)၊ မသက်ဆုမွန်ထိုက်တို့၏ဖခင်၊ ဒေါ်နီနီ၏ချစ်လှစွာသောခင်ပွန်းသည် ၂၄-၁၀-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၉ရက် (စနေနေ့) နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇:၃၀ နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်မြင့်မြင့်
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ လမ်းသစ်(၂)လမ်း၊ အမှတ်(၇)နေ (ဦးကိုကိုကြီး-ဒေါ်စိန်ခင်) တို့၏သမီး၊ (ဦးဌေးလွင်)၏ဇနီး၊ ဦးမောင်ကို(SEAHARMONEY Co.,Ltd)-ဒေါ်မြင့်မြင့်လွင်၊ ဦးရွှေဝင်း-ဒေါ်ညိုညိုလွင်(ဌာနစုမှူး YCDC)၊ ဦးအောင်ဇော်မင်း(Chief Engineer)-ဒေါ်သက်သက်လွင်၊ ဦးဇော်သူရလင်း-ဒေါ်နွယ်နွယ်လွင်(Exo Travel & Tour)၊ ဒေါ်ခင်ဆွေလွင်၊ ဦးရဲနန္ဒလွင်-ဒေါ်သင်းသင်းဆွေတို့၏မွေးသမိခင်၊ မောင်မင်းထက်မော်၊ မဆုမြတ်ဝင့်၊ မရှင်းသန့်ဖြူတို့၏ အဘွားသည် ၂၃-၁၀-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်မြင့်မြင့်ကြည်
**(လိန်ကုန်းကျေးရွာ)**
**အသက်(၇၀)**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လိန်ကုန်းကျေးရွာနေ (ဦးချစ်ထွန်း-ဒေါ်သန်းညွန့်)တို့၏သမီးထွေး၊ (ဦးကျော်သောင်း -ဒေါ်စောရီ)၊ (ဦးအောင်မြိုင်-ဒေါ်ခင်စန်း)၊ ဦးငြိမ်းမောင်-(ဒေါ်အေးတင်)၊ ဦးကျော်မောင်-ဒေါ်သန်းရင်၊ (ဦးအောင်ကြည်လှိုင်)-ဒေါ်ခင်မြင့်သီ၊ ဦးသန်းဝင်း-ဒေါ်သေးစိန်၊ (ဦးစံလှိုင်)-ဒေါ်လှမြင့်တို့၏ညီမ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၅၆၈/ခ) နေ ဦးသောင်းတင်(မန်နေဂျာ-ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း၏ ဇနီး၊ ဦးသိန်းဇော်-ဒေါ်ကေသီတင်၊ ဦးသန်းမင်းတင်၊ ဦးအောင်မြင့်ထွန်း-ဒေါ်သူဇာတင်တို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၄-၁၀-၂၀၁၉ရက် နံနက် ၁၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကား များ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် အတည်ပြုသတ်မှတ်

**နေပြည်တော် အောက်တိုဘာ ၂၄**

(၆)ကြိမ်မြောက် အာဆီယံအမွေအနှစ်ဥယျာဉ်များညီလာခံကို လာအိုနိုင်ငံ Pakse မြို့တွင် အောက်တိုဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပရာ မြန်မာနိုင်ငံမှ သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်သော ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်အတည်ပြုခဲ့ကြောင်း သိရသည်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွက် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် အမည်စာရင်းအဆိုပြုလွှာ (Nomination Document) ကို အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန (ASEAN Centre for Biodiversity-ACB) သို့ ၂၀၁၈ ခုနှစ်တွင် တင်သွင်းခဲ့သည်။

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဂေဟဗေဒဆိုင်ရာ ကောင်းမွန်သောနေရာတစ်ခုဖြစ်ခြင်း၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ တည်ရှိရာနေရာဖြစ်ခြင်း၊ တောဆင်ရိုင်း၊ ကျား၊ အင်းကျား၊ ဝက်ဝံနက်၊ သင်းခွေချပ် စသည့် ရှားပါးတောရိုင်းတိရစ္ဆာန်နှင့် အပင်မျိုးစိတ်များ ကျက်စားပေါက်ရောက်လျက်ရှိခြင်း၊ ၁၉၇၄ ခုနှစ်မှစတင်၍ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် တည်ထောင်ခဲ့ပြီး ဝန်ထမ်းများခန့်အပ်၍ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်း၊ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်(မူကြမ်း)ကို ရေးဆွဲလျက်ရှိခြင်း စသည်တို့မှာ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် အမည်စာရင်း အဆိုပြုနိုင်ခဲ့သည့်အချက်များ ဖြစ်သည်။

၂၀၁၉ ခုနှစ် မေ ၈ ရက် မှ ၁၀ ရက်အထိ လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ ကျင်းပသည့် "အာဆီယံသဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ လုပ်ငန်းအဖွဲ့၏ (၂၉) ကြိမ်မြောက် အစည်းအဝေး"တွင် မြန်မာနိုင်ငံမှ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား အာဆီယံအမွေအနှစ်ဥယျာဉ် (AHP) အဖြစ် အဆိုပြုတင်ပြခဲ့မှုအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ထောက်ခံခဲ့ကြပြီး အောက်တိုဘာ ၇ ရက်မှ ၈ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ကျင်းပသည့် "(၁၅)ကြိမ်မြောက်အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး"မှ

စာမျက်နှာ ၉ ကော်လံ ၁ ❑

# ဆီးဂိမ်းပြိုင်ပွဲအကြို မြန်မာနှင့် ထိုင်းအသင်း ခြေစမ်းပွဲကစားမည်



၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနှင့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။
ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် အောက်တိုဘာ ၂၄**

၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာနှင့် ထိုင်းအသင်းတို့ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရန် နှစ်ဖက်ဘောလုံးအဖွဲ့ချုပ်တို့ သဘောတူညီမှုရရှိခဲ့သည်။ ယင်းခြေစမ်းပွဲကို နိုဝင်ဘာ ၁၃ ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် နိုဝင်ဘာတွင် နိုင်ငံတကာခြေစမ်းပွဲ သုံးပွဲကစားရန် စီစဉ်ထားပြီး နိုဝင်ဘာ ၁၇ ရက်တွင်လည်း ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲကစားရန် သဘောတူညီမှုရထားရာ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ အာဆီယံထိပ်သီး အသင်းများနှင့် ခြေစမ်းခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစမ်းပွဲနှစ်ပွဲအပြင် နောက်ထပ်ခြေစမ်းပွဲတစ်ပွဲ ကစားနိုင်ရန် စီစဉ်လျက်ရှိပြီး အရှေ့တောင်အာရှနှင့် အာရှအသင်းများကို ဖိတ်ကြားလျက်ရှိသည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ကစားသမား ၃၀ ကျော်ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ခြေစမ်းပွဲကစားမည့် ကာလတွင် မြန်မာ့လက်ရွေးစင်အသင်းမှာလည်း ကမ္ဘာ့ဖလားခြေစစ်ပွဲ ကစားရန်ရှိနေသောကြောင့် အသက်ကျော် ကစားသမားများမှာ ဆီးဂိမ်းပြိုင်ပွဲနီးမှ ပူးပေါင်းနိုင်မည်ဖြစ်သည်။ မြန်မာနှင့် ထိုင်းအသင်းသည် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ်၌ တွေ့ဆုံခဲ့ပြီး ထိုင်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် လက်ရှိတွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ လေ့ကျင့်လျက်ရှိပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် အောက်တိုဘာ ၂၅ ရက် (ယနေ့)

စာမျက်နှာ ၁၂ ကော်လံ ၅ ❍

# ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၃) လီဗာပူးတို့ ဂိုးပြတ်အနိုင်ရ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃) ဒုတိယနေ့ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ဘယ်လ်ဂျီယံမြေ၌ ယှဉ်ပြိုင်ခဲ့သည့် အုပ်စု(င)မှ ဂျန့်ခ်နှင့် လီဗာပူးပွဲတွင် လေးဂိုး-တစ်ဂိုးဖြင့် လီဗာပူးအသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဂျန့်ခ်သည် ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဧည့်သည်လီဗာပူးအသင်းသည် ၄-၃-၃ တိုက်စစ်ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစပြီး နှစ်မိနစ်တွင် ဖာဘင်ဟို၏ ဖန်တီးမှုမှတစ်ဆင့် ချမ်ဘာလိန်းက လီဗာပူးအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းကို ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၅၇မိနစ်တွင် ချမ်ဘာလိန်းက လီဗာပူးအတွက် ဒုတိယဂိုးထပ်မံသွင်းယူခဲ့ပြီး ၇၇ မိနစ်တွင် မာနေးက တတိယဂိုးနှင့် ၈၇ မိနစ်တွင် ဆာလက်က နောက်ဆုံးဂိုးသွင်းယူခဲ့ပြီး လီဗာပူးတို့ လေးဂိုးပြတ်ဖြင့် ဦးဆောင်ခဲ့ရာ ပွဲချိန် ၈၈မိနစ်တွင် အိမ်ရှင် ဂျန့်ခ်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို လူစားဝင်လာသော အိုဒေးက သွင်းယူပေးခဲ့သည်။

ယင်းပွဲတွင် လီဗာပူးတို့ အဝေးကွင်း၌ ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၇ ကြိမ်ထိရရှိကာ ခုနစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင် ဂျန့်ခ်အသင်းသည် ရှစ်ကြိမ် ဂိုးကန်သွင်းခွင့်ရရှိခဲ့ပြီး လေးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ချမ်ဘာလိန်းသည် ယနေ့ပွဲတွင်

စာမျက်နှာ ၁၃ ကော်လံ ၅ ■




ချမ်ဘာလိန်းက လီဗာပူးအတွက် အဖွင့်ဂိုး သွင်းယူစဉ်။

# အာဆီယံဖူဆယ်ဆီမီးဖိုင်နယ်ပွဲ မြန်မာနှင့် အင်ဒိုနီးရှား ယနေ့ ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၄**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၉ အာဆီယံဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင် နယ်ပွဲစဉ်များကို အောက်တိုဘာ ၂၅ ရက် (ယနေ့) ညနေပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် တွေ့ဆုံနေသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်ပြီး အင်ဒိုနီးရှားအသင်းမှာမူ အိမ်ရှင်ဗီယက်နမ်ကို ကျော်ဖြတ်ကာ အုပ်စုပထမနေရာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်ခဲ့သော်လည်း ရှုံးပွဲမရှိဘဲ မလေးရှားနှင့် သြစတြေးလျကို နိုင်ကာ ဗီယက်နမ်နှင့် သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းသည် ၂၀၁၆ ခုနှစ်နောက်ပိုင်း လေးနှစ်ဆက်တိုက်တွေ့ဆုံခဲ့ပြီး ပြီးခဲ့သည့်သုံးကြိမ်တွင် မြန်မာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ၂၀၁၆ ပြိုင်ပွဲတွင် ခြောက်ဂိုး-သုံးဂိုး၊ ၂၀၁၇ ပြိုင်ပွဲတွင် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ၂၀၁၈ ပြိုင်ပွဲတွင် ငါးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။

ယခုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရသည့် သုံးသင်းမှာ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အာရှဖူဆယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည် ဖြစ်သည်။

ရဲရင့်ရှိုင်း

၂၀၂၀ ရာသီ လိဂ်ပြိုင်ပွဲများ ကျင်းပမည့်ရက်ထုတ်ပြန် စာ - ၁၂

ဆီးရီးယားစစ်ပွဲမှာ အမေရိကန်ရဲ့ ပါဝင်မှုကို အဆုံးသတ်ခဲ့ပြီ စာ - ၁၅

ဘူးသီးတောင်မြို့နယ်၌ တရားရုံးထုတ် အချုပ်ယာဉ်နှင့် လုံခြုံရေးယာဉ်တန်းအား AA အဖွဲ့က အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်၍ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ကျဆုံး စာ - ၂၀

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန် ဦးထွန်းနွယ်

ပညာရွှေရောင်လင်း
နေမင်းတံဆိပ်တော်

ဦးစီးတည်ထောင်သော
ပညာနန်းတော်
အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက်
ဘော်ဒါ ▸ ၈တန်း၊ ၉တန်း၊ ၁၀တန်း
(အတန်းငယ်များကို ဘော်ဒါလက်မခံပါ)
နေ့ကျောင်းကြီး ▸ KG မှ ဒသမတန်းထိ
(စောစောအပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။)

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

**အကျင့်စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေးသည် ပထမ** - ယနေ့ခေတ် လူငယ်များအတွက် အဓိက စိန်ခေါ်ချက် ဖြစ်သည်။ စာရိတ္တကောင်းမှ ပညာရေးကောင်းမည်။ တည်ထောင်သူ ဆရာကြီးများသည် မိမိတို့ ကိုယ်တိုင်လည်း အကျင့်စာရိတ္တ မြင့်မားတည်ကြည်မှုကို တန်ဖိုးထားပြီး၊ တပည့်များကိုလည်း ကောင်းစွာ ဆုံးမ လမ်းညွှန် လေ့ကျင့်ပေးပါသည်။

**ပညာရည်ထူးချွန်ထက်မြက်ရေးသည် အဓိက** - ပါမောက္ခကြီးများ၊ ရန်ကုန်မြို့တော်၏ နံပါတ်တစ် ကျူရှင်ဆရာကြီးများဖြင့် အခိုင်အမာဖွဲ့စည်းထားသည့် အကောင်းဆုံးပညာရေး အင်အားစုကြီး ဖြစ်သည်။ နေ့ကျောင်းကြီးနှင့်တကွ ကျူရှင်ချိန်များတွင်ပါ ဤဆရာကြီးများသာ သင်ကြားကြသည်။ နေ့စဉ် သင်ကြားရေး၊ လေ့ကျင့်ရေးနှင့် စစ်ဆေးရေးတို့ကို စည်းကမ်းတကျ စီမံချက်ချ၍ ဆောင်ရွက်သည်။ ထို့ကြောင့် နှစ်စဉ် အောင်ချက်ရာနှုန်းပြည့်နှင့် All-D များ၊ ဂုဏ်ထူးရှင်များစွာ ထွက်ရှိခဲ့ပါသည်။

**နေထိုင်မှုစားသောက်မှုအဆင့်ရှိရေးသည် ပဓာန** - နေ့ကျောင်းကြီးနှင့် ဘော်ဒါဆောင်ကို မနီးမဝေးနေရာ၌ သီးခြားထားရှိသည်။ ဘော်ဒါဆောင်များကို သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာ VIP-1 ရပ်ကွက်တွင် ကျောင်းသူသီးသန့်၊ ကျောင်းသားသီးသန့်၊ ၈-၉ တန်းသီးသန့်၊ ၁၀ တန်းသီးသန့်၊ သီးခြားခြံဝင်းကျယ်၊ သီးခြား ၂ ထပ်တိုက်၊ သီးခြား စာသင်စာကျက်ခန်းမ၊ အခန်းတိုင်းမှာ အဲယားကွန်း၊ ၂၄ နာရီ လျှပ်စစ်မီး၊ အဝီစိရေနှင့် အဆင့်မြင့်နေထိုင်မှုဖြစ်သည်။ အထူးသဖြင့် ကျောင်းသူဆောင်ကို ဆရာကြီးဦးထွန်းနွယ်၏ဇနီး ဆရာမကြီးဒေါ်မြင့်မြင့်ကြည် (အ.ထ.ပြ-ငြိမ်း)ကိုယ်တိုင် အတူနေထိုင်၍ အုပ်ချုပ်ပါသည်။ စားလို့မြိန်သော စေတနာကောင်းတဲ့ အိမ်ထမင်း၊ အိမ်ဟင်းကို သန့်သန့်ရှင်းရှင်း ချက်ပြုတ် ပြင်ဆင်ကျွေးမွေးပါသည်။

**ငွေရေး ကြေးရေးသည် သာမည** - ဘော်ဒါချင်းယှဉ်လျှင် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်စေရမည်ဟု အာမခံသည်။ ငွေကြေးကိုမူ အသက်သာဆုံးနှင့် အဆင်အပြေဆုံးဖြစ်စေရန် အထူးစီစဉ်ထားပါသည်။ (၄-ရစ်ခွဲ၍ ပေးသွင်းရပါမည်။)

pnndschool

ခြံအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577605, 09 9700 63463